# မန္တလေးတိုင်းဒေသကြီးအစိုးရ
# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# မန္တလေးမြို့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# နည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်

02/D/Law/MCDC Rules 11-3-2015/01 Hackney Rules(1)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အငှားယာဉ်ဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

02/D/Law/MCDC Rules 11-3-2015/01 Hackney Rules(2)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ  အငှားယာဉ်ဆိုင်ရာနည်းဥပဒေများ

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁) ၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) ၊ အငှားယာဉ် ဆိုက်ကား၊မြင်းလှည်းများမှတ်ပုံတင်ခြင်း | ၂ |
| ၃။ | အခန်း(၃) ၊ အငှားယာဉ် လက်တွန်းလှည်းများမှတ်ပုံတင်ခြင်း | ၃ |
| ၄။ | အခန်း(၄) ၊ စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း | ၃ |
| ၅။ | အခန်း(၅) ၊ အယူခံဝင်ခြင်း | ၄ |
| ၆။ | အခန်း(၆) ၊ အထွေထွေ | ၅ |


02/D/Law/MCDC Rules 11-3-2015/01 Hackney Rules(3)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အနေးယာဉ်ဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၄ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အနေးယာဉ်ဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ဆိုသည်။

(ခ) **အနေးယာဉ်** ဆိုသည်မှာ လူကိုဖြစ်စေ၊ ကုန်ပစ္စည်းကိုဖြစ်စေ၊ ယင်းနှစ်ရပ်လုံးကို ဖြစ်စေ၊ သယ်ယူပို့ဆောင်ပေးရန် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကိုဆိုသည်။

(ဂ) **အနေးယာဉ်မောင်းသူ** ဆိုသည်မှာ အနေးယာဉ်ကိုနင်းသူ၊ တွန်းသူ၊ ဆွဲသူ သို့မဟုတ် မောင်းသူကိုဆိုသည်။

(ဃ) **အနေးယာဉ်မှတ်ပုံတင်စာအုပ်** ဆိုသည်မှာ အနေးယာဉ်အဖြစ် မှတ်ပုံတင်ခွင့်ပြုထားသည့် အနေးယာဉ်တစ်မျိုးမျိုးအတွက် ဤနည်းဥပဒေများအရထုတ်ပေးသော စာအုပ်ကိုဆိုသည်။

(င) **လိုင်စင်** ဆိုသည်မှာ အနေးယာဉ်မောင်းသူအဖြစ်ဆောင်ရွက်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးသော လိုင်စင်ကိုဆိုသည်။

(စ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့် သက်ဆိုင်ရာဌာနကိုဆိုသည်။

02/D/Law/MCDC Rules 11-3-2015/01 Hackney Rules(4)

## အခန်း(၂)
## အနေးယာဉ် ဆိုက်ကား၊မြင်းလှည်းများမှတ်ပုံတင်ခြင်း

၃။ မြို့တော်နယ်နိမိတ်အတွင်း အနေးယာဉ်တည်ထောင်လိုသူသည် အနေးယာဉ်မှတ်ပုံတင်စာအုပ်ရရှိရန် ဌာနသို့လျှောက်ထားရမည်။

၄။ ဌာနမှူးသည် နည်းဥပဒေ ၃ အရလျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အနေးယာဉ်မှတ်ပုံတင်စာအုပ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅။ အနေးယာဉ်မှတ်ပုံတင်စာအုပ်သက်တမ်းသည် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက်သာဖြစ်သည်။

၆။ အနေးယာဉ်မှတ်ပုံတင်စာအုပ်ရရှိသူသည် အနေးယာဉ်မှတ်ပုံတင်စာအုပ်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။

၇။ မြို့တော်နယ်နိမိတ်အတွင်း အနေးယာဉ်မောင်းနှင်လိုသူသည် လိုင်စင်ရရှိရန် ဌာနသို့လျှောက်ထားရမည်။

၈။ ဌာနမှူးသည် နည်းဥပဒေ ၇ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီက သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၉။ လိုင်စင်သက်တမ်းသည် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက်သာဖြစ်သည်။

၁၀။ လိုင်စင်ရရှိသူသည် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

၁၁။ အနေးယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ရရှိသူသည် သက်တမ်းကုန်ဆုံးပြီးနောက် အနေးယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်၏သက်တမ်းကိုတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

၁၂။ ဌာနမှူးသည် နည်းဥပဒေ ၁၁ အရလျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီ၏ သဘောတူညီချက်ဖြင့် အနေးယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ကို သက်တမ်းတိုးမြှင့်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၃။ အနေးယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ရရှိသူသည် နည်းဥပဒေ ၁၁ နှင့်အညီ သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားခဲ့ပြီးဖြစ်လျှင် ငြင်းပယ်ခြင်းမခံရမီအချိန်အထိ လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။

၁၄။ (က) အနေးယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ပျောက်ဆုံးလျှင်ဖြစ်စေ၊ ပျက်စီးလျှင်ဖြစ်စေ မိတ္တူမှန်ရရှိလိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဌာနသို့လျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရလျှောက်ထားချက်ကိုစိစစ်၍ စည်းကမ်းချက်ပါ ဒဏ်ကြေးငွေကိုပေးသွင်းစေပြီး အနေးယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင် မိတ္တူမှန်ကို လျှောက်ထားသူအားထုတ်ပေးရမည်။

၁၅။ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ဤနည်းဥပဒေအခန်း(၂)အရ မှတ်ပုံတင်သက်တမ်းတိုး ဆောင်ရွက်ခြင်းမရှိသည့်အနေးယာဉ်များအား သက်ဆိုင်သည့်ဘဏ္ဍာရေးနှစ်ကျော်လွန်ပါက မှတ်ပုံတင်စာရင်းမှပယ်ဖျက်နိုင်သည်။

## အခန်း(၃)
## အနေးယာဉ် လက်တွန်းလှည်းများမှတ်ပုံတင်ခြင်း

၁၆။ မြို့တော်နယ်နိမိတ်အတွင်း အနေးယာဉ် လက်တွန်းလှည်းဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူသည် အနေးယာဉ်မှတ်ပုံတင်နံပါတ်ရရှိရန် ဌာနသို့လျှောက်ထားရမည်။

၁၇။ အနေးယာဉ် လက်တွန်းလှည်းများအား တစ်နှစ်တစ်ကြိမ်မှတ်ပုံတင်ဆောင်ရွက်ရာ၌ လျှောက်ထားသူသို့ အနေးယာဉ်မှတ်ပုံတင်နံပါတ်ပြားကို သတ်မှတ်နှုန်းထားဖြင့် ထုတ်ပေးပြီး လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၈။ အနေးယာဉ် လက်တွန်းလှည်းများ၏မှတ်ပုံတင်သက်တမ်းသည် ဘဏ္ဍာရေးနှစ်တစ်နှစ် အတွက်သာဖြစ်သည်။

၁၉။ အနေးယာဉ် လက်တွန်းလှည်းနံပါတ်ရရှိသူသည် နံပါတ်ပြားပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် အသစ်ထပ်မံရရှိလိုပါက ဌာနသို့လျှောက်ထားရမည်။

## အခန်း(၄)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ ဌာနသည် အနေးယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ် ကိုဖြစ်စေ၊ကော်မတီ၏ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သူအား စုံစမ်း စစ်ဆေး၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) အနေးယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ကိုယာယီရပ်ဆိုင်းခြင်း၊ သိမ်းဆည်းထားခြင်း၊

02/D/Law/MCDC Rules 11-3-2015/01 Hackney Rules(6)

(ဃ) အငှားယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ကိုပယ်ဖျက်ခြင်း၊

(င) အငှားယာဉ်အား သိမ်းဆည်းခြင်း။

၂၁။ (က) နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ဂ)အရ အငှားယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်းခံရသူသည် ယင်းယာယီရပ်ဆိုင်းကာလကုန်ဆုံးသည့်အခါ အငှားယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ပြန်လည်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားနိုင်သည်။

(ခ) ဌာနသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ဝန်ခံချက်ပြုစေ၍ အငှားယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်ကိုပြန်လည်ထုတ်ပေးနိုင်သည်။

၂၂။ အငှားယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းကို စစ်ဆေးတွေ့ရှိပါက အောက်ပါနည်းလမ်းအတိုင်းအရေးယူဆောင်ရွက်နိုင်သည်-

(က) မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သော အငှားယာဉ် ဆိုက်ကား၊ မြင်းလှည်းများအား စီမံခန့်ခွဲရေးနည်းလမ်းအရသတ်မှတ်ဒဏ်ကြေးငွေတပ်ရိုက်၍ သက်တမ်းတိုးဆောင်ရွက်စေခြင်း၊

(ခ) မှတ်ပုံတင်နံပါတ်ပြားမရှိသော အငှားယာဉ် လက်တွန်းလှည်းလုပ်ငန်းလုပ်ကိုင်သူများအားသတ်မှတ်ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊မှတ်ပုံတင်နံပါတ်ပြားပြုလုပ်ပေးခြင်း၊

(ဂ) လိုင်စင်ပြုလုပ်ထားခြင်းမရှိသော သို့မဟုတ် လိုင်စင်သက်တမ်းတိုးရန် ပျက်ကွက်သော အငှားယာဉ်မောင်းသူကို စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ဒဏ်ကြေးငွေ တပ်ရိုက်၍ လိုင်စင်ပြုလုပ်ပေးခြင်း။

၂၃။ ဌာနသည်မြို့တော်နယ်နိမိတ်အတွင်း အငှားယာဉ် လက်တွန်းလှည်းများကို ဈေးဆိုင်အဖြစ် အသုံးပြု၍တစ်နေရာတည်း၌ တည်ခင်းရောင်းချသူကို စစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

## အခန်း(၅)
## အယူခံဝင်ခြင်း

၂၄။ (က) ဤနည်းဥပဒေအရ ချမှတ်သည့်စီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက်ကို မကျေနပ်ပါက ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ကော်မတီသို့အယူခံဝင်နိုင်သည်။

(ခ) ကော်မတီ၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

02/D/Law/MCDC Rules 11-3-2015/01 Hackney Rules(7)

## အခန်း(၆)

## အထွေထွေ

၂၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အငှားယာဉ်မောင်းနှင်ပြေးဆွဲခွင့် မပြုသည့် နယ်မြေများ၊ လမ်းများ၊ အချိန်နှင့် စခန်းချရပ်နားရန်နေရာများကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၆။ ကော်မတီသည် အငှားယာဉ်မှတ်ပုံတင်ခြင်း၊အမည်ပြောင်းမှတ်ပုံတင်ခြင်း၊လိုင်စင်ထုတ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ အငှားယာဉ်မှတ်ပုံတင်ကြေး၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးငွေတို့ကိုသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊စည်းကမ်းဖောက်ဖျက်သည့်အငှားယာဉ်များအား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်းတို့ကိုပြုနိုင်သည်။

၂၇။ ကော်မတီသည် ဤနည်းဥပဒေများအရဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၈။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၉။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

02/D/Law/MCDC Rules 11-3-2015/01 Hackney Rules(8)

## အနေးယာဉ်ဆိုင်ရာနည်းဥပဒေများတွင် ထပ်မံထည့်သွင်းချက်များ

**ပုဒ်မ ၁၅ ။** သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိသည့် အနေးယာဉ်(ဆိုက္ကား၊ မြင်းလှည်း)များအား သက်ဆိုင်သည့် ဘဏ္ဍာရေးနှစ်အတွင်း သက်တမ်းတိုး ဆောင်ရွက်ရန် စောင့်ဆိုင်းခွင့်ပြုနိုင်ပြီး သက်ဆိုင်သည့် ဘဏ္ဍာရေးနှစ်ကျော်လွန်ပါက မှတ်ပုံတင် စာရင်းမှပယ်ဖျက်နိုင်သည်။

**ရှင်းလင်းချက်။ လာရောက်သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိသည့် အနေးယာဉ်(ဆိုက္ကား၊ မြင်းလှည်း)များအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် ထည့်သွင်းခြင်းဖြစ်ပါသည်။**

**ပုဒ်မ ၂၅ ။** အနေးယာဉ်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခြင်းကို စစ်ဆေးတွေ့ရှိပါက ဌာနမှူး သို့မဟုတ် ဌာနမှူးက တာဝန်ပေးအပ်ထားသော အရာရှိသည် အောက်ပါနည်းလမ်းအတိုင်းအရေးယူဆောင်ရွက်နိုင်သည်-

(က) နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သော အနေးယာဉ်(ဆိုက္ကား၊ မြင်းလှည်း)များအား စီမံခန့်ခွဲရေး နည်းလမ်းအရသတ်မှတ် ဒဏ်ကြေးငွေတပ်ရိုက်၍ သက်တမ်းတိုးဆောင်ရွက်စေခြင်း၊

(ခ) အနေးယာဉ်မှတ်ပုံတင်လက်မှတ်ပြုလုပ်ထားခြင်းမရှိသော အနေးယာဉ်(ဆိုက္ကား၊ မြင်းလှည်း)များအား စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ အနေးယာဉ် ဆိုက္ကား သို့မဟုတ် မြင်းလှည်း(တိရစ္ဆာန်မပါ)ကို ကာလအကန့်အသတ်ဖြင့် ဌာနတွင်သိမ်းဆည်းထားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အား တတိယအကြိမ်ထိ ထပ်မံဖောက်ဖျက်ကျူးလွန်ပါက အနေးယာဉ်(ဆိုက္ကား၊မြင်းလှည်း)အား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်း၊

(ဃ) မှတ်ပုံတင်နံပါတ်ပြားမရှိသော အနေးယာဉ်(လက်တွန်းလှည်း)များအား သတ်မှတ် ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ မှတ်ပုံတင်နံပါတ်ပြားပြုလုပ်ပေးခြင်း၊

(င) လိုင်စင်ပြုလုပ်ထားခြင်းမရှိသော သို့မဟုတ် လိုင်စင်သက်တမ်းတိုးရန်ပျက်ကွက် သော အနေးယာဉ်မောင်းသူကို စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ဒဏ်ကြေးငွေ တပ်ရိုက်၍ လိုင်စင်ပြုလုပ်ပေးခြင်း။

**ရှင်းလင်းချက်။ အနေးယာဉ်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းကိုစစ်ဆေးတွေ့ရှိပါက အရေးယူဆောင်ရွက်မည့်နည်းလမ်းများကို ထည့်သွင်းခြင်းဖြစ်ပါသည်။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဆိုင်ရာနည်းဥပဒေများ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အခန်း(၁) ၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) ၊ စည်ပင်သာယာဈေးလုပ်ငန်းများကို ကြီးကြပ်ခြင်း | ၃ |
| ၃။ | အခန်း(၃) ၊ လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း | ၄ |
| ၄။ | အခန်း(၄) ၊ ခွင့်ပြုချက်ဆိုင်ရာကိစ္စရပ်များ | ၆ |
| ၅။ | အခန်း(၅) ၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၇ |
| ၆။ | အခန်း(၆) ၊ တားမြစ်ချက်များနှင့် အရေးယူခြင်း | ၉ |
| ၇။ | အခန်း(၇) ၊ အထွေထွေ | ၁၀ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၅ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **စည်ပင်သာယာဈေး** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကဖွင့်လှစ် ထားသော အများပြည်သူဆိုင်ရာဈေးကိုဆိုသည်။

(ခ) **ဆိုင်ငှား** ဆိုသည်မှာ စည်ပင်သာယာဈေးအတွင်းရှိ ဆိုင်ခန်းတွင်သတ်မှတ်သည့် ကုန်ပစ္စည်းများရောင်းချနိုင်ရန် ကော်မတီကအငှားချထားခြင်း ခံရသူကိုဆိုသည်။ ယင်းစကားရပ်တွင် ဆိုင်ခန်းကိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ဆိုင်ငှားထံမှ တစ်နည်း နည်းဖြင့်လွှဲပြောင်း လက်ခံရရှိသူလည်း ပါဝင်သည်။

(ဂ) **ဆိုင်ခန်းငှားရမ်းခ** ဆိုသည်မှာ ဆိုင်ခန်းအား အငှားချထားပေးခြင်းအတွက် ဆိုင်ငှားက ကော်မတီသို့ ပေးဆောင်ရမည့်အခကြေးငွေကိုဆိုသည်။

(ဃ) **ဆိုင်ခွန်ဆိုင်ခ** ဆိုသည်မှာလစဉ် သို့မဟုတ် အခါအားလျော်စွာ သတ်မှတ် သည့်ကာလအတွက် ဆိုင်ငှားကကော်မတီသို့ ပေးဆောင်ရမည့် အခကြေးငွေနှင့် သန့်ရှင်းရေးဆောင်ရွက်မှု၊ လျှပ်စစ်၊ ရေသုံးစွဲမှုနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ အတွက်ကောက်ခံသည့်အခကြေးငွေကိုဆိုသည်။

Market-03/2015//MCDC By Law 1

(င) **အကူဈေးသည်** ဆိုသည်မှာ ဆိုင်ဌားက ဆိုင်ခန်းတွင် ၎င်း၏ကိုယ်စားဆောင်ရွက်ရန် ဖြစ်စေ၊ ကူညီရောင်းချရန်ဖြစ်စေ တာဝန်ပေးအပ်ထားသူကိုဆိုသည်။

(စ) **အိမ်မွေးတိရစ္ဆာန်** ဆိုသည်မှာ နေအိမ်တွင် မွေးမြူရန်အလို့ငှာ လက်ဝယ်ထားရှိသော ခွေး၊ ကြောင်၊ မျောက်၊ ယုန်၊ ပူး၊ ငှက်နှင့် အလှမွေးငါးအမျိုးမျိုးစသည်တို့ကို ဆိုသည်။ယင်းစကားရပ်တွင် ကော်မတီက အခါအားလျော်စွာသတ်မှတ်သည့် အိမ်မွေးတိရစ္ဆာန်လည်းပါဝင်သည်။

(ဆ) **ကိုယ်ပိုင်ဈေး** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ဈေးအဖြစ်အသုံးပြုရန် ကော်မတီထံမှ လိုင်စင်ရယူ၍ဖွင့်လှစ်သော ပုဂ္ဂလိကဆိုင်ရာဈေးကိုဆိုသည်။

(ဇ) **ကုန်တိုက်** ဆိုသည်မှာ တစ်ထပ်လျှင်ဧရိယာအကျယ်အဝန်း စတုရန်းပေ(၁၀၀၀)နှင့် အထက်ရှိသော အဆောက်အအုံတွင် ကုန်ပစ္စည်းများရောင်းချသည့် ဆိုင်နှင့် ဝန်ဆောင်မှုပေးသည့်ဆိုင်များကိုဆိုသည်။

(ဈ) **ကုန်ပဒေသာဆိုင်** ဆိုသည်မှာ တစ်ထပ်လျှင် ဧရိယာအကျယ်အဝန်းစတုရန်းပေ (၁၀၀၀)အောက်ရှိသောအဆောက်အအုံတွင် ကုန်ပစ္စည်းများရောင်းချသည့်ဆိုင်နှင့် ဝန်ဆောင်မှုပေးသည့်ဆိုင်များကိုဆိုသည်။

(ည) **ကွမ်းယာဆိုင်** ဆိုသည်မှာ ကွမ်းယာကိုဖြစ်စေ၊ ကွမ်းယာနှင့်လူသုံးကုန်ပစ္စည်းကို ဖြစ်စေ တွဲဖက်ရောင်းချသည့်ဆိုင်ကိုဆိုသည်။

(ဋ) **အိမ်ဆိုင်** ဆိုသည်မှာ နေအိမ်ဥပစာကို တစ်နည်းနည်းအသုံးပြု၍ ကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်ကိုဆိုသည်။

(ဌ) **နံရံကပ်ဆိုင်** ဆိုသည်မှာ အဆောက်အအုံတစ်ခုခု၏ နံရံနှင့်ကပ်လျက် ကုန်ပစ္စည်း များ ရောင်းချသည့်ဆိုင်ကိုဆိုသည်။

(ဍ) **လှေကားခွင်ဆိုင်** ဆိုသည်မှာ အဆောက်အအုံတစ်ခုခုရှိ လှေကားအနီးတစ်ဝိုက်တွင် ဖွင့်လှစ်သောဆိုင်ကိုဆိုသည်။

(ဎ) **ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်း** ဆိုသည်မှာ ယာဉ်တစ်မျိုးမျိုးကိုအသုံးပြု၍ ကုန်ပစ္စည်းများလှည့်လည်ကြော်ငြာရောင်းချခြင်းကိုဆိုသည်။

(ဏ) **လိုင်စင်** ဆိုသည်မှာ ကိုယ်ပိုင်ဈေး၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်တစ်ခုခုကို ဖွင့်လှစ်ခွင့်ပြုသော လိုင်စင်ကိုဆိုသည်။

(တ) **ခွင့်ပြုချက်** ဆိုသည်မှာ ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်း၊ ကွမ်းယာဆိုင်၊ အိမ်ဆိုင်၊ နံရံကပ်ဆိုင် သို့မဟုတ် လှေကားခွင်ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးသောခွင့်ပြုချက်ကိုဆိုသည်။

(ထ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့် သက်ဆိုင်ရာဌာနကိုဆိုသည်။

## အခန်း(၂)
## စည်ပင်သာယာဈေးလုပ်ငန်းများကို ကြီးကြပ်ခြင်း

၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း-

(က) ဈေးသစ်ဆောက်လုပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ပြုပြင်တိုးချဲ့ခြင်း၊ ဈေးပိတ်သိမ်းခြင်း၊ ဆိုင်ခန်းအငှားချထားခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) အဆောက်အအုံအမျိုးအစား၊ အကျယ်အဝန်းနှင့် အခွန်ကောက်ခံရရှိမှုအခြေအနေတို့အပေါ် မူတည်၍ စည်ပင်သာယာဈေးများကို အဆင့်ခွဲခြားသတ်မှတ်နိုင်သည်။

၄။ ကော်မတီသည် ဆိုင်ငှားကဆိုင်ခန်းကိုတစ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၅။ ဌာနမှူးသည် နည်းဥပဒေ ၄ အရ ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဆိုင်ခန်းကိုလွှဲပြောင်းလက်ခံရရှိသူထံမှ သတ်မှတ်ထားသည့် အခကြေးငွေကိုကောက်ခံပြီး အမည်ပြောင်းပေးနိုင်သည်။

၆။ ကော်မတီသည် ဈေးသူဈေးသားများ၏ဆန္ဒမဲစနစ်ဖြင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များအား ညွှန်ကြားချက်နှင့်အညီ ဖွဲ့စည်းပေးခြင်း၊ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၇။ ကော်မတီသည် စည်ပင်သာယာဈေးအတွင်းရှိ ဆိုင်ခန်းများအတွက် အခွန်အခတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

၈။ ဌာနမှူးသည် ကော်မတီကအငှားချထားသောဆိုင်ခန်းအတွက် အခွန်အခတို့ကို သတ်မှတ်ထားသည့်နှုန်းထားများအတိုင်း ဆိုင်ငှားထံမှ ကောက်ခံရမည်။

၉။ စည်ပင်သာယာဈေးသို့အိမ်မွေးတိရစ္ဆာန်ယူဆောင်လာသူသည် သတ်မှတ်သည့်နေရာတွင် ဝန်ဆောင်ခပေးသွင်း၍ အပ်နှံထားရမည်။

၁၀။ ဌာနမှူးသည် -

(က) စည်ပင်သာယာဈေးအတွင်း ခင်းကျင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို လိုက်နာခြင်းရှိမရှိ စစ်ဆေးနိုင်သည်။

(ခ) စည်ပင်သာယာဈေးများ၏လုံခြုံရေး၊ သန့်ရှင်းရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ စားသုံးသူကာကွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားအသုံးပြုမှု စနစ်တကျရှိစေရေးတို့ကို လိုအပ်သလိုစီမံဆောင်ရွက်ရမည်။

၁၁။ ကော်မတီသည် စည်ပင်သာယာဈေးအတွင်း အစိုးရကအသိအမှတ်ပြုထားသည့် စံချိန်ကိုက်အလေး၊ တင်းတောင်း၊ ချိန်ခွင်၊ ဒစ်ဂျစ်တယ်ကတ္တားနှင့်အတိုင်းအတာများမှန်ကန်စွာ အသုံးပြုစေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

၁၂။ ဆိုင်ငှားသည် ဈေးအတွင်းလျှပ်စစ်ဓာတ်အားဆက်သွယ်ခြင်း၊ လျှပ်စစ်အသုံးပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ရေသွယ်ယူခြင်းနှင့် တယ်လီဖုန်း သို့မဟုတ် အခြားဆက်သွယ်ရေးကိရိယာ တစ်မျိုးမျိုးတပ်ဆင်ခြင်းတို့ကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်လိုပါက ဌာနမှူး၏ခွင့်ပြုချက်ရရှိပြီးမှသာ ဆောင်ရွက်ရမည်။

## အခန်း(၃)
## လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၁၃။ မြို့တော်နယ်နိမိတ်အတွင်း ကိုယ်ပိုင်ဈေး၊ ကုန်တိုက် သို့မဟုတ် ကုန်ပဒေသာဆိုင် ဖွင့်လှစ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

၁၄။ ဌာနမှူးသည် နည်းဥပဒေ ၁၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ (က) ကိုယ်ပိုင်ဈေးဖွင့်လှစ်ခြင်းလုပ်ငန်း၏လိုင်စင်သက်တမ်းသည် ဘဏ္ဍာရေးနှစ်(၃)နှစ် ဖြစ်သည်။

(ခ) ကုန်တိုက် သို့မဟုတ် ကုန်ပဒေသာဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်း၏ လိုင်စင်သက်တမ်းသည် ဘဏ္ဍာရေးနှစ်(၂)နှစ်ဖြစ်သည်။

၁၆။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) ကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို လိုက်နာရမည်။

၁၇။ ကော်မတီသည်-

(က) ကိုယ်ပိုင်ဈေး၊ ကုန်တိုက်နှင့်ကုန်ပဒေသာဆိုင်များဖွင့်လှစ်ခြင်း လုပ်ငန်းများကို ကြီးကြပ်ရမည်။

( ခ ) အခွန်အခနှင့်ဒဏ်ကြေးငွေတို့ကိုသတ်မှတ်နိုင်ရန်ကိုယ်ပိုင်ဈေး၏ အကျယ်အဝန်း၊ အဆောက်အအုံ၊ အမျိုးအစား၊ ရောင်းဝယ်ဖောက်ကားမှု အခြေအနေတို့ကို ထောက်ရှု၍ ကိုယ်ပိုင်ဈေးများကို အဆင့်ခွဲခြားသတ်မှတ်နိုင်သည်။

၁၈။ လိုင်စင်ရရှိသူသည် ကိုယ်ပိုင်ဈေး၊ ကုန်တိုက် သို့မဟုတ် ကုန်ပဒေသာဆိုင်၏ -

(က) အဆောက်အအုံခိုင်ခံ့ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို တာဝန်ယူရမည်။

( ခ ) လုံခြုံရေး၊ သန့်ရှင်းရေး၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် အထွေထွေ စီမံခန့်ခွဲရေးတို့အတွက် ကော်မတီကသတ်မှတ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ရမည်။

( ဂ ) ပတ်ဝန်းကျင်တွင် လိုအပ်ပါက ယာဉ်ရပ်နားရန်နေရာများ စီမံထားရှိရမည်။

၁၉။ (က) လိုင်စင်ရရှိသူသည် ကိုယ်ပိုင်ဈေး၊ ကုန်တိုက် သို့မဟုတ် ကုန်ပဒေသာဆိုင်နှင့် စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်နေရာပြောင်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းပြုလုပ်လိုပါက ဌာနသို့လျှောက်ထားရမည်။

( ခ ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ကော်မတီ၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၀။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း (၃၀)ကြိုတင်၍ ဌာနသို့လျှောက်ထားရမည်။

၂၁။ ဌာနမှူးသည် နည်းဥပဒေ ၂၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီ၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၂။ လိုင်စင်ရရှိသူသည် နည်းဥပဒေ ၂၀ နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခဲ့ပြီးဖြစ်လျှင် ငြင်းပယ်ခြင်းမခံရမီအချိန်အထိ လုပ်ငန်းကိုဆက်လက် လုပ်ကိုင်ခွင့်ရှိသည်။

၂၃။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် လိုင်စင်မိတ္တူမှန်ရရှိလိုပါကခိုင်လုံသော အထောက်အထားပူးတွဲ၍ ဌာနသို့လျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်၍ ဒဏ်ကြေးငွေ ပေးသွင်းစေပြီး သက်ဆိုင်ရာလိုင်စင်မိတ္တူမှန်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၄။ ကော်မတီသည် စည်ပင်သာယာဈေး၊ ကုန်တိုက်နှင့် ကုန်ပဒေသာဆိုင်များတွင် ရောင်းချသည့် အစားအသောက်နှင့် ဆေးဝါးများကို ကျန်းမာရေးနှင့်ညီညွတ်မှုရှိမရှိစစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၄)
## ခွင့်ပြုချက်ဆိုင်ရာကိစ္စရပ်များ

၂၅။ မြို့တော်နယ်နိမိတ်အတွင်း ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်း၊ ကွမ်းယာဆိုင်နှင့်အိမ်ဆိုင်များဖွင့်လှစ်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

၂၆။ ဌာနမှူးသည် နည်းဥပဒေ ၂၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး ကော်မတီ၏ သဘောတူညီချက်ဖြင့် ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၇။ ကော်မတီသည် ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်း၊ ကွမ်းယာဆိုင်နှင့် အိမ်ဆိုင်များဖွင့်လှစ်ခြင်း လုပ်ငန်းများကို ကြီးကြပ်ရမည်။

၂၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် အသုံးပြုရမည့်ယာဉ်အမျိုးအစားနှင့် ယာဉ်အရွယ်အစား၊ ရောင်းချရမည့် ကုန်အမျိုးအစား၊ ရောင်းချရန်ခွင့်ပြုသည့်နယ်မြေ၊ အချိန်နှင့် ရောင်းချရာတွင်အသုံးပြုမည့် အသံချဲ့စက်၏အသံအား၊ အရွယ်အစားနှင့် အခြားလိုအပ်သည့်စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

Market-03/2015//MCDC By Law 1

၂၉။ ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသူသည် ယာဉ်အမျိုးအစားပြောင်းလဲခြင်း၊ ရောင်းကုန်ပစ္စည်းအမျိုးအစားပြောင်းလဲခြင်းနှင့် ရောင်းချမည့်နယ်မြေပြောင်းလဲခြင်းများကို ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၀။ ဌာနမှူးသည် မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကသတ်မှတ်သည့် နယ်မြေတွင် အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကိုဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်-

(က) နံရံကပ်ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်း၊

(ခ) လှေကားခွင်ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်း။

၃၁။ ခွင့်ပြုချက်ရရှိသူသည်-

(က) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။

(ခ) ကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၃၂။ ကော်မတီသည် လှည့်လည်ရောင်းချသည့် ယာဉ်၊ ကွမ်းယာဆိုင်၊ အိမ်ဆိုင်၊ နံရံကပ်ဆိုင်နှင့် လှေကားခွင်ဆိုင်များတွင် ခင်းကျင်းရောင်းချသည့် အစားအသောက်၊ ဆေးဝါးများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိမရှိစစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အဖွဲ့နှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၅)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၃။ ကော်မတီသည် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ကျူးလွန်သောဆိုင်ငှား သို့မဟုတ် အကူဈေးသည်တို့အား လိုအပ်ပါကစုံစမ်းစစ်ဆေးစေ၍ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) ဆိုင်ခန်းအား ကာလအကန့်အသတ်ဖြင့်ပိတ်ထားခြင်း၊

(ဃ) ဆိုင်ခန်းအား ပြန်လည်သိမ်းယူခြင်း။

Market-03/2015//MCDC By Law 1

၃၄။ (က) နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ(ဂ)အရ ဆိုင်ခန်းအား ကာလအကန့်အသတ်ဖြင့် ပိတ်ထားခြင်းခံရသူသည် ပိတ်ထားခြင်းခံရသည့်ကာလကုန်ဆုံးသည့်အခါ ဆိုင်ခန်း ပြန်လည်ဖွင့်လှစ်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့ လျှောက်ထား နိုင်သည်။

(ခ) ဌာနမှူးသည် ကာလအကန့်အသတ်ဖြင့် ပိတ်ထားခြင်းခံရသည့်ဆိုင်ခန်းကိုပြန်လည် ဖွင့်လှစ်ခွင့်ရရှိရန် ဆိုင်ငှားကလျှောက်ထားလာလျှင် ယခင်ဖောက်ဖျက်ကျူးလွန် ခဲ့သည့် စည်ပင်သာယာဈေးစည်းကမ်းချက်များကို ထပ်မံဖောက်ဖျက်ကျူးလွန် ခြင်း မပြုပါဟု ဆိုင်ငှားအား ဝန်ခံကတိပြုစေပြီးလျှင် ကာလအကန့်အသတ် ဖြင့် ပိတ်ထားသည့်ကာလအတွက် ဆိုင်ခွန်ဆိုင်ခများကို ပေးဆောင်စေလျက် ကော်မတီ၏ သဘောတူညီချက်ဖြင့် ဆိုင်ခန်းကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်သည်။

(ဂ) ကော်မတီသည်နည်းဥပဒေခွဲ(ခ)အရ ဆိုင်ခန်းအားပြန်လည်ဖွင့်လှစ်ခွင့်ပြုပြီးနောက် ယခင် ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်ပင်သာယာဈေးစည်းကမ်းချက်တစ်ရပ် ရပ်ကိုဆိုင်ငှား သို့မဟုတ် အကူဈေးသည်က ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ယင်းဆိုင်ခန်းကို ပြန်လည်သိမ်းယူနိုင်သည်။

၃၅။ ကော်မတီသည် သတ်မှတ်သည့်ဆိုင်ခန်းငှားရမ်းခ သို့မဟုတ် ဆိုင်ခွန်ဆိုင်ခကိုပေးသွင်းရန် (၃)လတစ်ဆက်တည်းပျက်ကွက်သော ဆိုင်ငှား၏ဆိုင်ခန်းကို ပြန်လည်သိမ်းယူနိုင်သည်။

၃၆။ ကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီ၏ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖောက်ဖျက်သောလိုင်စင် သို့မဟုတ် ခွင့်ပြုချက် ရရှိသူအား လိုအပ်ပါက စုံစမ်းစစ်ဆေးစေ၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုပယ်ဖျက်ခြင်း။

၃၇။ နည်းဥပဒေ ၃၆၊ နည်းဥပဒေခွဲ(ဂ)အရ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့် အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသူသည် ယင်းရပ်ဆိုင်းကာလကုန်ဆုံးသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုပြန်လည်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဌာနသို့ လျှောက်ထား နိုင်သည်။

Market-03/2015/MCDC By Law 1

၃၈။ ဌာနမှူးသည်-

(က) နည်းဥပဒေ ၃၇ အရ လိုင်စင်ပြန်လည်ရရှိရန်လျှောက်ထားခြင်းဖြစ်ပါက ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ခြင်းမပြုပါဟု လိုင်စင်ရထားသူအား ဝန်ခံကတိပြုစေပြီး ရပ်ဆိုင်းသည့်ကာလအတွက် အခကြေးငွေများကို ပေးသွင်းစေလျက် ကော်မတီ၏ သဘောတူညီချက်ဖြင့် လိုင်စင်ကိုပြန်လည်ထုတ်ပေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ထုတ်ပေးသောလိုင်စင်ကို ပြန်လည်ရရှိသူကယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကိုထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ကော်မတီ၏သဘောတူညီချက်ဖြင့် လိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၃၉။ ကော်မတီသည် အမိန့်ချမှတ်ခြင်းခံရသူ၏ ရက်ပေါင်း(၃၀)အတွင်း တင်ပြလျှောက်ထားချက်အရသော်လည်းကောင်း၊ မိမိ၏ဆင်ခြင်တုံတရားအရသော်လည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းပြုနိုင်သည်။

## အခန်း(၆)
## တားမြစ်ချက်များနှင့် အရေးယူခြင်း

၄၀။ မည်သူမျှသက်ဆိုင်ရာစည်ပင်သာယာဈေးနှင့်ထိစပ်ဧရိယာများတွင် ခွင့်ပြုချက်မရရှိဘဲ ဈေးရောင်းချခြင်း၊ တည်ခင်းခြင်း၊ ပြသခြင်း၊ ကြော်ငြာခြင်း မပြုရ။

၄၁။ မည်သူမျှ စည်ပင်သာယာဈေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ-

(က) ယာယီ သို့မဟုတ် အမြဲတမ်းအဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

(ခ) တယ်လီဖုန်း သို့မဟုတ် အခြားဆက်သွယ်ရေးကိရိယာတစ်မျိုးမျိုး တပ်ဆင်ခြင်း မပြုရ။

၄၂။ မည်သူမဆို ဤနည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဤနည်းဥပဒေအခန်း(၅)ပါ စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူခြင်းခံရမည်။

Market-03/2015/MCDC By Law 1

## အခန်း(၇)

## အထွေထွေ

၄၃။ ဌာနမှူးသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်ကိုလည်းကောင်း၊ ကော်မတီ၏ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူက လိုက်နာဆောင်ရွက်ခြင်း ရှိမရှိသိရှိနိုင်ရန်နှင့် လိုအပ်သလိုအရေးယူ ဆောင်ရွက်နိုင်ရန် ကိုယ်ပိုင်ဈေး၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ ကွမ်းယာဆိုင်၊ အိမ်ဆိုင်၊ ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်းလုပ်ငန်း၊ နံရံကပ်ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းနှင့် လှေကားခွင်ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းများကို ကော်မတီ၏လမ်းညွှန်ကြီးကြပ်မှုဖြင့် အခါအားလျော်စွာ စစ်ဆေးနိုင်သည်။

၄၄။ ဌာနမှူးသည် မြို့တော်နယ်နိမိတ်အတွင်းရှိ စည်ပင်သာယာဈေးများ၊ အိမ်ဆိုင်များနှင့် လှည့်လည်ရောင်းချသည့်ယာဉ်များရှိ ဆိုင်းဘုတ်နှင့်ကြော်ငြာဆိုင်းဘုတ်များကို အတိုင်းအတာ အလိုက် သတ်မှတ်ထားသည့်အခွန်အခများ စည်းကြပ်ကောက်ခံနိုင်သည်။

၄၅။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားလွှဲအပ် ဆောင်ရွက်စေနိုင်သည်။

၄၆။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၇။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

Market-03/2015//MCDC By Law 1

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သားငါးရောင်းချခြင်းနှင့် သားသတ်ရုံများဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

Market-03/2015/MCDC By Law-2

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သားငါးရောင်းချခြင်းနှင့်သားသတ်ရုံများဆိုင်ရာ နည်းဥပဒေများ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ အခန်း(၁) ၊ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) ၊ | သားငါးနှင့် အသားများရောင်းချခြင်းနှင့်တိရစ္ဆာန်များ သတ်ဖြတ်မှုကိုစီမံခန့်ခွဲခြင်း | ၂ |
| ၃။ အခန်း(၃) ၊ | သားသတ်ရုံတည်ထောင်ခြင်း | ၆ |
| ၄။ အခန်း(၄) ၊ | လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း | ၇ |
| ၅။ အခန်း(၅) ၊ | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၈ |
| ၆။ အခန်း(၆) ၊ | တားမြစ်ချက်များနှင့် အရေးယူခြင်း | ၉ |
| ၇။ အခန်း(၇) ၊ | အထွေထွေ | ၉ |


Market-03/2015/MCDC By Law-2

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သားငါးရောင်းချခြင်းနှင့်သားသတ်ရုံများဆိုင်ရာ နည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၆ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သားငါးရောင်းချခြင်းနှင့် သားသတ်ရုံများဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသား** ဆိုသည်မှာ ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်တို့၏ အသားကိုဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ ကာကွယ်ထားသည့် တိရစ္ဆာန်များ မှအပ အခြားတိရစ္ဆာန်များ၏အသားလည်းပါဝင်သည်။

(ခ) **သားငါး** ဆိုသည်မှာ နည်းဥပဒေခွဲ(က)ပါ အသားအပြင် ကြက်၊ ဘဲ၊ ငှက်၊ ငုံး နှင့် ငါး၊ ပုဇွန်စသည့် ရေသတ္တဝါများ၏ အသားများလည်းပါဝင်သည်။

(ဂ) **အိမ်မွေးတိရစ္ဆာန်** ဆိုသည်မှာ ခွေး၊ ကြောင်၊ မျောက်၊ ယုန်၊ ပူး၊ ငှက် နှင့်အလှ မွေးငါးစသည်တို့ကိုဆိုလိုသည့်အပြင် ကော်မတီကအခါအားလျော်စွာ အိမ်မွေး တိရစ္ဆာန်ဟု သတ်မှတ်သည့် တိရစ္ဆာန်လည်းပါဝင်သည်။

(ဃ) **သားသတ်ရုံ** ဆိုသည်မှာ ကျွဲ ၊နွား ၊ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငှက်နှင့်ငုံး များအား သတ်ဖြတ်၍ အသားထုတ်လုပ်ရန် မန္တလေးမြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်တည်ထောင်ထားသည့် နေရာကိုဆိုသည်။

Market-03/2015/MCDC By Law-2

(င) **စစ်ဆေးရေးဝန်ထမ်း** ဆိုသည်မှာ ကော်မတီ သို့မဟုတ် ဌာနက မန္တလေးမြို့တော်နယ်နိမိတ်အတွင်း သားငါးရောင်းချခြင်းနှင့် သားသတ်ရုံများဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းကိုဆိုသည်။

(စ) **သားငါးလိုင်စင်** ဆိုသည်မှာ မြို့တော်စည်ပင်သာယာရေးဥပဒေနှင့် အကျုံးဝင်သည့် သားငါးလုပ်ငန်းတစ်ရပ်ရပ်နှင့်ပတ်သက်၍ ကော်မတီကထုတ်ပေးသည့် ခွင့်ပြုချက်လိုင်စင်ကိုဆိုသည်။

(ဆ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့် ဌာနကိုဆိုသည်။

## အခန်း(၂)
## သားငါးနှင့် အသားများရောင်းချခြင်းနှင့်တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၃။ ကော်မတီသည် မန္တလေးမြို့တော်နယ်နိမိတ်အတွင်း -

(က) အများပြည်သူစားသုံးနိုင်ရန် သန့်ရှင်းလတ်ဆတ်သော သားငါးများ ထုတ်လုပ်ရေး စည်းကမ်းများကို သတ်မှတ်ရမည်။

(ခ) သားငါးရောင်းချခြင်းကိုဖြစ်စေ၊ လိုင်စင်ဖြင့်သားငါးရောင်းချခြင်း လုပ်ငန်းကို ဖြစ်စေ၊နေအိမ်ဥပစာ သို့မဟုတ် နေအိမ်ဝင်းအတွင်း သို့မဟုတ် ဈေးများအတွင်း၌ စည်းကမ်းချက်သတ်မှတ်၍ ခွင့်ပြုချက်လိုင်စင်ထုတ်ပေးနိုင်သည်။

(ဂ) သားငါးတင်ယာဉ်တည်ထောင်လုပ်ကိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုနိုင်သည်။ ထို့အပြင် သားငါးတင်ယာဉ်၏ သယ်ဆောင်ရန်လမ်းကြောင်းကိုလည်း သတ်မှတ်ပေးရမည်။

(ဃ) သားငါးတင်ယာဉ်ဖြင့်သာ သယ်ဆောင်ရမည့်သားငါးနှင့် သားငါးအမျိုးအစားကိုလည်း သတ်မှတ်ပေးရမည်။

၄။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း-

(က) အများပြည်သူစားသုံးရန်အလို့ငှာ အခြားဒေသမှ ကျွဲ၊ နွားတိရစ္ဆာန်အရှင်များကို မြို့တော်နယ်နိမိတ်အတွင်းသို့ သယ်ဆောင်ရန်အတွက် လိုင်စင်ရှိသူဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးနိုင်သည်။

(ခ) လိုအပ်ပါက အများပြည်သူစားသုံးရန် ကြက်၊ ဘဲ၊ ငှက်နှင့် ငုံးတို့ကိုသတ်ဖြတ်ရမည့် နေရာသတ်မှတ်ပေးနိုင်သည်။

(ဂ) သားငါးနှင့်အသားများကို စားသုံးရန် သင့်မသင့်စစ်ဆေးရန် တိရစ္ဆာန်ဆေးကုဆရာဝန်အား တာဝန်ပေးအပ်နိုင်သည်။

Market-03/2015/MCDC By Law-2

၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူစားသုံးရန်မှအပ သက်ဆိုင်ရာ အာဏာပိုင်က ဘာသာရေးနှင့်အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ တိရစ္ဆာန်တို့ကို သတ်ဖြတ်ခွင့် အမိန့်ထုတ်ပေးသည့်အခါ စနစ်တကျဖြစ်စေရေးအတွက် စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။

၆။ ကော်မတီသည် မိမိပိုင်တိရစ္ဆာန်ဈေးအတွင်း၌ဖြစ်စေ၊ သားသတ်ရုံဝင်းအတွင်း၌ဖြစ်စေ၊ အောက်ပါလုပ်ငန်းရပ်များအတွက် ဆိုင်ခွန်၊ ဆိုင်ခများနှင့် အခြားအခွန်အခများကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခွင့်ရှိသည်-

(က) ဆိုင်ကြီး၊ ဆိုင်ငယ်၊ တင်းကုပ်၊ လှောင်အိမ်၊ လှောင်ခြံ၊ သတ်ခြံ သို့မဟုတ် အခြားအဆောက်အအုံတစ်ခုခုကို အသုံးပြုခြင်း၊

(ခ) ဈေးခင်းကျင်းခြင်း၊

(ဂ) ကုန်ပစ္စည်းကိုခြင်တွယ်ခြင်း၊ ချိန်တွယ်ခြင်း သို့မဟုတ် တိုင်းတာခြင်း။

၇။ ကော်မတီသည်-

(က) နည်းဥပဒေ ၆ အရ ဆိုင်ခွန်၊ ဆိုင်ခများနှင့် အခြားအခွန်အခများ ကောက်ခံခွင့်ကို အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားလေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ ခွင့်ပြုနိုင်သည်။

(ခ) ဆိုင်ခွန်၊ ဆိုင်ခနှင့်အခြားအခွန်အခတို့ကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ အသားစည်သွတ်လုပ်ငန်းများနှင့် ပတ်သက်၍ သားငါးများအသုံးပြုခြင်းကို စနစ်တကျဖြစ်စေရန် ကြီးကြပ်ရမည်။

၉။ ဌာနမှူးသည် မြို့တော်နယ်နိမိတ်အတွင်းသို့တင်သွင်းလာသည့်-

(က) အသားများနှင့် ပြုပြင်ပြီးအသားများကို သိမ်းဆည်း၍ အများပြည်သူစားသုံးရန် သင့်မသင့် စစ်ဆေးရမည်။ အများပြည်သူစားသုံးရန်သင့်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီကသတ်မှတ်သည့်အတိုင်း လေလံတင်ရောင်းချခြင်း သို့မဟုတ် သင့်လျော်သောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းပြုနိုင်သည်။

(ခ) ကြက်၊ ဘဲ၊ ငှက်၊ ငုံးနှင့် ငါး၊ ပုဇွန်စသည့် ရေသတ္တဝါများ၏ အသားများကို အများပြည်သူ စားသုံးရန်သင့်မသင့် စစ်ဆေးရမည်။ အများပြည်သူ စားသုံးရန် သင့်ကြောင်း စစ်ဆေးတွေ့ရှိလျှင် သတ်မှတ်သည့်အခွန်အခကိုပေးဆောင်စေပြီး ရောင်းချခွင့်ပြုနိုင်သည်။

(ဂ) ကျွဲ၊ နွားတိရစ္ဆာန်၊ ကြက်၊ ဘဲ၊ ငှက်၊ ငုံးနှင့် အိမ်မွေးတိရစ္ဆာန်အရှင်များကို ကော်မတီက သတ်မှတ်သည့်ဈေးများတွင် သတ်မှတ်သည့်အခွန်အခကို ပေးဆောင်စေပြီး ရောင်းချခွင့်ပြုနိုင်သည်။

၁၀။ ဌာနမှူးသည်-

(က) လေလံတင်ရောင်းချရငွေမှ ဖမ်းဆီးဆုကြေးငွေကို ဖမ်းဆီးသူများအား ကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပေးနိုင်သည်။

(ခ) လေလံတင်ရောင်းချ၍ရငွေမှ အမှန်ကုန်ကျစရိတ်ကိုနုတ်၍ ကျန်ငွေကိုသတ်မှတ်သည့် နည်းလမ်းနှင့်အညီ ကော်မတီပိုင်ငွေအဖြစ် ပေးသွင်းရမည်။

၁၁။ စစ်ဆေးရေးဝန်ထမ်းသည်-

(က) မန္တလေးမြို့တော်နယ်နိမိတ်အတွင်း သားငါးနှင့် အသားတင်ယာဉ်များအားသတ်မှတ်သည့် လမ်းကြောင်းမှ သယ်ဆောင်ခြင်းရှိမရှိ စစ်ဆေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရစစ်ဆေးရာတွင် လိုအပ်သည့် အထောက်အထားများကိုတင်ပြစေရန် တောင်းယူကြည့်ရှုနိုင်သည်။

(ဂ) သားငါးနှင့်အသားတင်ယာဉ်များအား သတ်မှတ်သည့်လမ်းကြောင်းမှ သယ်ဆောင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရလျှင်သော်လည်းကောင်း၊ ခိုင်လုံသည့် အထောက်အထား များ တင်ပြနိုင်ခြင်းမရှိလျှင်သော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်ရန် ဌာနသို့တင်ပြရမည်။

၁၂။ စစ်ဆေးရေးဝန်ထမ်းသည်-

(က) မြို့တော်နယ်နိမိတ်အတွင်းသို့ရောင်းချရန်တင်သွင်းလာသော ကြက်၊ ဘဲ၊ ငှက်၊ ငုံးများ၏အသားများကို အများပြည်သူစားသုံးရန် သင့်မသင့် စစ်ဆေးရမည်။ လိုအပ်ပါက ငါး၊ ပုဇွန်စသည့် ရေသတ္တဝါများကိုလည်းစစ်ဆေးနိုင်သည်။

(ခ) အများပြည်သူစားသုံးရန်သင့်ကြောင်း စစ်ဆေးတွေ့ရှိလျှင် စစ်ဆေးပြီးသည့် လက်မှတ်ကို ထုတ်ပေးရမည်။

(ဂ) စစ်ဆေးပြီးရောင်းချခွင့်ပြုသည့်အသားများကို သင့်လျော်သည့်အမှတ်အသားများ ပြုလုပ်ရမည်။

(ဃ) အသားရောင်းချသူများအား အသားရောင်းချခြင်းလုပ်ငန်းလိုင်စင်ရရှိပြီးသူ ဟုတ်မဟုတ်၊ လိုင်စင်သက်တမ်းရှိမရှိ၊ လိုင်စင်ပါစည်းကမ်းချက်အတိုင်း ဆောင်ရွက်ခြင်းရှိမရှိ၊ ရောင်းချခွင့်ပြုသည့်အသားကိုသာ ရောင်းချခြင်းပြုမပြုတို့ကို စစ်ဆေးရမည်။

(င) ကြက်၊ ဘဲ၊ ငှက်နှင့် ငုံးအရှင်များကို တိရစ္ဆာန်အရှင်ရောင်းချရန် သတ်မှတ်သည့် ဈေးတွင် ရောင်းချခြင်းရှိမရှိ၊ သတ်မှတ်သည့်နေရာ၌ လှောင်အိမ်၊ လှောင်ခြံ သို့မဟုတ် လှောင်ချိုင့်ဖြင့်ထားခြင်း ရှိမရှိစစ်ဆေးရမည်။

(စ) ကြက်၊ ဘဲ၊ ငှက်နှင့် ငုံးအရှင်များအား ကော်မတီကသတ်မှတ်သောနေရာတွင် သတ်ဖြတ်ခြင်းရှိမရှိ စစ်ဆေးရမည်။

Market-03/2015/MCDC By Law-2

၁၃။ စစ်ဆေးရေးဝန်ထမ်းသည်-

(က) နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ(က)အရ စစ်ဆေးရာတွင် အသားနှင့် သားငါး များသည် အများပြည်သူစားသုံးရန်မသင့်ကြောင်း စစ်ဆေးတွေ့ရှိလျှင် သိမ်းဆည်းပြီး ဥပဒေနှင့်အညီ အရေးယူခြင်း၊ ဖျက်ဆီးခြင်းများဆောင်ရွက်နိုင်ရေးအတွက် ဌာနသို့တင်ပြရမည်။

(ခ) လိုင်စင်မရှိဘဲ အသားရောင်းချကြောင်းစစ်ဆေးတွေ့ရှိလျှင် အရေးယူဆောင်ရွက် နိုင်ရန်ဌာနသို့တင်ပြရမည်။

(ဂ) လိုင်စင်သက်တမ်းကုန်ဆုံးခြင်း၊ သတ်မှတ်ထားသည့် စည်းကမ်းချက်ကို မလိုက်နာ ခြင်းနှင့် စစ်ဆေးခြင်းမပြုရသေးသော အသားရောင်းချခြင်းတို့ကို စစ်ဆေး တွေ့ရှိလျှင် ယင်းအသားကိုသိမ်းဆည်းပြီး ရောင်းချသူအား အရေးယူဆောင်ရွက် နိုင်ရန် ဌာနသို့တင်ပြရမည်။

(ဃ) ကြက်၊ ဘဲ၊ ငှက်နှင့်ငုံးအရှင်များအား သတ်မှတ်သောနေရာတွင် သတ်ဖြတ်ခြင်း မရှိကြောင်းစစ်ဆေးတွေ့ရှိလျှင် ၄င်းကြက်၊ ဘဲ၊ ငှက်နှင့် ငုံးများကို သိမ်းဆည်းပြီး အရေးယူဆောင်ရွက်နိုင်ရန် ဌာနသို့တင်ပြရမည်။

၁၄။ စစ်ဆေးရေးဝန်ထမ်းသည် မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားတိရစ္ဆာန်တစ်မျိုးမျိုးကို သတ်ဖြတ်ပြီးကြောင်း သို့မဟုတ် သတ်ဖြတ်နေကြောင်း သို့မဟုတ် သတ်ဖြတ်ရန်ဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အနည်းဆုံးသက်သေ(၂)ဦးနှင့်အတူ ဝင်ရောက်စစ်ဆေးပြီး-

(က) တရားမဝင်သတ်ဖြတ်ထားသည့် ကျွဲ၊ နွားတိရစ္ဆာန်အသေကောင် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများကို သိမ်းယူရမည်။

(ခ) တာဝန်ရှိသူအား တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ရမည်။

(ဂ) သတ်ဖြတ်ထားသည့်တိရစ္ဆာန်၏ အသားများကို သက်ဆိုင်ရာစစ်ဆေးရေးဝန်ထမ်း သို့မဟုတ် တိရစ္ဆာန်ဆေးကုဆရာဝန်ကစစ်ဆေးပြီး အများပြည်သူစားသုံးရန် သင့်လျော် ပါက ကော်မတီကသတ်မှတ်သည့်အတိုင်း လေလံတင်ရောင်းချခြင်း သို့မဟုတ် သင့်လျော်သော နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းပြုနိုင်သည်။

(ဃ) ဖမ်းဆီးရမိသည့်တိရစ္ဆာန်၏အသားသည် အများပြည်သူစားသုံးရန် မသင့်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ၄င်းအသားကို ဖျက်ဆီးနိုင်ရန် ဆောင်ရွက်ရမည်။

(င) သတ်ဖြတ်ရန်ထားရှိသည့် တိရစ္ဆာန်အရှင်ကို သိမ်းဆည်းပြီး လေလံတင်ရောင်းချ ခြင်း သို့မဟုတ် ကော်မတီကညွှန်ကြားသည့် နည်းလမ်းဖြင့် စီမံခန့်ခွဲခြင်းပြုနိုင် သည်။

၁၅။ သားသတ်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူ စားသုံးရန် ကျွဲ၊ နွားတိရစ္ဆာန်များနှင့် ကြက်ဘဲများကို သားသတ်ရုံတွင်သာ သတ်ဖြတ်ရမည်။

၁၆။ အသားရောင်းချသူသည် –

(က) စစ်ဆေးရေးဝန်ထမ်း၏စစ်ဆေးပြီးကြောင်းလက်မှတ်ရရှိမှသာ ရောင်းချခွင့်ရှိသည်။

( ခ ) အသားရောင်းချခြင်းလုပ်ငန်းလိုင်စင်ကို မြင်သာသည့်နေရာတွင် ချိတ်ဆွဲထား ရမည်။

## အခန်း(၃)
## သားသတ်ရုံတည်ထောင်ခြင်း

၁၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူအား အနှောင့်အယှက်မဖြစ်စေနိုင်သည့်နေရာတွင် သားသတ်ရုံတည်ထောင်ခွင့်ရှိသည်။ လိုအပ်ပါက အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သားသတ်ရုံတည်ထောင်ရန်နေရာကိုစီစစ်၍ ခွင့်ပြုချက်ထုတ်ပေး နိုင်သည်။

၁၈။ ကော်မတီသည်မြို့တော်နယ်နိမိတ်အတွင်း လိုအပ်ပါကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ သားသတ်ရုံတည်ထောင်ခွင့်ပြုမည်ဖြစ်ကြောင်း အောက်ပါအချက်များဖော်ပြ၍ အများပြည်သူသိရှိစေရန် သင့်လျော်သောနည်းလမ်းဖြင့် ကြေညာရမည် –

(က) နယ်နိမိတ်အပိုင်းအခြား၊

( ခ ) သားသတ်ရုံအရေအတွက်၊

( ဂ ) လျှောက်လွှာတင်ရမည့်အချိန်ကာလ။

၁၉။ ကော်မတီသည် အများပြည်သူစားသုံးရန် သတ်ဖြတ်မည့် ကျွဲ၊ နွားတိရစ္ဆာန်များကို သားသတ်ရုံတွင် အနားပေးကာလအဖြစ်ထားရှိရန် အနည်းဆုံး(၂၄)နာရီသတ်မှတ်ပေးရမည်။

၂၀။ ဌာနမှူးသည် –

(က) သားသတ်ရုံအတွင်းသို့ ဝင်ရောက်ရန်ခွင့်ပြုချက်လက်မှတ်ကို ကူးစက်ရောဂါ မရှိသူကိုသာ ထုတ်ပေးရမည်။

( ခ ) နည်းဥပဒေခွဲ(က)အရ ထုတ်ပေးသောခွင့်ပြုချက် လက်မှတ်ရရှိသူကိုသာ သားသတ်ရုံအတွင်းသို့ ဝင်ရောက်ခွင့်ပြုရမည်။

( ဂ ) အများပြည်သူစားသုံးရန်သားသတ်ရုံလုပ်ငန်းများကိုသတ်မှတ်သည့် စည်းကမ်းချက် များနှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိ အချိန်မရွေးဝင်ရောက် စစ်ဆေးနိုင်သည်။

Market-03/2015/MCDC By Law-2

၂၁။ သားသတ်ရုံတည်ထောင်ရန် ခွင့်ပြုချက်ရရှိသူသည်-

(က) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ကော်မတီနှင့် ဌာနတို့က အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း(၄)
## လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၂၂။ မြို့တော်နယ်နိမိတ်အတွင်း သားသတ်ခြင်းလုပ်ငန်း၊ အသားရောင်းချခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်အရှင်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

၂၃။ ဌာနမှူးသည် နည်းဥပဒေ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်-

(က) လိုင်စင်ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ခကိုပေးသွင်းစေပြီး လိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ခ) လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူထံ ( ၁၅ )ရက် အတွင်း အကြောင်းကြားရမည်။

၂၄။ လိုင်စင်သက်တမ်းသည် ဘဏ္ဍာရေးနှစ် (၁)နှစ်ဖြစ်သည်။

၂၅။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ကော်မတီနှင့်ဌာနတို့က အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၆။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် လိုင်စင်မိတ္တူမှန်ရရှိလိုပါက ခိုင်လုံသောအထောက်အထားများပူးတွဲ၍ ဌာနသို့ လျှောက်ထားခွင့်ရှိသည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ တင်ပြသောလျှောက်လွှာကိုစိစစ်၍ သတ်မှတ်သည့် ဒဏ်ကြေးငွေပေးသွင်းစေပြီး လိုင်စင်မိတ္တူကို လျှောက်ထားသူအားထုတ်ပေးရမည်။

၂၇။ ကော်မတီသည် လိုင်စင်ခ၊ ဒဏ်ကြေးငွေနှင့်အခွန်အခတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

## အခန်း(၅)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၈။ ကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ကော်မတီနှင့်ဌာနတို့၏ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်သောလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူအား လိုအပ်ပါကစုံစမ်းစစ်ဆေး၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုပယ်ဖျက်ခြင်း။

၂၉။ (က) နည်းဥပဒေ၂၈၊နည်းဥပဒေခွဲ(ဂ)အရလိုင်စင်သို့မဟုတ် ခွင့်ပြုချက်ကိုကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်းခံရသူသည် ယင်းရပ်ဆိုင်းကာလ ကုန်ဆုံးသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုချက် ပြန်လည်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ ဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) ဌာနမှူးသည်နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီးယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကိုထပ်မံဖောက်ဖျက်ကျူးလွန် ခြင်းမပြုပါဟု ဝန်ခံကတိပြုစေ၍ကော်မတီ၏ သဘောတူညီချက်ဖြင့် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၃၀။ ကော်မတီသည် နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုရရှိသူက ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ်ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ထိုသူ၏ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုပယ်ဖျက်နိုင်သည်။

၃၁။ ကော်မတီသည် စီမံခန့်ခွဲရေးအမိန့်ချမှတ်ခြင်းခံရသူ၏ အမိန့်ချမှတ်ပြီး ရက်ပေါင်း (၃၀)အတွင်း လျှောက်ထားချက်အရသော်လည်းကောင်း၊ မိမိ၏ဆင်ခြင်တုံတရားအရ သော်လည်းကောင်း ဤနည်းဥပဒေများအရချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းပြုနိုင်သည်။

Market-03/2015/MCDC By Law-2

## အခန်း(၆)
## တားမြစ်ချက်များနှင့် အရေးယူခြင်း

၃၂။ မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း-

(က) သားငါးလိုင်စင်မရှိဘဲ သားငါးများတင်သွင်းခြင်းမပြုရ။

(ခ) ခွင့်ပြုချက်မရှိဘဲ သားသတ်ရုံ၊ကြက်/ဘဲအရှင်ဈေးများတည်ထောင်ခြင်း မပြုရ။

(ဂ) ခွင့်ပြုချက်မရှိဘဲ သားငါးနှင့်အသားတင်ယာဉ်အဖြစ် တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူသည် သားငါးနှင့်ပတ်သက်၍ ဤနည်းဥပဒေတွင် ဖော်ပြမထားသော အများပြည်သူဆိုင်ရာ မည်သည့်နှောင့်ယှက်မှုကိုမျှ မပြုရ။

၃၃။ မည်သူမဆို ဤနည်းဥပဒေများပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဤနည်းဥပဒေအခန်း(၅)ပါ စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူခြင်းခံရမည်။

## အခန်း(၇)
## အထွေထွေ

၃၄။ ဌာနမှူးသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါစည်းကမ်းချက်များကိုလည်းကောင်း၊ ကော်မတီနှင့်ဌာနတို့၏ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူက လိုက်နာဆောင်ရွက်ခြင်းရှိမရှိ သိရှိနိုင်ရန်နှင့် လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်။

၃၅။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၆။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

Market-03/2015/MCDC By Law-2

၃၇။ ကော်မတီသည် ဤနည်းဥပဒေများပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

Market-03/2015/MCDC By Law-2

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းခွန်စည်းကြပ်ခြင်းနှင့်**

**ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ**

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ

### <u>မာတိကာ</u>


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | ၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) | ၊ ပစ္စည်းခွန်စည်းကြပ်ခြင်း | ၂ |
| ၃။ | အခန်း(၃) | ၊ ပစ္စည်းခွန်ခွဲပုံ စာရင်းပြုစုခြင်း၊ ပြင်ဆင်ခြင်း နှင့် အယူခံခြင်း | ၅ |
| ၄။ | အခန်း(၄) | ၊ ပစ္စည်းခွန်ကောက်ခံခြင်း | ၈ |
| ၅။ | အခန်း(၅) | ၊ ပစ္စည်းခွန်လျှော့ပေါ့ခြင်း၊ ပြန်အမ်းခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်း | ၉ |
| ၆။ | အခန်း(၆) | ၊ တားမြစ်ချက်နှင့် စီမံခန့်ခွဲရေးနည်းလမ်းအရာအရေးယူခြင်း | ၁၁ |
| ၇။ | အခန်း(၇) | ၊ အထွေထွေ | ၁၂ |

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းခွန်စည်းကြပ်ခြင်းနှင့်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၇ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းခွန်စည်းကြပ်ခြင်း နှင့် ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေ** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်းရှိ မြေ သို့မဟုတ် ယင်းမြေ၏အစိတ်အပိုင်း ကိုဆိုသည်။

(ခ) **အဆောက်အအုံ** ဆိုသည်မှာ ဆောက်လုပ်ရေးပစ္စည်းတစ်ခုခုဖြင့် ယာယီ သို့မဟုတ် အမြဲတမ်း ဆောက်လုပ်သည့် တိုက်၊ အိမ်၊ တဲ၊ တစ်ဖက်ယပ်တဲ၊ အမိုးပါရှိသော အဆောက်အအုံ သို့မဟုတ် ယင်းတို့၏အစိတ်အပိုင်းကိုဆိုသည်။

(ဂ) **ပိုင်ရှင်** ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံကို တရားဝင်ပိုင်ဆိုင်ပြီး ကိုယ်တိုင် နေထိုင်သူ သို့မဟုတ် ငှားရမ်းခကို မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ပစ္စည်းထိန်းအနေဖြင့်ဖြစ်စေ လက်ခံရယူသူကိုဆိုသည်။

(ဃ) **နေထိုင်အသုံးပြုသူ** ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံတွင် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူ သို့မဟုတ် အသုံးပြုသူကိုဆိုသည်။

(င) **အထွေထွေခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများ၊ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်းစသည်တို့ကို တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကုန်ကျစရိတ်များအတွက် စည်းကြပ်သည့် အခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် အိမ်ခွန်လည်းပါဝင်သည်။

(စ) **ရေခ** ဆိုသည်မှာ ကော်မတီက ရေဖြန့်ဝေပေးခြင်းအတွက် အသုံးပြုသည့်ပမာဏ အလိုက် ကောက်ခံသည့် အခကြေးငွေကိုဆိုသည်။

(ဆ) **အမှိုက်နှင့်အညစ်အကြေးခွန်** ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မိလ္လာသန့်စင်ခြင်းလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက် ရသည့်စရိတ်များအား ကျခံနိုင်စေရန် စည်းကြပ်သည့်အခွန်ကိုဆိုသည်။ ယင်းစကား ရပ်တွင် သန့်ရှင်းရေးခွန်လည်းပါဝင်သည်။

(ဇ) **ပစ္စည်းခွန်ခွဲပုံစာရင်း** ဆိုသည်မှာ ရပ်ကွက်အလိုက်၊ ဦးပိုင်တစ်ခုခြင်းအလိုက်၊ အခွန် ထမ်းသူအမည်နှင့်တကွ အဆောက်အအုံ အမျိုးအစားအလိုက် ကောက်ခံမည့် အခွန် နှုန်းထားတို့အား ဌာနမှ မှတ်ပုံတင်သိမ်းဆည်းထားသည့် စာရင်းကိုဆိုသည်။

(ဈ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ် တာဝန်ပေးအပ်သည့်ဌာနကိုဆိုသည်။

## အခန်း(၂)
## ပစ္စည်းခွန်စည်းကြပ်ခြင်း

၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အအုံများအပေါ် နှစ်စဉ်စံငှားရမ်းခတန်ဖိုး သတ်မှတ်ပြီး ပစ္စည်းခွန်စည်းကြပ်နိုင်သည်။

(ခ) မြေနှင့်အဆောက်အအုံကို သာမန်နှင့် အထူးအမျိုးအစားများခွဲခြား၍ သင့်လျော်သည့် အခွန်နှုန်းထားများသတ်မှတ်ပြီး ပစ္စည်းခွန်စည်းကြပ်နိုင်သည်။

(ဂ) အထူးအမျိုးအစားဖြစ်သည့် စက်ရုံအလုပ်ရုံများကို တန်ဖိုးဖြတ်ဆိုရာတွင် မြေနှင့် အဆောက်အအုံတန်ဖိုးအပြင် စက်ပစ္စည်းတန်ဖိုးကို ထည့်သွင်း၍ နှစ်စဉ်ပြန်းတီးမှု တန်ဖိုးသတ်မှတ်နုတ်ပယ်ပြီး ကျန်တန်ဖိုးအပေါ်တွင် ပစ္စည်းခွန် သီးခြားစည်းကြပ် ရမည်။

(ဃ) မြို့နယ်အတန်းအစား၊ အဆောက်အအုံအမျိုးအစားနှင့် လမ်းအမျိုးအစား၊ လမ်းမျက်နှာ ပြုမှု အနေအထားတို့ကိုအခြေခံ၍ မြေနှင့်အဆောက်အအုံ၏ အခြေခံစံငှားရမ်းခ နှုန်းကို အခါအားလျော်စွာ ကာလအပိုင်းအခြားအလိုက် သတ်မှတ်ထားရှိရမည်။

၄။ ကော်မတီသည် တစ်နှစ်အတွက် မြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ရာတွင်-

(က) နှစ်စဉ်စံငှားရမ်းခတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းထက်မပိုဘဲ အိမ်ခွန်စည်းကြပ်နိုင်သည်။

( ခ ) နှစ်စဉ်စံငှားရမ်းခတန်ဖိုး၏ ၅ ရာခိုင်နှုန်းထက်မပိုဘဲ မီးခွန်စည်းကြပ်နိုင်သည်။

( ဂ ) နှစ်စဉ်စံငှားရမ်းခတန်ဖိုး၏ ၁၂ ရာခိုင်နှုန်းထက်မပိုဘဲ ရေခွန်စည်းကြပ်နိုင်သည်။ သို့ရာတွင် ကော်မတီ၏ အခြားနည်းဥပဒေ တစ်ရပ်ရပ်အရ ရေဖိုးရေခကောက်ခံလျှင် ရေခွန် စည်းကြပ်ခြင်း မပြုရ။

(ဃ) နှစ်စဉ်စံငှားရမ်းခတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းထက်မပိုဘဲ သန့်ရှင်းရေးခွန် စည်းကြပ်နိုင်သည်။ သို့ရာတွင် ကော်မတီ၏ အခြားနည်းဥပဒေ တစ်ရပ်ရပ်အရ သန့်ရှင်းရေးဆောင်ရွက်ခ ကောက်ခံလျှင် သန့်ရှင်းရေးခွန် စည်းကြပ်ခြင်း မပြုရ။

၅။ မြို့တော်နယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း မပြုရ -

(က) ဘာသာရေးကိစ္စအတွက် အများပြည်သူ သီးသန့်အသုံးပြုသည့် မြေနှင့်အဆောက်အအုံများ၊

( ခ ) ကော်မတီပိုင် မြေနှင့်အဆောက်အအုံများ၊ (ယင်းတွင် ကော်မတီပိုင်မြေနှင့် အဆောက်အအုံအား ငှားရမ်း၍ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့်လုပ်ငန်းများ မပါဝင်စေရ)

( ဂ ) သုသာန်မြေများ။

၆။ ကော်မတီသည် အောက်ဖော်ပြပါ ဘာသာရေးဆိုင်ရာ မြေနှင့်အဆောက်အအုံများနှင့် စပ်လျဉ်း၍သီးခြားအမိန့်၊ ညွှန်ကြားချက် တစ်စုံတစ်ရာထုတ်ပြန်ထားခြင်းမရှိလျှင် ပစ္စည်းခွန်စည်းကြပ်နိုင်သည်-

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်သည့်မြေနှင့် အဆောက်အအုံများ၊

( ခ ) ငှားရမ်းခကို ဘာသာရေးအတွက် အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ငှားရမ်းခရရှိသည့်မြေနှင့် အဆောက်အအုံများ။

၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ထွန်းညှိထားသော လမ်းမီးများအတွက် မြေနှင့်အဆောက်အအုံများအပေါ် မီးခွန်စည်းကြပ်နိုင်သည်။

၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အောက်ဖော်ပြပါမြေနှင့် အဆောက်အအုံများအပေါ် ရေခွန်စည်းကြပ်ရမည် -

(က) သောက်သုံးရေလုံလောက်စွာ ဖြန့်ဝေပေးမည်ဟု ကြေညာထားသော ဒေသအတွင်းရှိ မြေနှင့် အဆောက်အအုံများ၊

(ခ) ကော်မတီပိုင် အများပြည်သူသုံး ရေဘုံဘိုင်၊ ရေကန်များမှ ပေ (၃၀၀) အတွင်းရှိ မြေနှင့်အဆောက်အအုံများ၊

(ဂ) ကော်မတီ၏ ရေပေးရေးလုပ်ငန်းများမှ ရေဆက်သွယ်ရယူ အသုံးပြုနေသော မြေနှင့် အဆောက်အအုံများ။

၉။ ကော်မတီသည် ရေခွန်များကို ကောက်ခံရာတွင် ကျိုးရေဆက်သွယ်သည့် အိမ်များ အတွက် ပိုက်လိုင်းအမျိုးအစားပေါ်မူတည်၍ ကော်မတီမှ သတ်မှတ်သည့်နှုန်းဖြင့် (၃)လတစ်ကြိမ် ပုံသေကောက်ခံသွားရန်နှင့် ပိုက်လိုင်းစနစ်ဖြင့် ရေမီတာတပ်ဆင် ကောက်ခံသည့် ရေမီတာများအား ကော်မတီမှ သတ်မှတ်ထားသော (၁)ယူနစ်တန်ဖိုးဖြင့် သုံးစွဲသည့်ပမာဏအပေါ် တွက်ချက်၍ (၃)လတစ်ကြိမ် ကောက်ခံနိုင်သည်။

၁၀။ ကော်မတီသည် ရေခွန်နှုန်းထားများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အောက်ဖော်ပြပါမြေနှင့် အဆောက်အအုံများ အပေါ် သန့်ရှင်းရေးခွန်စည်းကြပ်နိုင်သည် -

(က) ကော်မတီကတာဝန်ယူ၍ အမှိုက်နှင့်အညစ်အကြေးများ သိမ်းဆည်းပေးမည်ဟု ကြေညာထားသောဒေသအတွင်းရှိ မြေနှင့်အဆောက်အအုံများ၊

(ခ) ကော်မတီ၏ မိလ္လာပြွန်စနစ်ရှိသည့် နေရာဒေသရှိမိလ္လာပြွန်နှင့် ဆက်သွယ်ထားသော မြေနှင့်အဆောက်အအုံများ။

၁၂။ မြေနှင့်အဆောက်အအုံ၏ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် ကော်မတီက သတ်မှတ်ထားသော ပစ္စည်းခွန်ကို ပူးပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပေးဆောင်နိုင်သည်။

၁၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) မြေနှင့်အဆောက်အအုံကို ပိုင်ရှင်ကအခကြေးငွေရယူပြီး ငှားရမ်းထားလျှင် ယင်းမြေနှင့်အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ငှားရမ်းခရရှိငွေ စုစုပေါင်း၏ သတ်မှတ်သောရာခိုင်နှုန်းကို နှစ်စဉ်တန်ဖိုးတွင် ထပ်မံထည့်သွင်း သတ်မှတ်နိုင်သည်။

(ခ) မြေနှင့်အဆောက်အအုံကိုနေထိုင်အသုံးပြုသူက အခကြေးငွေရယူပြီး ထပ်ဆင့်ငှားရမ်းထားလျှင် ယင်းမြေနှင့်အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ငှားရမ်းခရရှိငွေကိုအခြေပြု၍ တိုးမြှင့်စည်းကြပ်နိုင်သည်။

၁၄။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) အစိုးရဌာန၊ အဖွဲ့အစည်းက ငှားရမ်းခရယူပြီး ငှားရမ်းထားသည့်မြေနှင့် အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ လက်ရှိနေထိုင်အသုံးပြုသူကို ပစ္စည်းခွန်စည်းကြပ်နိုင်သည်။

(ခ) ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းများအပေါ် အဆောက်အအုံ အမျိုးအစား၊ မြို့နယ်အတန်းအစား၊ ဝန်ဆောင်မှုတို့အပေါ် မူတည်၍ သင့်လျော်သောနှုန်းထား သတ်မှတ်ကာ တည်းခိုသူလူဦးရေအလိုက် ဟိုတယ်ပစ္စည်းခွန်အား စည်းကြပ်နိုင်သည်။

(ဂ) ပုဂ္ဂလိကပိုင်ဆေးရုံများအပေါ် ဟိုတယ်ပစ္စည်းခွန်စည်းကြပ်သကဲ့သို့ နှုန်းထား သတ်မှတ် စည်းကြပ်နိုင်သည်။

(ဃ) အစိုးရထံမှဖြစ်စေ၊ အဖွဲ့အစည်းထံမှဖြစ်စေ၊ မြေနှင့်အဆောက်အအုံကို ငှားရမ်း၍သော် လည်းကောင်း၊ မိမိကိုယ်ပိုင်မြေနှင့်အဆောက်အအုံကို အသုံးပြု၍သော်လည်းကောင်း၊ ရုပ်ရှင်ရုံ၊ ဗွီဒီယိုပြသခြင်းလုပ်ငန်း ဆောင်ရွက်ပါက ရုပ်ရှင်ရုံပစ္စည်းခွန်အား သီးခြား နှုန်းထားသတ်မှတ်၍ ကောက်ခံနိုင်သည်။

(င) အစိုးရဌာန၊ အဖွဲ့အစည်းက ပိုင်ဆိုင်သည့်မြေနှင့် အဆောက်အအုံအပေါ် ပစ္စည်းခွန် စည်းကြပ်ရာ၌ သင့်လျော်သောနည်းလမ်းဖြင့် နှစ်စဉ်စည်းကြပ်နိုင်သည်။

## အခန်း(၃)
## ပစ္စည်းခွန်ခွဲပုံ စာရင်းပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် အယူခံခြင်း

၁၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းစနစ်များနှင့်အညီ နှစ်စဉ်စံငှားရမ်းခ တန်ဖိုးကိုသတ်မှတ်ရမည်။ အဆိုပါမြေနှင့် အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား သို့မဟုတ် စက်ကိရိယာများ တပ်ဆင်ထားပါက ယင်းတို့ကို နှစ်စဉ် စံငှားရမ်းခတန်ဖိုး သတ်မှတ်ရာ၌ ထည့်သွင်းတွက်ချက်ရမည်။

၁၆။ (က) ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် သင့်လျော်သည့်စနစ်ဖြင့် မြေနှင့်အဆောက်အအုံအမှတ်ကို သတ်မှတ်ပေးရမည်။

(ခ) မြေနှင့်အဆောက်အအုံ၏ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် ကော်မတီက သတ်မှတ်ပေးသည့် မြေနှင့်အဆောက်အအုံအမှတ်ကို သတ်မှတ်သည့် အရွယ်အစား အတိုင်း မြင်သာသည့်နေရာတွင် ရေးသားချိတ်ဆွဲထားရမည်။

၁၇။ မြေနှင့်အဆောက်အအုံ၏ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် နှစ်စဉ်တန်ဖိုးသတ်မှတ် ရန်အလို့ငှာ အောက်ဖော်ပြပါအချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြ၍ သတ်မှတ်ထားသည့် ကာလအတွင်း ဌာနသို့တင်ပြရမည် -

(က) မြေနှင့်အဆောက်အအုံ၏ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူ၏ အမည်နှင့် နေရပ်လိပ်စာ၊

(ခ) မြေနှင့်အဆောက်အအုံ၏ အကျယ်အဝန်း၊ အတိုင်းအတာ၊ အမျိုးအစား၊ ခန့်မှန်းခြေ ကာလတန်ဖိုးနှင့် အမှန်ရရှိသော ငှားရမ်းခ၊

(ဂ) မြေနှင့်အဆောက်အအုံတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား သို့မဟုတ် စက်ကိရိယာ တပ်ဆင်ထားလျှင် ယင်းစက်ယန္တရား သို့မဟုတ် စက်ကိရိယာများ၏ ခန့်မှန်းခြေ ကာလ တန်ဖိုး၊ ထုတ်လုပ်မှုတန်ဖိုး၊ လည်ပတ်သုံးစွဲမှု၊ ရငွေသုံးငွေဆိုင်ရာ ငွေစာရင်းဇယားများ။

၁၈။ ကော်မတီသည် မြေနှင့်အဆောက်အအုံ၏ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက နည်းဥပဒေ ၁၇ တွင် ဖော်ပြသည့်အချက်အလက်များကို မမှန်မကန် ဖော်ပြထားကြောင်း စိစစ်တွေ့ရှိလျှင်သော်လည်းကောင်း၊ အချက်အလက်များကိုပြည့်စုံစွာတင်ပြရန် ပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း သင့်လျော်သည့် နှစ်စဉ်တန်ဖိုးသတ်မှတ်ပြီး စည်းကြပ်နိုင်သည်။

၁၉။ ကော်မတီသည် မြေနှင့်အဆောက်အအုံပိုင်ရှင်က အခကြေးငွေရယူပြီး အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ငှားရမ်းထားသော မြေနှင့်အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ပစ္စည်းတစ်ခုတည်းအနေဖြင့်သော်လည်းကောင်း၊ သီးခြားနေထိုင် အသုံးပြုသူတစ်ဦးချင်း၏ သီးခြားပစ္စည်းအနေဖြင့်သော်လည်းကောင်းသတ်မှတ်၍ ပစ္စည်းခွန်ကိုသီးခြားစည်းကြပ်နိုင်သည်။

၂၀။ ကော်မတီသည် ပစ္စည်းခွန်ခွဲပုံစာရင်းနှင့်စပ်လျဉ်း၍ -

(က) ဘဏ္ဍာရေးနှစ်အလိုက် ပစ္စည်းခွန်ခွဲပုံစာရင်းပြုစုထားရှိရမည်။

(ခ) ဘဏ္ဍာရေးနှစ်အလိုက်ပြုစုထားရှိသော ပစ္စည်းခွန်ခွဲပုံစာရင်းကို မည်သူမဆိုလာရောက်ကြည့်ရှုနိုင်သည်ဟုကြေညာရမည်။

(ဂ) ပစ္စည်းအရပ်ရပ်အတွက် နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်လျှင် ကြေညာသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း မည်သူမဆိုစာဖြင့် တင်ပြကန့်ကွက်နိုင်သည်ဟု ကြေညာချက်တွင် ဖော်ပြရမည်။

(ဃ) ယခင်ဘဏ္ဍာရေးနှစ်အလိုက် ပြုစုထားသော ပစ္စည်းခွန်ခွဲပုံစာရင်းကို အခြေခံ၍ လာမည့်ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သလို ပြင်ဆင်အသုံးပြုနိုင်သည်။

၂၁။ ကော်မတီသည် -

(က) နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်သူရှိပါက ကန့်ကွက်သူကို ခိုင်လုံသော အထောက်အထားများဖြင့် ရှင်းလင်းတင်ပြခွင့် ပေးရမည့်အပြင် လိုအပ်သည်များကို စစ်ဆေးနိုင်သည်။

(ခ) စစ်ဆေးတွေ့ရှိချက်အရ နှစ်စဉ်တန်ဖိုး သတ်မှတ်သည့်အမိန့် ချမှတ်ရမည်။

(ဂ) နည်းဥပဒေခွဲ(ခ)အရ ချမှတ်သည့်အမိန့်အတိုင်း ပစ္စည်းခွန်ခွဲပုံစာရင်းတွင် လိုအပ်သလို ပြင်ဆင်ရမည်။

၂၂။ (က) ကော်မတီသည် ပစ္စည်းခွန်တိုးမြှင့်စည်းကြပ်ရန် လိုအပ်ခြင်းကြောင့်ဖြစ်စေ၊ လွဲမှားစည်းကြပ်ခြင်းကြောင့်ဖြစ်စေ၊ မြေနှင့်အဆောက်အအုံ၏ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက လိမ်လည်ခြင်းကြောင့်ဖြစ်စေ၊ နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းကို ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်အား အကြောင်းကြားပြီး လိုအပ်သလို ပြင်ဆင်သတ်မှတ် စည်းကြပ်နိုင်သည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ်သည်နည်းဥပဒေခွဲ(က)အရ နှစ်စဉ်တန်ဖိုးပြင်ဆင်သတ်မှတ်ခြင်းကို မကျေနပ်ပါက နှစ်စဉ်တန်ဖိုးပြင်ဆင်သတ်မှတ်ရန် အကြောင်းကြားစာတွင် သတ်မှတ်ထားသောနေ့ရက်အတွင်း ကော်မတီသို့ စာဖြင့်ကန့်ကွက် တင်ပြနိုင်သည်။

(ဂ) ကော်မတီသည် နည်းဥပဒေခွဲ(ခ)အရ တင်ပြကန့်ကွက်ချက်ကိုစိစစ်ပြီး နှစ်စဉ်တန်ဖိုးကို လိုအပ်သလိုပြင်ဆင်သတ်မှတ်နိုင်သည်။

၂၃။ နည်းဥပဒေ ၂၂ ၊ နည်းဥပဒေခွဲ(ဂ)အရ ကော်မတီက ပြင်ဆင်သတ်မှတ်သည့် နှစ်စဉ်တန်ဖိုးသည် မူလသတ်မှတ်ထားသည့် နှစ်စဉ်တန်ဖိုးထက် လျော့နည်းပါက စည်းကြပ်ခြင်းခံရသူသည် ပစ္စည်းခွန်အားလုံး ပေးသွင်းပြီးဖြစ်ပါက သတ်မှတ်သည့်အတိုင်း ပြန်အမ်းရန်နှင့် မပေးသွင်းရသေးပါက ပြင်ဆင်သတ်မှတ်သည့်အတိုင်းပေးသွင်းရန် ဆောင်ရွက်ရမည်။

၂၄။ ဌာနမှူးသည် -

(က) ပစ္စည်းခွန်စည်းကြပ်နိုင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ လိုအပ်သောအချက်အလက်အထောက်အထားများကို စိစစ်ရန်လိုအပ်ပါက မြေနှင့်အဆောက်အအုံ၏ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား ဌာနသို့ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လာရောက်ရှင်းလင်းတင်ပြရန် အကြောင်းကြားစာပေးပို့နိုင်သည်။

(ခ) မြေနှင့်အဆောက်အအုံ၏ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက နည်းဥပဒေခွဲ (ခ)အရ အကြောင်းကြားသည့်စာကိုရရှိပါလျက် ဌာနသို့လာရောက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ မေးမြန်းချက်များအား မှန်ကန်စွာဖြေဆိုခြင်းမပြုလျှင်သော်လည်းကောင်း သင့်လျော်သည့်ပစ္စည်းခွန်ကို သတ်မှတ်စည်းကြပ်နိုင်သည်။

(ဂ) ပစ္စည်းခွန်ခွဲပုံစာရင်းကိုကော်မတီက အတည်ပြုပြီးနောက် အသစ်ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံတွင် အမှန်တကယ်နေထိုင်အသုံးပြုသည့်နေ့မှစ၍ နောက်ဆက်တွဲပစ္စည်းခွန်ခွဲပုံစာရင်း၌ ထည့်သွင်းဖော်ပြကာ ကော်မတီထံ တင်ပြ အတည်ပြုချက်ရယူ စည်းကြပ်ရမည်။

၂၅။ (က) နည်းဥပဒေ ၂၄ အရ နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းကိုဖြစ်စေ၊ ပစ္စည်းခွန် စည်းကြပ်ခြင်းကိုဖြစ်စေ မကျေနပ်သူသည် ပစ္စည်းခွန်ထမ်းဆောင်ရန် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ကော်မတီသို့ အယူခံနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ အယူခံရာတွင် စည်းကြပ်သောပစ္စည်းခွန်ကို ပေးဆောင်ပြီးမှသာ အယူခံပိုင်ခွင့်ရှိသည်။

(ဂ) နည်းဥပဒေခွဲ(က)အရ အယူခံရာတွင် ကော်မတီကချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(ဃ) ပစ္စည်းခွန်စည်းကြပ်ခြင်း ခံရသူသည် အယူခံရာတွင် အနိုင်ရရှိပါက ကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ပေးသွင်းထားသည့်ပစ္စည်းခွန် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်တောင်းခံနိုင်သည်။

၂၆။ ကော်မတီသည် အခွန်ပြေစာတွင်ပါရှိသော အခွန်ထမ်း၏အမည်ကို ပြောင်းလဲပေးရန် အထောက် အထားများနှင့်အတူ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ စိစစ်ပြီး မှန်ကန်ပါက အမည်ပြောင်းလဲ ပေးနိုင်သည်။

## အခန်း(၄)
## ပစ္စည်းခွန်ကောက်ခံခြင်း

၂၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) ပစ္စည်းခွန်စည်းကြပ်ကောက်ခံရန်အတွက် နယ်မြေအတန်းအစား ပိုင်းခြားသတ်မှတ်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ပိုင်းခြားထားသော နယ်မြေအတန်းအစားကို အခါအားလျော်စွာ ပြင်ဆင် သတ်မှတ်နိုင်သည်။

(ဂ) ပိုင်းခြားထားသော နယ်မြေအတန်းအစားအလိုက် ပစ္စည်းခွန် စည်းကြပ်နိုင်သည်။

၂၈။ ပစ္စည်းခွန်စည်းကြပ်ခြင်းခံရသူသည် ပစ္စည်းခွန်များကို သုံးလတစ်ကြိမ်ဖြစ်စေ၊ ခြောက်လတစ်ကြိမ်ဖြစ်စေ၊ တစ်နှစ်တစ်ကြိမ်ဖြစ်စေ စည်းကြပ်သည့်အတိုင်း ပေးဆောင်ရမည်။

၂၉။ ကော်မတီသည် မိမိကလွှဲအပ်တာဝန်ပေးထားသော ပစ္စည်းခွန်ကောက်ခံသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား ကောက်ခံပေးသွင်းသည့် ငွေပမာဏအပေါ်တွင် အခါအားလျော်စွာ သတ်မှတ်သည့်နှုန်းထားဖြင့် လုပ်အားအတွက်ဆုကြေး ထုတ်ပေးနိုင်သည်။

၃၀။ ကော်မတီက လွှဲအပ်တာဝန်ပေးသည့် စည်ပင်သာယာဝန်ထမ်း၊ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့်အဆောက်အအုံအတွင်းသို့ နေ့အချိန်အတွင်း သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း သို့မဟုတ် တိုင်းတာခြင်းများ ပြုလုပ်နိုင် သည်။

## အခန်း(၅)

## ပစ္စည်းခွန်လျော့ပေါ့ခြင်း၊ ပြန်အမ်းခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်း

၃၁။ ပိုင်ရှင်သည် -

(က) မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အအုံတွင် မည်သူမျှ နေထိုင်အသုံးပြု ခြင်းမရှိဘဲ အနည်းဆုံးရက်ပေါင်း(၃၀) တစ်ဆက်တည်း လစ်လပ်နေလျှင်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးအား ငှားရမ်းထားခြင်း မရှိလျှင်ဖြစ်စေ၊ စက်ရုံအလုပ်ရုံ ပိတ်ထားလျှင် ဖြစ်စေ ကော်မတီသို့ ရက်ပေါင်း(၃၀)အတွင်း စာဖြင့်အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အကြောင်းကြားပါက ပစ္စည်းခွန်လျော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့်ရှိသည်။ ထိုသို့ အကြောင်းကြားရန် ပျက်ကွက်ပါက ပစ္စည်းခွန်ကို လျော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

(ဂ) မြေနှင့်အဆောက်အအုံကို တစ်ခါတစ်ရံသာ နေထိုင်အသုံးပြုသည်ဆိုသော အကြောင်း ပြချက်ဖြင့် ပစ္စည်းခွန်ကိုလျော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

၃၂။ ပိုင်ရှင်သည် -

(က) မြို့တော်နယ်နိမိတ်အတွင်းရှိ လစ်လပ်နေသော မြေနှင့်အဆောက်အအုံကို ပြန်လည် နေထိုင်အသုံးပြုလျှင်ဖြစ်စေ၊ ငှားရမ်းခရရှိလျှင်ဖြစ်စေ နေထိုင်အသုံးပြုသည့်နေ့ သို့မဟုတ် ငှားရမ်းသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ကော်မတီသို့ စာဖြင့် အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အကြောင်းကြားရန်ပျက်ကွက်ပါက ပစ္စည်းခွန်ကိုလျော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့်မရှိသည့်အပြင် ယခင်ခွင့်ပြုပြီးသည့် ပစ္စည်းခွန်လျော့ပေါ့ငွေနှင့် ပြန်အမ်းငွေတို့ကိုလည်း ပြန်လည်ပေးသွင်းရမည်။

၃၃။ ကော်မတီသည် တပ်မြေအဖြစ်သတ်မှတ်ထားသော နယ်မြေအတွင်းရှိ မြေနှင့်အဆောက်အအုံများကို ပစ္စည်းခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၄။ ကော်မတီသည် အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းဖြစ်စေ ပျက်စီးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကြောင့် ပစ္စည်းခွန်ကိုလျှော့ပေါ့ရန် သို့မဟုတ် ပယ်ဖျက်ရန် အကြောင်းပေါ်ပေါက်ပါက မိမိ၏အစီအစဉ်ဖြင့်သော်လည်းကောင်း ပိုင်ရှင်၏တစ်နှစ်အတွင်း လျှောက်ထားချက်အရလည်းကောင်း ပစ္စည်းခွန်ကိုလျှော့ပေါ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၅။ စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုသော စက်ရုံ၊ အလုပ်ရုံ၏ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် -

(က) လုပ်ငန်းသဘာဝအလျောက် စက်ရုံ၊ အလုပ်ရုံပိတ်သိမ်းထားရသည့် အချိန်ကာလအတွက် ပစ္စည်းခွန်ကိုလျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် လျှောက်ထားခွင့် မရှိစေရ။

(ခ) လုပ်ငန်းသဘာဝနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ စက်ရုံ၊ အလုပ်ရုံပိတ်သိမ်းထားရလျှင် အဆိုပါပိတ်ရက်များအတွက် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပစ္စည်းခွန်ကိုလျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် လျှောက်ထားနိုင်သည်။

၃၆။ ပိုင်ရှင်သည် -

(က) နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ခ)အရ ပစ္စည်းခွန်ကိုလျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် လျှောက်ထားခြင်းများသည် လျှောက်ထားသည့်အကြောင်းခြင်းရာ ပေါ်ပေါက်သည့်နေ့မှစ၍ (၆)လအတွင်း လျှောက်ထားနိုင်သည်။

(ခ) ပစ္စည်းခွန်ကိုလျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံခြင်းစပ်လျဉ်း၍ သတ်မှတ်သည့် ကာလအတွင်း တောင်းခံခြင်းမရှိပါက ပစ္စည်းခွန်ကိုလျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် လျှောက်ထားခွင့်မရှိစေရ။

၃၇။ ကော်မတီသည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့အား စည်းကြပ်သော ပစ္စည်းခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ပစ္စည်းခွန်စည်းကြပ်ခြင်းအား ကင်းလွတ်ခွင့်ပြုလျှင် ပစ္စည်းခွန်ခွဲပုံစာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း(၆)

## တားမြစ်ချက်နှင့်စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၃၈။ ပိုင်ရှင်သည် မြို့တော်နယ်နိမိတ်အတွင်း-

(က) ပစ္စည်းခွန်များကို (၆)လတစ်ကြိမ် ပေးသွင်းရန် ပျက်ကွက်ခြင်းမပြုရ။

(ခ) စက်ပစ္စည်းခွန်များကို (၆)လတစ်ကြိမ် ပေးသွင်းရန် ပျက်ကွက်ခြင်းမပြုရ။

(ဂ) ဟိုတယ်ပစ္စည်းခွန်များကို လစဉ်ပေးသွင်းရန် ပျက်ကွက်ခြင်းမပြုရ။

(ဃ) အစိုးရအဆောက်အဦပစ္စည်းခွန်ကို တစ်နှစ်တစ်ကြိမ် ပေးသွင်းရန် ပျက်ကွက်ခြင်း မပြုရ။

(င) ရုပ်ရှင်ရုံပစ္စည်းခွန်ကို တစ်နှစ်တစ်ကြိမ်ပေးသွင်းရန် ပျက်ကွက်ခြင်းမပြုရ။

၃၉။ ကော်မတီသည် ပစ္စည်းခွန် စည်းကြပ်ခြင်းခံရသူအား ပစ္စည်းခွန်များကို စည်းကြပ်ကာလ ကုန်ဆုံးသည်အထိ ပေးဆောင်ရန် ပျက်ကွက်နေပါက အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၄၀။ ကော်မတီသည် ရေခွန်ရေခ စည်းကြပ်ခြင်းခံရသူအား စည်းကြပ်ကာလ ကုန်ဆုံးသည်အထိ ပေးဆောင်ရန် ပျက်ကွက်နေပါက အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) စည်းကြပ်ကာလမှ (၃)လကျော်လွန်ပါက ရေခွန်ရေခ ကြွေးကျန်နှုန်းဆော်စာထုတ်၍ တောင်းခံခြင်း၊

(ခ) စည်းကြပ်ကာလမှ (၆)လ ကျော်လွန်ပါက ရေဆက်သွယ်ပေးဝေမှု ဖြတ်တောက် အရေးယူခြင်း။

၄၁။ ဌာနမှူးသည် ပစ္စည်းခွန် ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့အရ ကောက်ခံ နိုင်သည်။

## အခန်း(၇)

## အထွေထွေ

၄၂။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားလွှဲအပ် ဆောင်ရွက်စေနိုင်သည်။

၄၃။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၄။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကိုဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ယာဉ်၊ ကူးတို့၊ ပွဲရုံ၊ ကုန်သိုလှောင်ရုံ၊ အပေါင်ဆိုင်နှင့်လမ်းဘေးဆိုင်များ အခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ယာဉ်၊ ကူးတို့၊ ပွဲရုံ၊ ကုန်သိုလှောင်ရုံ၊**
**အပေါင်ဆိုင်နှင့် လမ်းဘေးဆိုင်များ အခွန်စည်းကြပ် ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေများ**

## မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) ၊ | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) ၊ | ယာဉ်နှင့်စပ်လျဉ်း၍ အခွန်အခများ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း | ၄ |
| ၃။ | အခန်း(၃) ၊ | ယာဉ်ရပ်နားစခန်းနှင့် ယာဉ်မောင်းသင်ကွင်းများ | ၇ |
| ၄။ | အခန်း(၄) ၊ | ကူးတို့လုပ်ငန်း | ၈ |
| ၅။ | အခန်း(၅) ၊ | ပွဲရုံနှင့် ကုန်သိုလှောင်ရုံလုပ်ငန်း | ၉ |
| ၆။ | အခန်း(၆) ၊ | ပုဂ္ဂလိက အပေါင်ဆိုင်လုပ်ငန်း | ၁၀ |
| ၇။ | အခန်း(၇) ၊ | လမ်းဘေးဆိုင် | ၁၁ |
| ၈။ | အခန်း(၈) ၊ | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၁ |
| ၉။ | အခန်း(၉) ၊ | တားမြစ်ချက်များနှင့် အရေးယူခြင်း | ၁၂ |
| ၁၀။ | အခန်း(၁၀)၊ | အထွေထွေ | ၁၃ |

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ယာဉ်၊ ကူးတို့၊ ပွဲရုံ၊ ကုန်သိုလှောင်ရုံ၊ အပေါင်ဆိုင်နှင့်လမ်းဘေးဆိုင်များ အခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ**

အမိန့်ကြော်ငြာစာအမှတ် ၈ /၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ယာဉ်၊ ကူးတို့၊ ပွဲရုံ၊ ကုန်သိုလှောင်ရုံ၊ အပေါင်ဆိုင်နှင့် လမ်းဘေးဆိုင်များ အခွန်စည်းကြပ် ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဘီးခွန်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း မှတ်ပုံတင်ထားသော ယာဉ်များအပေါ် မြို့တော်နယ်နိမိတ်အတွင်း မောင်းနှင်သွားလာခြင်းအတွက် ကော်မတီက ယာဉ်အမျိုးအစားအလိုက် သတ်မှတ်သည့်နှုန်းထားအရ ကောက်ခံသည့်အခွန်ကိုဆိုသည်။

(ခ) **မြို့ဝင်ကြေး** ဆိုသည်မှာ ကော်မတီတွင် ဘီးခွန်ထမ်းဆောင်ထားခြင်းမရှိသောယာဉ်များ မြို့တော်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်ခြင်းအတွက် ကောက်ခံသော အခကြေးငွေကို ဆိုသည်။

(ဂ) **ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ နေစွမ်းအားကိုဖြစ်စေ၊ အခြားစွမ်းအားကိုဖြစ်စေ၊ အားလုံးသော်လည်းကောင်း၊ အချို့အဝက်မျှသော်လည်းကောင်း၊ အသုံးပြု၍ လမ်းပေါ်တွင် မောင်းနှင်သွားလာသည့် သို့မဟုတ် မောင်းနှင်သွားလာနိုင်သည့် ယာဉ်များပါဝင်သည်။

(ဃ) **ယာဉ်ညဥ့်အိပ်ခွန်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီပိုင် ယာဉ်ရပ်နားစခန်းတွင်ဖြစ်စေ၊ ကော်မတီက စီမံခန့်ခွဲသော မြေ သို့မဟုတ် အများပြည်သူဆိုင်ရာ လမ်းပေါ်တွင်ဖြစ်စေ၊ ယာဉ်ညဥ့်အိပ်ရပ်နားထားရှိခြင်းအတွက် ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသော အခွန်ကိုဆိုသည်။

(င) **ယာဉ်ရပ်နားခ** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ စီမံခန့်ခွဲသော မြေ သို့မဟုတ် အများပြည်သူဆိုင်ရာလမ်း သို့မဟုတ် ယာဉ်ရပ်နားစခန်းတွင် ယာဉ်ရပ်နားခြင်းအတွက် ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသည့် အခွန်အခကိုဆိုသည်။

(စ) **ယာဉ်အပ်နှံခ** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်းရှိဈေးများ၊ ပုဂ္ဂလိက အရောင်းစင်တာများ၊ ရုပ်ရှင်ရုံများ၊ ဆေးရုံဆေးခန်းများ၊ ခန်းမများစသည်တို့၏ အနီးဝန်းကျင် စည်ပင်သာယာပိုင်လမ်း သို့မဟုတ် မြေပေါ်တွင် လာရောက်လုပ်ငန်းဆောင်ရွက်ကြသူတို့၏ ယာဉ်များကိုစနစ်တကျ ထားရှိအပ်နှံစေ၍ ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံစေသော အခကြေးငွေကိုဆိုသည်။

(ဆ) **ဝန်ပါအလေးချိန်** ဆိုသည်မှာ ယာဉ်၏အလေးချိန်နှင့် ယာဉ်ပေါ်တွင်ပါရှိသော လူနှင့်ကုန်ပစ္စည်းများ၏ အလေးချိန်နှစ်ရပ်ပေါင်းကိုဆိုသည်။

(ဇ) **ယာဉ်တန်ပိုကြေး** ဆိုသည်မှာ ကော်မတီကသတ်မှတ်သည့် ဝန်အလေးချိန်ထက်ပို၍ တင်ဆောင်လာသည့်ယာဉ်များကို ကောက်ခံသည့်အခကြေးငွေကိုဆိုသည်။

(ဈ) **လမ်းအသုံးပြုခ** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်းသို့ဝင်ရောက်ခြင်း၊ နယ်နိမိတ်ပြင်ပသို့ ထွက်ခွာခြင်း၊ ဖြတ်သန်းသွားလာခြင်းပြုသော ယာဉ်များတွင် ဘီးခွန်မပေးဆောင်ထားသောယာဉ်များ၊ ဘီးခွန်ပေးဆောင်ထားသော်လည်း စီးပွားရေးလုပ်ငန်းသုံးယာဉ်များအား ယာဉ်၏ဝန်ပါအလေးချိန်ပေါ်တွင် ကော်မတီက သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံသည့်အခကြေးငွေကိုဆိုလိုသည်။

(ည) **ကုန်တင်ယာဉ်ရပ်နားစခန်း** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကုန်တင်ယာဉ်များအား သတ်မှတ်ထားသည့် အခွန်အခပေးဆောင်စေ၍ ညဥ့်အိပ်ရပ်နားထားရှိနိုင်ရန် ကော်မတီက သတ်မှတ်ပေးထားသော နေရာကိုဆိုသည်။

(ဋ) **ခရီးသည်တင်ယာဉ်ရပ်နားစခန်း** ဆိုသည်မှာ ခရီးသည်များတစ်နေရာတည်းမှ ဒေသအသီးသီးသို့ လွယ်ကူစွာသွားလာနိုင်ရေးအတွက် ခရီးသည်တင်ယာဉ်များ ရပ်နားရန် ကော်မတီကသတ်မှတ်ပေးထားသော မြို့တော်နယ်နိမိတ်အတွင်းရှိ နေရာကိုဆိုသည်။

(ဌ) **ယာဉ်ရောင်းဝယ်ရေးစခန်း** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း သတ်မှတ်သည့် အခွန်အခပေးဆောင်စေ၍ ယာဉ်များစနစ်တကျရောင်းဝယ်နိုင်ရန် ကော်မတီက သတ်မှတ်ပေးထားသောနေရာကိုဆိုသည်။

(ဍ) **ယာဉ်မောင်းသင်ကွင်း** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ယာဉ်အမောင်းသင်ရန် ကော်မတီက သတ်မှတ်ပေးထားသောနေရာကိုဆိုသည်။

(ဎ) **ရေယာဉ်** ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့်လူနှင့် ကုန်ပစ္စည်းများတင်ဆောင်၍ တစ်နေရာသို့သွားလာနိုင်သည့် အခြားယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့်ဝါးဖောင်များလည်းပါဝင်သည်။

(ဏ) **ကူးတို့ခွန်** ဆိုသည်မှာ ကော်မတီကဖြစ်စေ၊ ကူးတို့လုပ်ငန်းလိုင်စင်ရသူကဖြစ်စေ၊ ကူးတို့လုပ်ငန်းနှင့် စပ်လျဉ်း၍ ရေယာဉ်များ ကမ်းကပ်ခြင်း၊ ပစ္စည်းစုပုံခြင်း၊ လူနှင့် တိရစ္ဆာန်အတက်အဆင်းပြုလုပ်ခြင်းနှင့် ကုန်ပစ္စည်းတင်ချခြင်းတို့အပေါ် ကောက်ခံသည့်အခွန်ကိုဆိုသည်။

(တ) **ကူးတို့နယ်နိမိတ်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း မည်သည့် မြစ်၊ ချောင်းနှင့် အင်းများ၏ ကမ်းနစ်ဖက်စလုံးတွင်မဆို အမြင့်ဆုံးရေတက်ချိန်၌ ရေရောက်ရှိသည့် နေရာမှ ကုန်းတွင်းဘက်သို့ ပေ (၁၅၀) အတွင်း ကော်မတီက သတ်မှတ်သော မြေနေရာကိုဆိုသည်။

(ထ) **ပွဲရုံ** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကုန်စည်များကို ရောင်းဝယ်ဖောက်ကားရန် အလို့ငှာ သိုလှောင်၍ လက်လီ၊ လက်ကားရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ကော်မတီက သတ်မှတ်သည့် အဆောက်အအုံ သို့မဟုတ် နေရာကိုဆိုသည်။

(ဒ) **ကုန်သိုလှောင်ရုံ** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကုန်ပစ္စည်းများ သိုလှောင်ထားရှိနိုင်ရန် ကော်မတီက သတ်မှတ်သည့် အဆောက်အအုံကို ဆိုသည်။

(ဓ) **ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို အာမခံအဖြစ်လက်ခံ၍ သတ်မှတ်ထားသည့်အတိုးနှုန်းဖြင့် ငွေထုတ်ချေးရန် ကော်မတီက လိုင်စင်ထုတ်ပေးထားသော လုပ်ငန်းကိုဆိုသည်။

(န) **လမ်းဘေးဆိုင်** ဆိုသည်မှာ လမ်းဘေးတွင် ဖွင့်လှစ်ရောင်းချသော မည်သည့်ဆိုင်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီ၏ခွင့်ပြုချက်ဖြင့် ကော်မတီက စီမံခန့်ခွဲသည့်မြေအား အသုံးပြုလျက် ယာယီတည်ခင်းရောင်းချသော ဆိုင်လည်း ပါဝင်သည်။

(ပ) **လိုင်စင်** ဆိုသည်မှာ ဤနည်းဥပဒေများအရ လုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ရန် ကော်မတီက ထုတ်ပေးသော လုပ်ကိုင်ခွင့်လက်မှတ်ကိုဆိုသည်။

(ဖ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စများကို ဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့် ဌာနကိုဆိုသည်။

## အခန်း (၂)

## ယာဉ်နှင့်စပ်လျဉ်း၍ အခွန်အခများ စည်းကြပ်ခြင်း နှင့် ကောက်ခံခြင်း

၃။ ကော်မတီသည် ယာဉ်နှင့်စပ်လျဉ်း၍ အောက်ပါအခွန်အခများကို စည်းကြပ်ကောက်ခံနိုင်သည်-

(က) မြို့ဝင်ကြေး၊

(ခ) ဘီးခွန်၊

(ဂ) ယာဉ်ညဥ့်အိပ်ခွန်၊

(ဃ) ယာဉ်ရပ်နားခ၊

(င) ယာဉ်တန်ပိုကြေး၊

(စ) ယာဉ်မောင်းသင်ခ၊

(ဆ) လမ်းအသုံးပြုခ၊

(ဇ) ယာဉ်အပ်နှံခ။

၄။ (က) ကော်မတီသည် မြို့တော်နယ်နိမိတ်ပြင်ပ၌ မှတ်ပုံတင်သော မော်တော်ယာဉ်များ မြို့တော်နယ်နိမိတ်အတွင်း ဝင်ရောက်သည့်အခါ မော်တော်ယာဉ်အမျိုးအစားအလိုက် မြို့ဝင်ကြေးကို ကောက်ခံစေရမည်။

(ခ) ကော်မတီသည် ယာဉ်အမျိုးအစားအလိုက် မြို့ဝင်ကြေးနှုန်းများကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၅။ (က) ဌာနမှူးသည် မြို့ဝင်ကြေးကို ယာဉ်အမျိုးအစားအလိုက် ကော်မတီက သတ်မှတ်သည့် နှုန်းထားနှင့်အညီ ကောက်ခံရမည်။

(ခ) မြို့ဝင်ကြေး ပေးဆောင်သည့် ပြေစာသည် ပေးဆောင်သည့်အချိန်မှ (၂၄) နာရီထက် ကျော်လွန်ပါက ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဌာနမှူးသည် ယာဉ်အမျိုးအစားအလိုက် မြို့ဝင်ကြေးနှုန်းများကို မြို့ဝင်ကြေး ကောက်ခံသည့် နေရာတွင် အများပြည်သူ မြင်သာစေရန် နှစ်ဖက်မြင် ဆိုင်းဘုတ်များ ရှင်းလင်းပြတ်သားစွာ ရေးသားစိုက်ထူ ထားရှိရမည်။

၆။ ကုန်တင်ယာဉ်များနှင့်ခရီးသည်တင်ယာဉ်များသည် မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်သည့်နေရာများတွင်သာ ညဥ့်အိပ်ရပ်နားခြင်း သို့မဟုတ် ယာယီရပ်နားခြင်း ပြုရမည်။

၇။ ကော်မတီသည် -

(က) မြို့တော်နယ်နိမိတ်အတွင်း မှတ်ပုံတင်ထားသည့် ယာဉ်များအတွက် ယာဉ်အမျိုးအစားအလိုက် ကောက်ခံရမည့် ဘီးခွန်၊ ယာဉ်ညဥ့်အိပ်ခွန်နှင့် ယာဉ်ရပ်နားခကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်သောဘီးခွန်၊ ယာဉ်ညဥ့်အိပ်ခွန်နှင့် ယာဉ်ရပ်နားခကို စည်းကြပ်ရမည်။ ယင်းသို့ စည်းကြပ်သည့် အခွန်အခများကို ကောက်ခံရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ဆောင်ရွက်နိုင်သည်။

၈။ ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်လက်ဝယ်ရှိသူသည် မိမိ၏ယာဉ်အတွက် သတ်မှတ်ထားသော ဘီးခွန်၊ ယာဉ်ညဥ့်အိပ်ခွန်နှင့်ယာဉ်ရပ်နားခများကို ပေးဆောင်ရမည်။

၉။ ဌာနမှူးသည် ဘီးခွန်၊ ယာဉ်ညဥ့်အိပ်ခွန်နှင့် ယာဉ်ရပ်နားခများ စည်းကြပ်ရာတွင် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ယာဉ်ကို လေလံဆွဲဝယ်ယူခြင်းဖြစ်ပါက ပုဂ္ဂလိကပိုင်ယာဉ် အဖြစ် မှတ်ပုံတင်သည့်အချိန်မှ စတင်စည်းကြပ်ရမည်။

(ခ) ယာဉ်မှတ်ပုံတင်အဖွဲ့တွင် မူလယာဉ်အမျိုးအစားမှ အခြားအမျိုးအစားသို့ ပြောင်းလဲ မှတ်ပုံတင်ခြင်း ဖြစ်ပါက ယင်းသို့မှတ်ပုံတင်သည့်အချိန်မှစတင် စည်းကြပ်ရမည်။

၁၀။ ကော်မတီသည် အောက်ဖော်ပြပါယာဉ်များအတွက် ဘီးခွန်၊ ယာဉ်ညဥ့်အိပ်ခွန်နှင့် ယာဉ်ရပ်နားခများကို ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ကော်မတီပိုင်ယာဉ်များ၊

(ခ) သံတမန်အဖွဲ့ပိုင်ယာဉ်များ၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ယာဉ်များ၊

(ဃ) လူနာတင်ယာဉ်များ၊ နိဗ္ဗာန်ယာဉ်များနှင့် မီးသတ်ယာဉ်များ၊

(င) ကော်မတီက အထူးကိစ္စတစ်ရပ်အဖြစ် ကင်းလွတ်ခွင့်ပြုသင့်သည်ဟု သတ်မှတ်သော ယာဉ်များ။

၁၁။ ကော်မတီသည် ယာဉ်မှတ်ပုံတင်အရ သတ်မှတ်သည့်ဝန်အလေးချိန် သို့မဟုတ် မြို့တော်နယ်နိမိတ်အတွင်း လမ်းအလိုက် သတ်မှတ်ထားသည့် ဝန်အလေးချိန်ထက်ပို၍ တင်ဆောင်လာသော ယာဉ်များကို ယာဉ်တန်ပိုကြေးကောက်ခံရန် နှုန်းများသတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၁၂။ ဌာနမှူးသည် မြို့တော်နယ်နိမိတ်အတွင်း လမ်းများပေါ်တွင် သွားလာနေသော ယာဉ်များ၏ ဝန်အလေးချိန်အပေါ် ယာဉ်တန်ပိုကြေး ကောက်ခံခြင်းကို ရွေ့လျားချိန်စက်အသုံးပြုပြီး ကောက်ခံနိုင်သည်။ ယာဉ်အမျိုးအစားနှင့် တန်ပိုကြေးကောက်ခံရန် နှုန်းထားများကို အများပြည်သူ မြင်သာစေရန် နှစ်ဖက်မြင် ဆိုင်းဘုတ်များ ရှင်းလင်းပြတ်သားစွာ ရေးသားစိုက်ထူ ထားရှိရမည်။

၁၃။ ကော်မတီသည် ယာဉ်တန်ပိုကြေး သတ်မှတ်ရာတွင် တင်ဆောင်သည့် တန်ပိုပမာဏနှင့်စပ်လျဉ်း၍-

(က) ယာဉ်မှတ်ပုံတင်အရ ခွင့်ပြုဝန်အလေးချိန်အထိ တန်ပိုပမာဏကို သာမန်တန်ပိုအဖြစ် ကောက်ခံနိုင်သည်။

( ခ ) ယာဉ်မှတ်ပုံတင်အရ ခွင့်ပြုဝန်အလေးချိန်ထက်ပိုမိုသည့် တန်ပိုပမာဏကို သီးခြားနှုန်းထားဖြင့် ကောက်ခံနိုင်သည်။

၁၄။ ကော်မတီသည် မြို့ဝင်ကြေး၊ ယာဉ်ရပ်နားခ၊ လမ်းအသုံးပြုခ၊ ယာဉ်အပ်နှံခ သို့မဟုတ် ယာဉ်တန်ပိုကြေး ကောက်ခံခြင်းကို အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား နေရာအားလုံးအတွက်သော်လည်းကောင်း၊ နေရာတစ်ခုချင်းအတွက်သော်လည်းကောင်း၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ ဘဏ္ဍာရေးနှစ်(၃)နှစ်ထက်မပိုသော ကာလအတွက် ကန်ထရိုက်လုပ်ငန်းအဖြစ် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၅။ ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသည့် စည်ပင်သာယာဝန်ထမ်း သို့မဟုတ် နည်းဥပဒေ ၁၄ အရ လုပ်ကိုင်ခွင့်ပြုထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြို့ဝင်ကြေး၊ ယာဉ်ရပ်နားခ သို့မဟုတ် ယာဉ်တန်ပိုကြေး ကောက်ခံလျှင် ကော်မတီက သတ်မှတ်သည့် ပြေစာများကိုသာ အသုံးပြုရမည်။

၁၆။ ကော်မတီသည် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကပိုင် ယာဉ်တစ်မျိုးမျိုးအပေါ်၌ စည်းကြပ်သောအခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၃)

## ယာဉ်ရပ်နားစခန်း နှင့် ယာဉ်မောင်းသင်ကွင်းများ

၁၇။ ကော်မတီသည် မန္တလေးမြို့တော်ကို သန့်ရှင်းသပ်ရပ်ပြီး သာယာလှပသည့် အဆင့်မြင့် မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် မြို့တော်နယ်နိမိတ်အတွင်း ယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ယာဉ်အမျိုးအစားအလိုက် ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ခ) ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဂ) ယာဉ်မောင်းသင်ကွင်းနေရာနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဃ) ယာဉ်နှင့်စက်ဘီးအပ်နှံသည့်နေရာများ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း။

၁၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း (၃)တန်နှင့်အထက် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင်ယာဉ်များ၊ နောက်တွဲယာဉ်များ ညဉ့်အိပ်ရပ်နားရမည့်နေရာကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၁၉။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း လမ်းပိတ်ဆို့မှုများမဖြစ်စေရန်နှင့် ယာဉ်တိုက်မှု အန္တရာယ် ကာကွယ်တားဆီးနိုင်ရန် အလို့ငှာ-

(က) ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင်ယာဉ်များ၊ နောက်တွဲယာဉ်များနှင့် စပ်လျဉ်း၍ ဝင်ခွင့်ပြုသည့်လမ်းနှင့် ဝင်ခွင့်မပြုသည့်လမ်းများကို သတ်မှတ်ပေးရမည်။

(ခ) ကုန်တင်ယာဉ်ရပ်နားစခန်းများကို လိုအပ်သလို တည်ထောင်ဖွင့်လှစ်ရမည်။

(ဂ) ခရီးသည်တင်ယာဉ်ရပ်နားစခန်းများကို လိုအပ်သလို တည်ထောင်ဖွင့်လှစ်ရမည်။

(ဃ) ခရီးသည်အတင်အချပြုလုပ်ရန်နေရာ၊ ယာဉ်လက်မှတ်ရောင်းရန်နေရာနှင့် ယာဉ်များ ဝင်ထွက်စုစည်း ရပ်နားရန်နေရာများကို သတ်မှတ်ရမည်။

(င) ယာဉ်ရပ်နားရန် ကန့်သတ်နယ်မြေများ သတ်မှတ်ဆောင်ရွက်နိုင်သည်။

(စ) ယာဉ်မရပ်ရ ကန့်သတ်နယ်မြေများ သတ်မှတ်ဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## ကူးတို့လုပ်ငန်း

၂၀။ ကော်မတီသည် ကူးတို့လုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းကို ခွင့်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ကူးတို့လမ်းကြောင်းကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း။

၂၁။ ကော်မတီသည် -

(က) ကူးတို့လုပ်ငန်းကို အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လေလံစနစ်ဖြင့် ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့် ဖြစ်စေ၊ ကန်ထရိုက်လုပ်ငန်းအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) ကူးတို့လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လိုင်စင်ထုတ်ပေးခြင်းနှင့် လိုင်စင်ခ၊ အခွန်အခ ကူးတို့ခွန်နှုန်းထားများကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၂၂။ ကော်မတီသည် -

(က) ကူးတို့လုပ်ငန်းတွင် အသုံးပြုသော ရေယာဉ်နှင့် ပစ္စည်းကိရိယာများ၊ ကူးတို့ဆိပ်နှင့် ဆိပ်ခံများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စစ်ဆေး နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ စစ်ဆေးရာ၌ ကူးတို့လုပ်ငန်းတွင် အများပြည်သူ ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် အခြေအနေတစ်ရပ်ရပ် တွေ့ရှိလျှင် ဤနည်းဥပဒေ အခန်း(၈)နှင့်အညီအရေးယူနိုင်သည်။

၂၃။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ကူးတို့လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနှင့် ကော်မတီ သို့မဟုတ် ဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကူးတို့လုပ်ငန်းလိုင်စင်ကို ထပ်ဆင့်ငှားရမ်းခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်းပြုလျှင် ယင်းကူးတို့လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်းခံရမည်။

၂၄။ ဌာနမှူးသည် ကော်မတီက သတ်မှတ်ထားသည့် ကူးတို့နယ်နိမိတ်အတွင်း ကူးတို့ခွန် ကောက်ခံခွင့်ရှိသည်။

၂၅။ ကော်မတီသည် -

(က) ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ ကမ်းကပ်ခ၊ ပစ္စည်းစုပုံခ၊ လူနှင့်တိရစ္ဆာန်တက်ဆင်းခ၊ ကုန်ပစ္စည်းတင်ချခနှုန်းထားများကို သတ်မှတ်ခြင်း၊ လျှော့ပေါ့ခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း ပြုနိုင်သည်။

(ခ) နေ့ချင်းပြီး အပြီးသယ်ယူခြင်း မပြုနိုင်သော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ပစ္စည်းစုပုံခ၊ ပစ္စည်းတင်ချခနှုန်းထားများကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၂၆။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကော်မတီက သတ်မှတ်သော ကမ်းကပ်ခ၊ ပစ္စည်းစုပုံခ၊ လူနှင့်တိရစ္ဆာန်တက်ဆင်းခ၊ ကုန်ပစ္စည်းတင်ချခနှုန်းထားများကို အများပြည်သူမြင်သာစေရန် ဆိုင်းဘုတ်များဖြင့် ရှင်းလင်းပြတ်သားစွာ ရေးသားစိုက်ထူ ထားရှိရမည်။

၂၇။ ကော်မတီသည် ကူးတို့လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ မိမိ၏ကူးတို့နယ်နိမိတ်နှင့် ဆက်စပ်နေသော အခြားကူးတို့နယ်နိမိတ်ကို စီမံခန့်ခွဲသော သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထိုအစိုးရဌာန၊ အဖွဲ့အစည်းက မိမိ၏ကူးတို့နယ်နိမိတ်ကို အသုံးပြု၍ ကူးတို့လုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်လျှင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးအား လုပ်ကိုင်ခွင့်ပြု လျှင်ဖြစ်စေ၊ ကူးတို့လုပ်ငန်းမှ ကောက်ခံရရှိသည့် ကူးတို့ခွန်ကို အချိုးကျခွဲဝေရယူရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၅)
## ပွဲရုံနှင့် ကုန်သိုလှောင်ရုံလုပ်ငန်း

၂၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) ပွဲရုံနယ်နိမိတ်နှင့် ကုန်သိုလှောင်ရုံနေရာများ သတ်မှတ်နိုင်သည်။

(ခ) မြို့တော်သန့်ရှင်းသာယာလှပရေးကို ထိခိုက်စေသည့် ပစ္စည်းများနှင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်စေသည့်ပစ္စည်းများကို သိုလှောင်ရောင်းချခြင်း ပြုလုပ်ရမည့် ပွဲရုံနေရာ သတ်မှတ်နိုင်သည်။

(ဂ) ပွဲရုံနှင့် ကုန်သိုလှောင်ရုံများဆောက်လုပ်ပြီး ရောင်းချခြင်းကိုလည်းကောင်း၊ ငှားရမ်းခနှင့် စည်းကမ်းချက်များ သတ်မှတ်၍ အငှားချထားခြင်းကိုလည်းကောင်း ပြုနိုင်သည်။

၂၉။ ကော်မတီနှင့် ဌာနမှူးတို့သည် ပွဲရုံနှင့် ကုန်သိုလှောင်ရုံများကို အခါအားလျော်စွာ ဝင်ရောက်ကြည့်ရှု စစ်ဆေးနိုင်သည်။

၃၀။ (က) ကော်မတီသည် ပွဲရုံခွန်နှင့် ကုန်သိုလှောင်ရုံခွန်များကို သတ်မှတ်ရမည်။

(ခ) ဌာနမှူးသည် ကော်မတီက သတ်မှတ်သည့် ပွဲရုံခွန်နှင့် ကုန်သိုလှောင်ရုံခွန်များကို စည်းကြပ် ကောက်ခံရမည်။

(ဂ) အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ပွဲရုံနှင့်ကုန်သိုလှောင်ရုံ လုပ်ငန်း လုပ်ကိုင်လိုပါက ကော်မတီသို့ လုပ်ငန်းလိုင်စင် ရရှိရန် လျှောက်ထားရမည်။

(ဃ) ပွဲရုံလုပ်ငန်းနှင့် ကုန်သိုလှောင်ရုံလုပ်ငန်း လိုင်စင်ကို ထပ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ပြုလုပ်လိုပါက ကော်မတီ၏ ခွင့်ပြုချက် ရယူရမည်။

## အခန်း (၆)
## ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်း

၃၁။ ကော်မတီသည် -

(က) မြို့တော်နယ်နိမိတ်အတွင်း ဖွင့်လှစ်မည့် ပုဂ္ဂလိက အပေါင်ဆိုင်လုပ်ငန်း အရေအတွက်နှင့်ဖွင့်လှစ်မည့်နေရာတို့ကို သတ်မှတ်နိုင်သည်။

(ခ) ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်း တစ်ခုချင်းအလိုက် ပေးသွင်းရမည့် အာမခံငွေကို သတ်မှတ်နိုင်သည်။

၃၂။ (က) ကော်မတီသည် ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ၊ စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) ပုဂ္ဂလိကအပေါင်ဆိုင်လိုင်စင် ရရှိသူသည် လိုင်စင်ပါစည်းကမ်းချက်များအပြင် ကော်မတီနှင့် ဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၃၃။ ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်း လိုင်စင်သက်တမ်းသည် ဘဏ္ဍာရေးနှစ်(၃)နှစ် ဖြစ်သည်။

## အခန်း (၇)
## လမ်းဘေးဆိုင်

၃၄။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း လမ်းဘေးဆိုင် ဖွင့်လှစ်ရမည့်နေရာ၊ ရောင်းချရမည့် ကုန်ပစ္စည်း၊ ဖွင့်လှစ်ရမည့်အချိန်၊ ပိတ်သိမ်းရမည့်အချိန်နှင့် ပေးဆောင်ရမည့် အခွန်အခတို့ကို သတ်မှတ်၍ ယင်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

၃၅။ ဌာနမှူးသည် လမ်းဘေးဆိုင်တွင် ပစ္စည်းရောင်းချခြင်းကို ကြီးကြပ်နိုင်ရန် စည်ပင်သာယာရေး ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့ဖွဲ့၍ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

၃၆။ ဌာနမှူးသည် လမ်းဘေးဆိုင်တွင်ခင်းကျင်းရောင်းချသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိမရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း လမ်းဘေးဆိုင် ရောင်းချသူများထံမှ ဈေးကောက် ကောက်ခံခြင်းလုပ်ငန်းကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လေလံစနစ်ဖြင့် ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ ကန်ထရိုက် လုပ်ငန်းအဖြစ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၃၈။ ကော်မတီသည် ကော်မတီပိုင်မြေနှင့်ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသည့် လမ်းဘေးဆိုင်များကို ကျူးကျော်ခြင်းမပြုရန် တားမြစ်ခြင်းနှင့် ဖယ်ရှားခြင်းတို့ကို ပြုလုပ်နိုင်သည်။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၉။ ကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီ၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူအား လိုအပ်ပါက စုံစမ်းစစ်ဆေး၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၄၀။ (က) နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ(ဂ)အရ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသူသည် ယင်းရပ်ဆိုင်းကာလ ကုန်ဆုံးသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုချက် ပြန်လည်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ယခင်ဖောက်ဖျက် ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ခြင်း မပြုပါဟု ဝန်ခံကတိပြုစေပြီး ကော်မတီ၏ သဘောတူညီချက်ဖြင့် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၄၁။ ကော်မတီသည် နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသောလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ရရှိသူက ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ထိုသူ၏ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်နိုင်သည်။

၄၂။ ကော်မတီသည် ဤနည်းဥပဒေများအရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း (၉)
## တားမြစ်ချက်များနှင့် အရေးယူခြင်း

၄၃။ မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း -

(က) ကူးတို့လုပ်ငန်းကို ခွင့်ပြုချက်မရှိဘဲ ထပ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

(ခ) ပွဲရုံနှင့် ကုန်သိုလှောင်ရုံလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။

(ဂ) လမ်းဘေးဆိုင်ကို ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်ခြင်း မပြုရ။

(ဃ) ကော်မတီပိုင်မြေနှင့် ကော်မတီကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများပေါ်တွင် လမ်းဘေးဆိုင်များ ကျူးကျော်ဆောက်လုပ်ခြင်းမပြုရ။

၄၄။ မည်သူမဆို နည်းဥပဒေ ၄၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း (၁၀)

## အထွေထွေ

၄၅။ ဌာနမှူးသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကိုလည်းကောင်း၊ ကော်မတီနှင့် ဌာနတို့၏ ညွှန်ကြားချက်များကိုလည်းကောင်း၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူက လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ သိရှိနိုင်ရန်နှင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်။

၄၆။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၇။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့် ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၈။ ကော်မတီသည် ဤနည်းဥပဒေများပါ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်မွေးမြူခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ နည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

01 / E / Final Law

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်မွေးမြူခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာနည်းဥပဒေများ**

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ အခန်း(၁) | ၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) | ၊ တိရစ္ဆာန်များကျန်းမာရေး | ၂ |
| ၃။ အခန်း(၃) | ၊ တိရစ္ဆာန်မွေးမြူခြင်း၊ ထိန်းသိမ်းခြင်းနှင့် သယ်ဆောင်ခြင်းများကိုကြီးကြပ်ခြင်း | ၃ |
| ၄။ အခန်း(၄) | ၊ အများပြည်သူ၏ကျန်းမာရေးကိုအန္တရာယ်ဖြစ်စေသည့် တိရစ္ဆာန်များအားသုတ်သင်ရှင်းလင်းခြင်း | ၅ |
| ၅။ အခန်း(၅) | ၊ တိရစ္ဆာန်ထောင်ရှိ တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း | ၆ |
| ၆။ အခန်း(၆) | ၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၈ |
| ၇။ အခန်း(၇) | ၊ အထွေထွေ | ၉ |


01 / E / Final Law

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်မွေးမြူခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာနည်းဥပဒေများ**

အမိန့်ကြော်ငြာစာအမှတ် ၉ / ၂၀၁၅

၁၃၇၇ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်မွေးမြူခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အိမ်မွေးတိရစ္ဆာန်** ဆိုသည်မှာ ခွေး၊ ကြောင်၊ မျောက်၊ ယုန်၊ ပူး၊ ငှက်နှင့် အလှမွေးငါးတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီက အိမ်မွေးတိရစ္ဆာန်အဖြစ် အခါအားလျော်စွာသတ်မှတ်သည့် တိရစ္ဆာန်လည်း ပါဝင်သည်။

(ခ) **တိရစ္ဆာန်ထောင်** ဆိုသည်မှာ တိရစ္ဆာန်များကိုထိန်းသိမ်းရန်အတွက် ကော်မတီက သတ်မှတ်သည့်နေရာကိုဆိုသည်။

(ဂ) **စစ်ဆေးရေးဝန်ထမ်း** ဆိုသည်မှာ ကော်မတီ သို့မဟုတ် ဌာနက မြို့တော်နယ်နိမိတ်အတွင်း တိရစ္ဆာန်မွေးမြူခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ စစ်ဆေးရန်တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းကိုဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ ကော်မတီက ထုတ်ပေးသည့် တိရစ္ဆာန်မွေးမြူခွင့်လိုင်စင်၊ တိရစ္ဆာန်အရှင်ရောင်းချခွင့်လိုင်စင်နှင့် အန္တရာယ်ဖြစ်စေသည့် တိရစ္ဆာန်များကို သတ်ခွင့်လိုင်စင်ကိုဆိုသည်။

(င) **ခွင့်ပြုချက်** ဆိုသည်မှာ သတ်မှတ်သည့်နယ်မြေဒေသတွင် ကျွဲ၊ နွားတိရစ္ဆာန်ထိန်းကျောင်းခြင်း၊ မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း သို့မဟုတ် သယ်ဆောင်ခြင်းများအတွက် ဤနည်းဥပဒေများအရထုတ်ပေးသော ခွင့်ပြုချက်ကိုဆိုသည်။

01 / E / Final Law

(စ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့် ဌာနကိုဆိုသည်။

## အခန်း(၂)

## တိရစ္ဆာန်များကျန်းမာရေး

၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူစားသုံးရန် မွေးမြူထားသော တိရစ္ဆာန်များ၏ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း သို့မဟုတ် သီးခြားအစီအစဉ်ဖြင့်ဆောင်ရွက်ခြင်း ပြုနိုင်သည်။

၄။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် တိရစ္ဆာန်အစာများ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိလျှင် ရောင်းချခြင်းမပြုရန် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်ရေးအတွက် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနသို့ အကြောင်းကြားရမည်။

၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း တိရစ္ဆာန်များတွင် ကူးစက်ရောဂါ မဖြစ်ပွားစေရေးနှင့် တိရစ္ဆာန်များမှ လူများသို့ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါဖြစ်ပွားသည့်ဒေသတွင် ရောဂါဖြစ်ပွားမှု ပပျောက်စေရန်နှင့် အခြားနေရာဒေသများသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် ကော်မတီအစီအစဉ်ဖြင့် လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ညှိနှိုင်း၍လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း-

(က) တိရစ္ဆာန်များအား ကာကွယ်ဆေးများ ထိုးပေးရန်နှင့် ဆေးဝါးကုသရန်အတွက် လည်းကောင်း၊ တိရစ္ဆာန်များတွင် ကူးစက်ရောဂါ မဖြစ်ပွားစေရန်နှင့် တိရစ္ဆာန်များမှ လူများသို့ ကူးစက်ရောဂါ မဖြစ်ပွားစေရန်အတွက်လည်းကောင်း အခါအားလျော်စွာ လိုအပ်သည့် ဆေးကုသမှုနှင့် ဓာတ်ခွဲစစ်ဆေးမှုများကို စီစဉ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကော်မတီပိုင် တိရစ္ဆာန်ဆေးကုခန်းနှင့် ဓာတ်ခွဲခန်းများကို သင့်လျော်သည့်နေရာတွင် ဖွင့်လှစ်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဖွင့်လှစ်ထားသော တိရစ္ဆာန်ဆေးကုခန်းအတွက် တိရစ္ဆာန် ဆေးကုဆရာဝန်၊ ကြီးကြပ်ရေးမှူးနှင့် ဓာတ်ခွဲခန်းမှူးများကို ခန့်ထားရမည်။

၇။ ကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေအရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်နှိပ်စက်ညှဉ်းပန်းခြင်းမှ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တော်နယ်နိမိတ်အတွင်း

ယင်းလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကိုကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း ပြုနိုင်သည်။

## အခန်း(၃)

## တိရစ္ဆာန်မွေးမြူခြင်း၊ ထိန်းသိမ်းခြင်းနှင့် သယ်ဆောင်ခြင်းများကို ကြီးကြပ်ခြင်း

၈။ မြို့တော်နယ်နိမိတ်အတွင်း ကျွဲ၊ နွားတိရစ္ဆာန်ကို မွေးမြူလိုသူ သို့မဟုတ် အိမ်မွေး တိရစ္ဆာန်ကို ဖြစ်စေ၊ ကြက်၊ ဘဲ၊ ငုံး တစ်မျိုးမျိုးကိုဖြစ်စေ စီးပွားရေးအလို့ငှာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လို သူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

၉။ ကော်မတီသည် နည်းဥပဒေ ၈ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့်လိုင်စင်ခကို ပေးသွင်းစေပြီး လိုင်စင်ကိုလျှောက်ထားသူအားထုတ်ပေးရမည်။ငြင်းပယ်ပါက လျှောက်ထားသူထံ ရက်ပေါင်း(၃၀)အတွင်းစာဖြင့်အကြောင်းကြားရမည်။

၁၀။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့ရက်မှစ၍ အကျုံးဝင်သည့် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်းသာဖြစ်သည်။

၁၁။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၂။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၃၀)ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၃။ ကော်မတီသည် နည်းဥပဒေ ၁၂ အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ လိုင်စင်ရရှိသူသည် နည်းဥပဒေ ၁၂ နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထား ခဲ့ပြီးဖြစ်လျှင် ကော်မတီက လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်းရှိမရှိ အကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့အထိ လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။

၁၅။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် လိုင်စင် မိတ္တူမှန်ရရှိလိုပါက ခိုင်လုံသောအထောက်အထားပူးတွဲ၍ ကော်မတီသို့ လျှောက်ထား ရမည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်၍ လိုင်စင်ခ နှုန်းထား၏(၅၀) ရာခိုင်နှုန်းကို ဒဏ်ကြေးငွေပေးသွင်းစေပြီး လိုင်စင်မိတ္တူမှန်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ မြို့တော်နယ်နိမိတ်အတွင်း အောက်ပါကိစ္စတစ်ရပ်ရပ်ကို ပြုလုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်-

(က) အများပြည်သူအား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ကော်မတီက သတ်မှတ်သော တိရစ္ဆာန်ကို မွေးမြူခြင်း၊

(ခ) မှတ်ပုံတင်ရန် လိုအပ်သည်ဟု ကော်မတီက သတ်မှတ်သော အိမ်မွေးတိရစ္ဆာန်ကို မွေးမြူခြင်း၊

(ဂ) ကော်မတီကသတ်မှတ်သည့် နယ်မြေဒေသတွင် ကျွဲ၊ နွားတိရစ္ဆာန်ကို ထိန်းကျောင်းခြင်း၊ မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း သို့မဟုတ် သယ်ဆောင်ခြင်း။

၁၇။ ကော်မတီသည် နည်းဥပဒေ ၁၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

၁၈။ နည်းဥပဒေ ၁၇ အရ ထုတ်ပေးသော အိမ်မွေးတိရစ္ဆာန်မွေးမြူရန် ခွင့်ပြုချက်ရရှိသူသည်-

(က) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ကော်မတီနှင့် ဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ကာကွယ်ဆေးထိုးနှံခြင်း၊ လည်ပတ်တံဆိပ်များ တပ်ဆင်ခြင်းနှင့် အခြားအခွန်အခများ ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၉။ ကော်မတီသည်-

(က) မြို့တော်နယ်နိမိတ်အတွင်း ကျွဲ၊ နွားတိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်နှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူခြင်းများကို သက်သေနှစ်ဦးနှင့်အတူ အခါအားလျော်စွာ စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် စစ်ဆေးရေးဝန်ထမ်းများကို လိုအပ်သလို ခန့်ထားတာဝန်ပေးအပ် နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ စစ်ဆေးရာတွင် မွေးမြူရန် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ထားခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ မွေးမြူရန် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ မွေးမြူကြောင်း စစ်ဆေးတွေ့ရှိလျှင် ဖြစ်စေ အရေးယူဆောင်ရွက်နိုင်သည်။

(ဂ) မြို့တော်နယ်နိမိတ်အတွင်း သတ်မှတ်ထားသည့် နယ်မြေဒေသတွင် ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားတိရစ္ဆာန်ကို ထိန်းကျောင်းခြင်း၊ မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း သို့မဟုတ် သယ်ဆောင်ခြင်းနှင့် စပ်လျဉ်းပြီး ထုတ်ပြန်ထားသော စည်းကမ်းချက်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းရှိမရှိ အခါအားလျော်စွာ စစ်ဆေးစေပြီး ထုတ်ပြန်ထားသော စည်းကမ်းချက်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိလျှင် အရေးယူဆောင်ရွက်နိုင်သည်။

၂၀။ ကော်မတီသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးငွေနှင့် အခွန်အခတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

## အခန်း(၄)
## အများပြည်သူ၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသည့် တိရစ္ဆာန်များအား သုတ်သင်ရှင်းလင်းခြင်း

၂၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူ၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသည့် ခွေးလေ၊ ခွေးလွင့်၊ ကြွက်နှင့် ရောဂါပိုးသယ်ဆောင်တတ်သည့် အခြားတိရစ္ဆာန်များအား သုတ်သင်ရှင်းလင်းရေးလုပ်ငန်းကို အခါအားလျော်စွာဆောင်ရွက်ရမည်။

၂၂။ ကော်မတီသည် နည်းဥပဒေ ၂၁ ပါ လုပ်ငန်းကိုဆောင်ရွက်နိုင်ရန် အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သည့် နည်းဖြင့်ဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးနိုင်သည်။

၂၃။ ကော်မတီသည် -

(က) နည်းဥပဒေ ၂၂ အရ ဆောင်ရွက်ခွင့်ရရှိသူ၏ လုပ်ငန်းဆောင်ရွက်ချက်အပေါ် လိုအပ်သလို ကြီးကြပ်လမ်းညွှန်ခြင်း ပြုနိုင်သည်။

(ခ) ဆောင်ရွက်ခွင့်ရရှိသူက ကော်မတီ၏ ကြီးကြပ်လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်းမပြုပါက ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်း၍ အခြားအဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား နည်းဥပဒေ ၂၂ ပါ နည်းလမ်းအတိုင်း ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၄။ ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်းသည် စည်ပင်သာယာလမ်းပေါ်တွင် စည်းကမ်းမဲ့သွားလာနေသော သို့မဟုတ် ပိုင်ရှင်ဖြစ်သူက စည်းကမ်းမဲ့လွှတ်ထားသော ကျွဲ၊ နွား တိရစ္ဆာန်နှင့် အိမ်မွေးတိရစ္ဆာန်များကို အချိန်မရွေးဖမ်းဆီးခွင့်ရှိသည်။ ယင်းသို့ ဖမ်းဆီးရမိသော ကျွဲ၊ နွား တိရစ္ဆာန်နှင့် အိမ်မွေးတိရစ္ဆာန်များကို သက်ဆိုင်ရာတိရစ္ဆာန် ထောင်သို့ပို့အပ်ရမည်။

၂၅။ ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသော စည်ပင်သာယာဝန်ထမ်းသည် စည်ပင်သာယာလမ်းများပေါ်တွင် စက်ဆုပ်ဖွယ်ရာဖြစ်သည့် တိရစ္ဆာန်အသေကောင်ကိုတွေ့ရှိပါက ရှင်းလင်းစွန့်ပစ်သည့် အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်။

၂၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) မိမိ၏အစီအစဉ်ဖြင့် မိမိပိုင်မြေပေါ်တွင် တိရစ္ဆာန်ထောင်များကိုတည်ထောင်ခွင့်ရှိသည်။

(ခ) လိုအပ်ပါက အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအားသတ်မှတ်ချက်များနှင့်အညီ တိရစ္ဆာန်ထောင် တည်ထောင်ခွင့်ပြုနိုင်သည်။

၂၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ နေရာတွင် စည်းကမ်းမဲ့သွားလာနေသည့် ခွေး၊ ကြောင် သို့မဟုတ် ကော်မတီက ဘေးအန္တရာယ်ရှိကြောင်း သတ်မှတ်သည့် မည်သည့်တိရစ္ဆာန်ကိုမဆို သုတ်သင်ရှင်းလင်းနိုင်သည်။

၂၈။ လိုင်စင်ရရှိသူ သို့မဟုတ် အိမ်မွေးတိရစ္ဆာန်မွေးမြူရန် ခွင့်ပြုချက် ရရှိသူသည် မြို့တော်နယ်နိမိတ်အတွင်း ရောဂါတစ်စုံတစ်ရာကြောင့် မိမိ၏ တိရစ္ဆာန် သေဆုံးပါက ကော်မတီ သို့မဟုတ် ဌာန သို့မဟုတ် အနီးဆုံး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊ ဖျက်ဆီးမှုတစ်စုံတစ်ရာ မပြုလုပ်မီကိုယ်တိုင်ဖြစ်စေ၊ သင့်လျော်သည့်နည်းဖြင့်ဖြစ်စေ အမြန်ဆုံး အကြောင်းကြားရမည်။

၂၉။ ကော်မတီသည် -

(က) နည်းဥပဒေ ၂၈ အရ အကြောင်းကြားချက်ရရှိလျှင် အဆိုပါနေရာသို့ အမြန်ဆုံးသွားရောက်စစ်ဆေးပြီး ရှင်းလင်းစွန့်ပစ်မှုအစီအစဉ်များကို ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ စစ်ဆေးရာ၌ အများပြည်သူ၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်ကြောင်းတွေ့ရှိလျှင် လိုအပ်သည့်ကာကွယ်မှုအစီအစဉ်များကို ဆောင်ရွက်ရမည်။ လိုအပ်ပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း(၅)
## တိရစ္ဆာန်ထောင်ရှိ တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း

၃၀။ ကော်မတီသည် တိရစ္ဆာန်ထောင်ရှိ တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်နိုင်ရန် အလို့ငှာ တိရစ္ဆာန်ထောင်တာဝန်ခံများကို လိုအပ်သလို တာဝန်ပေးအပ်နိုင်သည်။

၃၁။ ကော်မတီသည်-

(က) ဖမ်းဆီးထားသော ကျွဲ၊ နွားတိရစ္ဆာန်အား ဖမ်းဆီးသည့်နေ့မှ (၁)လအတွင်း ပိုင်ရှင်ဖြစ်သူက လိုင်စင်အပါအဝင် ပိုင်ဆိုင်ကြောင်းကိုတင်ပြနိုင်လျှင် ဖမ်းဆီးဆုကြေးငွေ၊ ထိန်းသိမ်းစောင့်ရှောက်ခ၊ ကျွေးမွေးစရိတ်နှင့် ဒဏ်ကြေးငွေတို့ကို ကော်မတီသို့ ပေးသွင်းစေပြီး ရွေးယူခွင့်ပြုနိုင်သည်။

(ခ) ဖမ်းဆီးထားသော အိမ်မွေးတိရစ္ဆာန်အား ဖမ်းဆီးသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ရှင်ဖြစ်သူက လိုင်စင်အပါအဝင် ပိုင်ဆိုင်ကြောင်းကိုတင်ပြနိုင်လျှင် ဖမ်းဆီးဆုကြေးငွေ၊ ထိန်းသိမ်းစောင့်ရှောက်ခ၊ ကျွေးမွေးစရိတ်နှင့် ဒဏ်ကြေးငွေတို့ကို ကော်မတီသို့ ပေးသွင်းစေပြီး ရွေးယူခွင့်ပြုနိုင်သည်။

(ဂ) သတ်မှတ်ထားသောကာလအထိ လာရောက်ရွေးယူခြင်းမပြုသည့် တိရစ္ဆာန်များကို စစ်ဆေးပြီး ရောဂါဘယကင်းရှင်းကြောင်းတွေ့ရှိပါက လေလံတင်ရောင်းချရန် သို့မဟုတ် သင့်လျော်သည့်နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်သည်။ ရောဂါဘယရှိကြောင်းတွေ့ရှိပါက သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သုတ်သင်ရှင်းလင်းရမည်။

၃၂။ ကော်မတီသည် နည်းဥပဒေ ၃၁၊ နည်းဥပဒေခွဲ(ဂ)အရ လေလံတင်ရောင်းချသင့်သည်ဟု ထင်မြင်လျှင် သင့်လျော်သည့်စည်ပင်သာယာဝန်ထမ်းများပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်း၍တာဝန်ပေးအပ်နိုင်သည်။

၃၃။ လေလံတင်ရောင်းချရေးအဖွဲ့သည် ကော်မတီ၏ သဘောတူညီချက်ဖြင့် -

(က) လေလံတင်ရောင်းချမည့် တိရစ္ဆာန် အမျိုးအစားကောင်ရေ၊ လေလံစည်းကမ်း၊ လေလံတင်ရောင်းချပွဲ ကျင်းပမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို အများပြည်သူ သိရှိရန် လေလံတင်ရောင်းချမည့်နေ့မတိုင်မီ အနည်းဆုံး(၇)ရက်ကြိုတင်၍ ကြေညာရမည်။

(ခ) လေလံတင်ရောင်းချမည့် တိရစ္ဆာန်၏ ကာလပေါက်ဈေးထက်မနိမ့်သော ကြမ်းခင်းဈေးကို သတ်မှတ်နိုင်သည်။

(ဂ) လေလံတင်ရောင်းချရငွေများမှအမှန်ကုန်ကျစရိတ်များကို ကော်မတီ၏ အတည်ပြုချက်ရယူပြီး နုတ်ယူခွင့်ရှိသည်။

(ဃ) လေလံတင်ရောင်းချရငွေမှ ကျန်ငွေကို သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ကော်မတီပိုင်ငွေအဖြစ် ပေးသွင်းရမည်။

၃၄။ တိရစ္ဆာန်ထောင်တာဝန်ခံသည် ကော်မတီ၏သဘောတူညီချက်ဖြင့် -

(က) တိရစ္ဆာန်အမျိုးအစားအလိုက် ဖမ်းဆီးဆုကြေးငွေ၊ ဖမ်းဆီးရမိသည့် တိရစ္ဆာန်များအား တိရစ္ဆာန်ထောင်တွင် ထိန်းသိမ်းထားရှိခြင်းအတွက် ထိန်းသိမ်းစောင့်ရှောက်ခ၊ ကျွေးမွေးစရိတ်နှင့် ဒဏ်ကြေးငွေတို့ကို တိရစ္ဆာန်ထောင်တွင် အများမြင်သာသည့် နေရာ၌ ချိတ်ဆွဲထားရှိရမည်။

(ခ) တိရစ္ဆာန်ထောင်တွင် ထိန်းသိမ်းထားစဉ်အတွင်း တိရစ္ဆာန်သေဆုံးလျှင် သက်ဆိုင်ရာ တိရစ္ဆာန်ဆေးကုဆရာဝန်၏ စစ်ဆေးချက်မှတ်တမ်းရယူပြီးနောက် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဖျက်ဆီးရမည်။

## အခန်း (၆)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၅။ ကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီ၏ ညွှန်ကြားချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူအား လိုအပ်ပါကစုံစမ်းစစ်ဆေး၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လုပ်ငန်း သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(င) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၃၆။ (က) နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဃ)အရ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် ယင်းရပ်ဆိုင်းကာလ ကုန်ဆုံးသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပြန်လည်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ယခင်ဖောက်ဖျက် ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက် ကျူးလွန်ခြင်းမပြုပါဟု ဝန်ခံကတိပြုစေ၍ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

01 / E / Final Law

၃၇။ ကော်မတီသည် နည်းဥပဒေ ၃၆၊ နည်းဥပဒေခွဲ (ခ)အရ ပြန်လည်ထုတ်ပေးသော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ရရှိသူက ယခင်ဖောက်ဖျက် ကျူးလွန်ခဲ့သည့် စည်းကမ်းချက်နှင့် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်လျှင် ထိုသူ၏ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်နိုင်သည်။

၃၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ကျွဲ၊ နွား၊ တိရစ္ဆာန်များကို လိုင်စင်မရှိဘဲ မွေးမြူခြင်း၊ လူနေရပ်ကွက်အတွင်း မွေးမြူခြင်း၊ စီးပွားရေးအလို့ငှာ ကြက်၊ ဘဲ၊ ငုံး၊ ဝက်၊ သိုး၊ ဆိတ်၊ တစ်မျိုးမျိုးကို လိုင်စင်မရှိဘဲမွေးမြူခြင်း၊ လူနေရပ်ကွက်အတွင်း မွေးမြူခြင်းတို့ပြုလုပ်သူ မည်သူကိုမဆို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်နိုင်သည်။

၃၉။ ကော်မတီသည် ဤနည်းဥပဒေများအရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီးပြင်ဆင်ခြင်းပြုနိုင်သည်။

## အခန်း(၇)

## အထွေထွေ

၄၀။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၁။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၂။ ကော်မတီသည် ဤနည်းဥပဒေများပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

01 / E / Final Law

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

01 / E / Final Law

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဆိုင်ရာနည်းဥပဒေများ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ အခန်း(၁) | ။ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) | ။ အများပြည်သူ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး | ၂ |
| ၃။ အခန်း(၃) | ။ ကူးစက်ရောဂါများကြိုတင်ကာကွယ်ခြင်း | ၃ |
| ၄။ အခန်း(၄) | ။ အဓိကကူးစက်မြန်ရောဂါနှင့် တိုင်ကြားရမည့် ကူးစက်ရောဂါများကာကွယ်ခြင်းနှင့်နှိမ်နင်းခြင်း | ၅ |
| ၅။ အခန်း(၅) | ။ အထွေထွေ | ၆ |


01 / E / Final Law

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဆိုင်ရာနည်းဥပဒေများ**

အမိန့်ကြော်ငြာစာအမှတ် ၁၀ /၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစားအသောက်** ဆိုသည်မှာ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ အသား၊ ငါး၊ ချက်ပြုတ်ပြုပြင်ရောင်းချသော အစားအစာ၊ အဖျော်ယမကာနှင့် စည်သွတ်ဘူးများ အပါအဝင် လူတို့စားသုံးသည့် အစားအစာများကိုဆိုသည်။

(ခ) **ကူးစက်ရောဂါ** ဆိုသည်မှာ လူတစ်ဦးမှတစ်ဦးသို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း ကူးစက်တတ်သောရောဂါကိုဆိုသည်။

(ဂ) **အဓိကကူးစက်မြန်ရောဂါ** ဆိုသည်မှာ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ခုခံအားကျဆင်းမှုရောဂါများကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အဓိကကူးစက်မြန် ရောဂါအဖြစ်သတ်မှတ်သည့် ကူးစက်ရောဂါများလည်းပါဝင်သည်။

(ဃ) **တိုင်ကြားရမည့်ကူးစက်ရောဂါ** ဆိုသည်မှာ ရောဂါပြန့်ပွားကြောင်းသိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းတိုင်ကြားရန် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်ကူးစက်ရောဂါကိုဆိုသည်။

01 / E / Final Law

(င) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့် ဌာနကိုဆိုသည်။

## အခန်း(၂)

## အများပြည်သူ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

၃။ ကော်မတီသည် အများပြည်သူ၏ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကော်မတီပိုင် ဆေးရုံနှင့်ဆေးခန်းများကို တည်ဆဲဥပဒေနှင့်အညီ တည်ထောင် ဖွင့်လှစ်နိုင်သည်။

၄။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်သူအား မိမိလုပ်ငန်း မှထွက်ရှိသော အခိုးအငွေ့၊ အနံ့နှင့်အသံများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်၍ အများပြည်သူ၏ ကျန်းမာရေးကို ထိခိုက်မှုမဖြစ်စေရေးအတွက် လိုအပ်သောအစီအမံများပြုလုပ်ထားရှိရန် ညွှန်ကြားနိုင် သည်။

၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) အမျိုးသားအစားအသောက်ဥပဒေနှင့်အညီ အစားအသောက်စစ်ဆေးရေးလုပ်ငန်း ကိုဆောင်ရွက်ရာတွင် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) အစားအသောက်စစ်ဆေးရေးလုပ်ငန်းကိုဆောင်ရွက်ရာတွင် အစားအသောက်ထုတ် လုပ်သည့် သို့မဟုတ် ရောင်းချသည့်အဆောက်အအုံအတွင်းသို့ လိုအပ်ပါက သက်သေ နှစ်ဦးနှင့်အတူ ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

(ဂ) စစ်ဆေးတွေ့ရှိချက်အရ အရေးယူရန်လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူရ မည်။

၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း မည်သည့်နေရာတွင်မဆို စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးကြောင့်သော်လည်းကောင်း၊ မြေသြဇာအသုံးပြုခြင်း သို့မဟုတ် မြေဆွေးများ သိုလှောင် ထားရှိခြင်းကြောင့်သော်လည်းကောင်း၊ မြောင်းဖောက်လုပ်ခြင်းကြောင့်သော်လည်းကောင်း ပတ်ဝန်းကျင်ရှိ အများပြည်သူ၏ ကျန်းမာရေးကိုထိခိုက်နိုင်သည်ဟုထင်မြင်ယူဆလျှင် ယင်းလုပ်ငန်းများကို လုပ်ကိုင် ခြင်းမပြုရန် သို့မဟုတ် အများပြည်သူ၏ ကျန်းမာရေးကို ထိခိုက်ခြင်းမရှိစေရေးအတွက် မည်သို့ ဆောင်ရွက်ရမည်ကို ညွှန်ကြားနိုင်သည်။

၇။ ကော်မတီသည် ကူးစက်ရောဂါကျရောက်စေတတ်သည့် ကြွက်၊ ခြင်၊ ယင်နှင့် ရောဂါပိုး သယ်ဆောင်တတ်သည့် အခြားပိုးမွှားတိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းနိုင်ရေးအတွက် ပုဂ္ဂလိက

လုပ်ငန်းများတွင် အသုံးပြုသောပိုးသတ်ဆေး၊ ဓာတုပစ္စည်းများနှင့် ယင်းတို့ကိုအသုံးပြုသည့် ကိရိယာများ၊ နည်းလမ်းများသည် ပတ်ဝန်းကျင်ရှိ အများပြည်သူ၏ ကျန်းမာရေးကိုထိခိုက်နိုင်ခြင်းရှိမရှိနှင့် စပ်လျဉ်း၍ အဆိုပါလုပ်ငန်းများကို စစ်ဆေးခြင်းနှင့် ကြပ်မတ်ခြင်းပြုနိုင်သည်။

၈။ ကော်မတီသည် ခြင်၊ ယင်နှင့် ရောဂါပိုးသယ်ဆောင်တတ်သည့် အခြားပိုးမွှားတိရစ္ဆာန်များ ပေါက်ပွားရာနေရာ သို့မဟုတ် ရောဂါပြန့်ပွားရန် လက္ခဏာရှိသောနေရာများ၏ ပိုင်ရှင်သို့မဟုတ် ထိုနေရာများတွင် နေထိုင်အသုံးပြုသူအား ပတ်ဝန်းကျင်ရှိ အများပြည်သူ၏ ကျန်းမာရေးကို ထိခိုက်မှု မရှိစေရေးအတွက် လိုအပ်သလိုဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၉။ (က) ကော်မတီ၏လက်အောက်ရှိဌာနတစ်ခုခုကထုတ်ပေးသော လိုင်စင် သို့မဟုတ် ခွင့်ပြုချက် အရလုပ်ကိုင်သည့် လုပ်ငန်းနေရာကို ကျန်းမာရေးနှင့်ညီညွတ်သည့် အခြေအနေရှိမရှိ ဝင်ရောက်စစ်ဆေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ စစ်ဆေးသည့်အခါ ကျန်းမာရေးနှင့်ညီညွတ်သည့်အခြေအနေ မရှိကြောင်းတွေ့ရှိပါက လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရေးအတွက် သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးသော သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်။

၁၀။ ကော်မတီသည် အစားအသောက်တစ်မျိုးမျိုးကို စားသုံးရန်မသင့်ကြောင်း စစ်ဆေးတွေ့ရှိပါက လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရေးအတွက် သဘောထားမှတ်ချက်ဖြင့် အဆိုပါအစားအသောက်ကိုထုတ်လုပ်ရန် လိုင်စင်ထုတ်ပေးသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

## အခန်း(၃)
## ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ခြင်း

၁၁။ ကော်မတီသည် ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအား ကြိုတင်ကာကွယ်နိုင်ရန် ရာသီမတိုင်မီ သတိပေးကြေညာခြင်းများအား သတင်းစာများ၊ ရေဒီယိုများမှလည်းကောင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် ကြေညာခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ် နိုင်ရန်အတွက်လည်းကောင်း၊ အဓိကကူးစက်မြန် ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါ ဖြစ်ပွားသည့်အခါတွင်လည်းကောင်း ကူးစက် ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၃ နှင့် ၄ တို့အရ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဦးစီးဌာနနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရမည်။

01 / E / Final Law

၁၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ကူးစက်ရောဂါ များကြိုတင်ကာကွယ်နိုင်ရန် ကူးစက်ရောဂါများကျရောက်စေတတ်သည့် ကြွက်၊ ခြင်၊ ယင်နှင့် ရောဂါပိုးသယ်ဆောင်တတ်သည့် အခြားပိုးမွှားတိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းရမည်။

၁၃။ ကော်မတီသည် စားသောက်ကုန်လုပ်ငန်း ထုတ်လုပ်ရောင်းချရာတွင် ကျန်းမာရေးနှင့် ညီညွတ်သော အောက်ပါအစီအမံများ ဆောင်ရွက်ထားရှိရန်ညွှန်ကြားနိုင်သည်-

(က) အသင့်စားသုံးကုန်၊ အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပြုသောဝန်ထမ်းသည် တစ်ကိုယ်ရေသန့်ရှင်းမှုရှိရမည်ဖြစ်ပြီး ကူးစက်တတ်သောရောဂါ မရှိသူဖြစ်ရမည်။ သက်ဆိုင်ရာကျန်းမာရေးဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ခ) ယင်းထုတ်လုပ်သည့် စားသောက်ကုန်အထုပ်ပေါ်တွင် ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံး စားသုံးနိုင်မည့်ရက်စွဲ၊ ပါဝင်ပစ္စည်းအမျိုးအမည်၊ လိပ်စာအပြည့်အစုံကို အများပြည်သူ သိရှိနားလည်နိုင်ရေး ဖော်ပြထားရန်နှင့် သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် ဆောင်ရွက်ရမည်။

(ဂ) အေးခဲအသားများ သိုလှောင်ရောင်းချခွင့်မရှိစေရန်နှင့် အသင့်စားအသားပြုပြင်ထုတ်လုပ်သည့်အသားများကို သက်ဆိုင်ရာဌာနမှ တရားဝင်ခွင့်ပြုထားသော လိုင်စင်ရရှိထားသူထံမှ ဝယ်ယူဆောင်ရွက်ရမည်။

(ဃ) အစားအသောက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော နေရာများတွင် ကုန်ကြမ်းများအား ကျန်းမာရေးနှင့် ညီညွတ်အောင် စနစ်တကျသိုလှောင်ထားရှိရေး၊ သန့်ရှင်းသောရေကို အသုံးပြုရေး၊ စနစ်ကျသော ရေမြောင်းနှင့် အမှိုက်စွန့်ပစ်မှုစနစ်ထားရှိရေး၊ မိလ္လာစနစ် ကောင်းမွန်ရေး၊ အနီးတစ်ဝိုက်တွင် တိရစ္ဆာန်များမရှိစေရေး၊ ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် နီးကပ်စွာမထားရှိစေရေး၊ ခွင့်မပြုသောဓာတုပစ္စည်း၊ ဆိုးဆေးနှင့် စားသုံးဆီများ သုံးစွဲမှုမရှိစေရေးတို့ကို ဆောင်ရွက်ရမည်။

(င) စားသောက်ကုန် လုပ်ငန်းများမှအသုံးပြုပြီးဖြစ်သော ပြန်လည်သုံးစွဲရန် မသင့်တော်သည့် စွန့်ပစ်ပစ္စည်းများကိုထပ်မံသုံးစွဲမှုမရှိစေရေးဆောင်ရွက်ရမည်။

(စ) သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးအား ဆိုးရွားစွာထိခိုက်စေမည့် ထုတ်လုပ်ရောင်းချမှု လုပ်ငန်းများအား ယင်းသို့အန္တရာယ်မကျရောက်စေရန်အတွက် ပြည့်စုံလုံလောက်ပြီး ထိရောက်သော အစီအမံများထားရှိရန် ညွှန်ကြားဆောင်ရွက်ရမည်။

၁၄။ ကော်မတီသည် ကျန်းမာရေးနှင့်ပတ်သက်သော လုပ်ငန်းများ၊ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အောက်ပါအတိုင်းညွှန်ကြားဆောင်ရွက်နိုင်သည်-

(က) ကျန်းမာရေးအကြောင်းပြ၍ ဝန်ဆောင်မှုလုပ်ငန်းအား စည်းကမ်းတကျ ဖွင့်လှစ်ခွင့်ပြုနိုင်သည်။

01 / E / Final Law

ယင်းသို့ခွင့်ပြုရာတွင် သက်ဆိုင်ရာ ကျန်းမာရေးဌာန၏ ပညာရပ်ဆိုင်ရာ အသိအမှတ်ခွင့်ပြုချက်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း သို့မဟုတ် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းနှင့် နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုထောက်ခံချက်တို့ပါရှိရမည်။

(ခ) နိုင်ငံခြားကုမ္ပဏီမှထုတ်လုပ်သည့် ကိုယ်ခန္ဓာပြင်ပအကြောရောဂါလိမ်းဆေးနှင့် အခြားဓာတ်မှန်ကုထုံးရောင်ခြည်၊ အသံလှိုင်းတုန်ခါအကြောပြင်စက်များ အားလုံးသည် ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်တင်သွင်းခွင့်ပြုပြီး အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုထောက်ခံချက်ရရှိသည့် စက်အမျိုးအစားကိုသာ အသုံးပြုရမည်။

(ဂ) စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများကို လိုက်နာမှုအတွက် သက်ဆိုင်ရာဌာန၏ စစ်ဆေးခွင့်ပြုချက်ပါရှိရမည်။

(ဃ) အသုံးပြုမည့်ဆေးဝါးများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) အသိအမှတ်ပြုဆေးဝါးဖြစ်ခြင်း၊ အလှအပပစ္စည်းများသည် လူကိုအန္တရာယ်မပြုကြောင်း အာမခံချက်ပါရှိခြင်းနှင့် အသုံးပြုမည့် ကျန်းမာရေးဆိုင်ရာ စက်ပစ္စည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ ထောက်ခံချက်ပါရှိခြင်းဖြစ်ရမည့်အပြင် ကိုင်တွယ်အသုံးပြု မည့်သူသည် သက်ဆိုင်ရာဘာသာရပ်အလိုက်ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။

## အခန်း(၄)

## အဓိကကူးစက်မြန်ရောဂါနှင့် တိုင်ကြားရမည့်ကူးစက်ရောဂါများ ကာကွယ်ခြင်းနှင့်နှိမ်နင်းခြင်း

၁၅။ တိုင်းရင်းဆေးဆရာများ၊ ကျန်းမာရေးမှူးများနှင့် ဆရာဝန်များသည် မြို့တော်နယ်နိမိတ်အတွင်း ဆေးကုသရာ၌ အဓိကကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့်ကူးစက်ရောဂါဖြစ်ပွားသည်ကိုတွေ့ရှိလျှင် သက်ဆိုင်ရာကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့တိုင်ကြားရမည့်အပြင် ကော်မတီ သို့မဟုတ် ဌာန သို့မဟုတ် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့လည်း ချက်ချင်းအသိပေးရမည်။

၁၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အဓိကကူးစက်မြန်ရောဂါနှင့် တိုင်ကြားရမည့်ကူးစက်ရောဂါ ဖြစ်ပွားနိုင်သည့်ရေကို သုံးစွဲခြင်းမပြုရန်တားမြစ်ရမည်။ လိုအပ်လျှင် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၁၇။ မြို့တော်နယ်နိမိတ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် ဘော်ဒါဆောင်၏ပိုင်ရှင် သို့မဟုတ် စီမံအုပ်ချုပ်သူသည် မိမိအဆောက်အအုံ၌ နေထိုင်သူတွင် အဓိက ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့်ကူးစက်ရောဂါဖြစ်ပွားနေသည်ကို တွေ့ရှိပါက

01 / E / Final Law

ကော်မတီ သို့မဟုတ် ဌာန သို့မဟုတ် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားပြီး သက်ဆိုင်ရာလူနာအား ကူးစက်ရောဂါကုဆေးရုံသို့ ချက်ချင်းပို့ရမည်။

၁၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အိုးအိမ်အတည်တကျမရှိသူ တစ်ဦးတစ်ယောက်၌ အဓိကကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့်ကူးစက်ရောဂါဖြစ်ပွားနေသည်ကို စစ်ဆေးတွေ့ရှိပါက လူနာအား ကူးစက်ရောဂါကုဆေးရုံသို့ အမြန်ဆုံးပို့အပ်ရန် ဆောင်ရွက်ရမည်။

၁၉။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အဓိကကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့်ကူးစက်ရောဂါဖြစ်ပွားလျှင် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေအရ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ကျန်းမာရေးဦးစီးဌာနနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

၂၀။ ကော်မတီသည် အဓိကကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့်ကူးစက်ရောဂါဖြင့် သေဆုံးသည့်အလောင်းအား သင်္ဂြိုဟ်ရမည့်အချိန်ကာလကို သတ်မှတ်ပေးရမည်။

## အခန်း(၅)

## အထွေထွေ

၂၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း နေထိုင်သူတို့အား လူနေအိမ်နှင့်အဆောက်အအုံတို့ကို ကျန်းမာရေးနှင့်ညီညွတ်စွာပြင်ဆင်ရန်၊ ထားရှိရန်၊ နေထိုင်ရန် သို့မဟုတ် အသုံးပြုရန်ညွှန်ကြားနိုင်သည်။

၂၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ဈေးကြီး၊ ရက်ကြီးများ၌ကျင်းပသော အခမ်းအနားတွင်ဖြစ်စေ၊ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် ပွဲလမ်းသဘင်များတွင်ဖြစ်စေ၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအရကျင်းပသည့် ပွဲလမ်းသဘင်များ သို့မဟုတ် ပျော်ပွဲရွှင်ပွဲများတွင်ဖြစ်စေ အများပြည်သူကျန်းမာရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်ထားခြင်း ရှိမရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သလိုညွှန်ကြားနိုင်သည်။

၂၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားလျှင် အများပြည်သူ၏ကျန်းမာရေးအတွက် အရေးပေါ်ဆောင်ရွက်နိုင်ရန် လိုအပ်သောလုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရမည်။ ယင်းသို့စီစဉ်ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၄။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

01 / E / Final Law

၂၅။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၆။ ကော်မတီသည် ဤနည်းဥပဒေများပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

01 / E / Final Law

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တည်းခိုခန်း၊ဘော်ဒါဆောင်နှင့် အခန်းလိုက်ငှားသောအဆောက်အအုံများဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

)1 / E / Final Law

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တည်းခိုခန်း၊ဘော်ဒါဆောင်နှင့်အခန်းလိုက်ငှားသော အဆောက်အအုံများဆိုင်ရာနည်းဥပဒေများ**

## <u>မာတိကာ</u>


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ အခန်း(၁) | ၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) | ၊ လိုင်စင် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း | ၂ |
| ၃။ အခန်း(၃) | ၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၄ |
| ၄။ အခန်း(၄) | ၊ အထွေထွေ | ၅ |


01 / E / Final Law

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တည်းခိုခန်း၊ဘော်ဒါဆောင်နှင့်အခန်းလိုက်ငှားသော အဆောက်အအုံများဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၁၁ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေ များကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တည်းခိုခန်း၊ ဘော်ဒါဆောင်နှင့် အခန်းလိုက်ငှားသော အဆောက်အအုံများဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင် သာယာရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တည်းခိုခန်း** ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ရိပ်သာနှင့် ဧည့်ဂေဟာများမှအပ ပြည်တွင်း ခရီးသည်များ အခကြေးငွေပေး၍ တည်းခိုနိုင်ရန်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ဖွင့်လှစ်ထားသော အဆောက်အအုံကိုဆိုသည်။

(ခ) **ဘော်ဒါဆောင်** ဆိုသည်မှာ တစ်ဦးချင်းငှားရမ်းပြီး လစဉ်ငှားရမ်းခသတ်မှတ်ချက်ဖြင့် လူအများ စုပေါင်းနေထိုင်နိုင်ရန် စီမံဆောက်လုပ်ထားသော အဆောက်အအုံကို ဆိုသည်။

(ဂ) **အခန်းလိုက်ငှားသော အဆောက်အအုံ**ဆိုသည်မှာ အဆောက်အအုံတစ်ခုလုံးကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အခန်းများဖွဲ့၍ ငှားရမ်းခ သတ်မှတ်ချက်ဖြင့် သတ်မှတ်သည့် အဆောက်အအုံကို ဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက် ငှားသောအဆောက်အအုံဖွင့်လှစ်ခြင်း လုပ်ငန်းလုပ်ကိုင်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးသော လုပ်ကိုင်ခွင့်ကိုဆိုသည်။

01 / E / Final Law

(င) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့် ဌာနကိုဆိုသည်။

## အခန်း(၂)
## လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၃။ မြို့တော်နယ်နိမိတ်အတွင်း တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများ ဖွင့်လှစ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၄။ ကော်မတီသည်-

(က) နည်းဥပဒေ ၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်သည့် လိုင်စင်ခကိုပေးသွင်းစေပြီး လိုင်စင်ကို လျှောက်ထားသူအားထုတ်ပေးရမည်။

(ဂ) လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူထံ ရက်ပေါင်း (၃၀)အတွင်း စာဖြင့်အကြောင်းကြားရမည်။

၅။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့ရက်မှစ၍ အကျုံးဝင်သည့် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်းသာ ဖြစ်သည်။

၆။ ကော်မတီသည် တည်ဆောက်မည့် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏အကျယ်အဝန်း၊ အဆောက်အအုံအမျိုးအစား၊ တည်ရှိရာ မြို့နယ်၏အခြေအနေတို့ကိုထောက်ရှု၍ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများကို အဆင့်ခွဲခြားသတ်မှတ်နိုင်သည်။

၇။ လိုင်စင်ရရှိသူသည် တည်းခိုခန်း၊ ဘော်ဒါဆောင်နှင့် အခန်းလိုက်ငှားသော အဆောက်အအုံများကို မူလပိုင်ရှင်ထံမှ နှစ်စဉ်အိမ်ငှား စာချုပ်ဖြင့် ငှားရမ်းပြီးဖွင့်လှစ်ပါက သက်တမ်းတိုးလျှောက်ထားချိန်တွင် အကျုံးဝင်သည့် အိမ်ရှင်အိမ်ငှား စာချုပ်မူရင်းနှင့် အိမ်ရှင်မှလုပ်ငန်းအား ခွင့်ပြုသဘောတူကြောင်း ထောက်ခံချက်နှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၈။ ကော်မတီသည် ၎င်းအချက်အလက်များ ပြည့်စုံစွာလျှောက်ထားမှုကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးခြင်းကို ခွင့်ပြုပေးနိုင်သည်။

၉။ လိုင်စင်ရရှိသူသည် -

(က) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများ၏ အဆောက်အအုံခိုင်ခံ့ရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးကို တာဝန်ယူရမည်။

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက် အအုံ၏ သန့်ရှင်းရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ အထွေထွေ စီမံခန့်ခွဲရေးတို့ကို ကော်မတီကသတ်မှတ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံ၏ ဝန်းကျင်တွင် ယာဉ်ရပ်နားရန်နေရာများ စီမံထားရှိရမည်။

(ဃ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(င) ကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၀။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ယင်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

၁၁။ ကော်မတီသည် နည်းဥပဒေ ၁၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်-

(က) လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန်ခွင့်ပြုလျှင် သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့်သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက် ကျော်လွန်ပြီး လျှောက်ထားပါက သတ်မှတ်သည့်သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးငွေ ကိုလည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

(ခ) လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူထံ ရက်ပေါင်း (၃၀)အတွင်း စာဖြင့်အကြောင်းကြားရမည်။

၁၂။ လိုင်စင်ရရှိသူသည် နည်းဥပဒေ ၁၀ နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထား ခဲ့ပြီးဖြစ်လျှင် ကော်မတီက လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း ရှိမရှိအကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့အထိ လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။

၁၃။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် လိုင်စင် မိတ္တူမှန်ရရှိလိုပါက ခိုင်လုံသောအထောက်အထားပူးတွဲ၍ ကော်မတီသို့ လျှောက်ထား ရမည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်၍ သတ်မှတ်သည့် ဒဏ်ကြေးငွေပေးသွင်းစေပြီး လိုင်စင်မိတ္တူမှန်ကို လျှောက်ထားသူအားထုတ်ပေးရမည်။

၁၄။ (က) လိုင်စင်ရရှိသူသည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းအလိုက်ငှားသော အဆောက်အအုံနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်နေရာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း၊ လုပ်ငန်းပူးပေါင်းခြင်း သို့မဟုတ် လုပ်ငန်းခွဲခြားခြင်းနှင့် လုပ်ငန်းတိုးချဲ့ခြင်းဆောင်ရွက်လိုပါက ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ လိုင်စင်ရရှိသူသည် လိုင်စင်ကို မှန်ဘောင်သွင်းခြင်း သို့မဟုတ် ပလပ်စတစ်လောင်းခြင်းတို့ ပြုလုပ်၍ အများမြင်သာသောနေရာတွင် ထားရှိရမည်။

၁၆။ ကော်မတီသည် တည်းခိုခန်း၊ ဘော်ဒါဆောင်နှင့် အခန်းလိုက်ငှားသော အဆောက်အအုံ အဆင့်အလိုက်လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးငွေနှင့်ဝန်ဆောင်ခတို့ကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

## အခန်း(၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၇။ ကော်မတီသည် လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီ၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်သော လိုင်စင်ရရှိသူအား လိုအပ်ပါက စုံစမ်းစစ်ဆေး၍ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လုပ်ငန်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်း၊

(င) လိုင်စင်ကိုပယ်ဖျက်ခြင်း။

၁၈။ (က) နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(ဃ)အရ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်းခံရသူသည် ယင်းသတ်မှတ်ကာလကုန်ဆုံးသည့်အခါ လိုင်စင်ပြန်လည်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ယခင် ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံ

ဖောက်ဖျက်ကျူးလွန်ခြင်းမပြုပါဟု ဝန်ခံကတိပြုစေ၍ လိုင်စင်ကိုပြန်လည်ထုတ်ပေးနိုင်သည်။

၁၉။ ကော်မတီသည် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသောလိုင်စင်ကို ရရှိသူက ယခင်ဖောက်ဖျက် ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက် ကျူးလွန်လျှင် ထိုသူ၏လိုင်စင်ကို အပြီးအပိုင်ပယ်ဖျက်နိုင်သည်။

၂၀။ ကော်မတီသည် ဤနည်းဥပဒေများအရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်သည်။

## အခန်း(၄)
## အထွေထွေ

၂၁။ ကော်မတီသည် လိုင်စင်ပါစည်းကမ်းချက် များကိုလည်းကောင်း၊ ကော်မတီနှင့်ဌာနတို့၏ အမိန့်၊ ညွှန်ကြားချက်များကိုလည်းကောင်း လိုင်စင်ရရှိသူက လိုက်နာဆောင်ရွက်ခြင်းရှိမရှိ သိရှိနိုင်ရန်နှင့် လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန် တည်းခိုခန်း၊ ဘော်ဒါဆောင်နှင့် အခန်းလိုက်ငှားသော အဆောက်အအုံများကို အခါအားလျော်စွာစစ်ဆေးနိုင်သည်။

၂၂။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၃။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၄။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

01 / E / Final Law

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

01 / E / Final Law

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဆိုင်ရာ
## နည်းဥပဒေများ

### <u>မာတိကာ</u>


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ အခန်း(၁) | ။ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) | ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၃ |
| ၃။ အခန်း(၃) | ။ အမှိုက်နှင့် စက်ဆုပ်ဖွယ်အရာများသန့်ရှင်းရေး | ၅ |
| ၄။ အခန်း(၄) | ။ ရေမြောင်းနှင့် လမ်းများသန့်ရှင်းရေး | ၇ |
| ၅။ အခန်း(၅) | ။ သန့်ရှင်းရေးအခွန်အခများကောက်ခံခြင်း | ၈ |
| ၆။ အခန်း(၆) | ။ သုသာန်များတွင် သင်္ဂြိုဟ်ခြင်း | ၁၀ |
| ၇။ အခန်း(၇) | ။ တားမြစ်ချက်များနှင့်အရေးယူခြင်း | ၁၁ |
| ၈။ အခန်း(၈) | ။ အထွေထွေ | ၁၂ |


01 / E / Final Law

# **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
# **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ**

အမိန့်ကြော်ငြာစာအမှတ် ၁၂ /၂၀၁၅

၁၃၇၇ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅ ၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## **အခန်း(၁)**
## **အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပတ်ဝန်းကျင်ထိန်းသိမ်းရေး**ဆိုသည်မှာ မြို့တော်နယ်နိမိတ်၏ မြေထု၊ ရေထု၊ လေထု အရပ်ဒေသအားလုံးအပြင် ကော်မတီပိုင်ရေကန်ကြီးများ၏ ရေဝေ၊ ရေလဲ နယ်နိမိတ်များရှိ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့်ပတ်ဝန်းကျင်အားအန္တရာယ်ဖြင့် သော်လည်းကောင်း၊ အသံဖြင့်သော်လည်းကောင်း၊ တုန်ခါမှုဖြင့်သော်လည်းကောင်း ထိခိုက်မှုမဖြစ်ပေါ်စေရန်ထိန်းသိမ်းစီမံခြင်းကိုဆိုသည်။

(ခ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသက်မဲ့တို့၏ သဘာဝဖြစ်ပျက် ပြုပြင်ပြောင်းလဲမှုများအရ အချင်းချင်းအပြန်အလှန်မှီတွယ်ဖြစ်တည်နေသော ဖြစ်စဉ်ကိုဆိုသည်။

(ဂ) **မီးဖိုချောင်ထွက်အမှိုက်**ဆိုသည်မှာ နေအိမ်များ၊ အိမ်ခန်းများနှင့် မီးဖိုချောင်များမှ အသုံးမလို၍ စွန့်ပစ်သောပစ္စည်းကိုဆိုသည်။

(ဃ) **ခြံထွက်အမှိုက်** ဆိုသည်မှာ ခြံအတွင်း ခုတ်ထွင်ရှင်းလင်းရာမှ ထွက်ရှိလာသော သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်များ၊ ချုံနွယ်များနှင့် အသုံးမလို၍စွန့်ပစ်သော အဆောက်အအုံ အစိတ်အပိုင်းများ၊ ပရိဘောဂပစ္စည်းအဟောင်းအပျက်များကိုဆိုသည်။

(င) **စက်ရုံ၊ အလုပ်ရုံထွက်အမှိုက်** ဆိုသည်မှာ စက်ရုံနှင့်အလုပ်ရုံများမှ အသုံးမလို၍စွန့်ပစ်သောပစ္စည်းများကိုဆိုသည်။

01 / E / Final Law

(စ) **တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းမှ အသုံးမလို၍ စွန့်ပစ်သောပစ္စည်းများကိုဆိုသည်။

(ဆ) **စီးပွားရေးလုပ်ငန်းထွက်အမှိုက်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းမှအသုံးမလို၍စွန့်ပစ်သောပစ္စည်းများကိုဆိုသည်။

(ဇ) **သာမန်အမှိုက်** ဆိုသည်မှာ ခြံထွက်အမှိုက်၊ စက်ရုံ၊ အလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်တို့မှအပ မီးဖိုချောင်ထွက် အမှိုက်နှင့် အခြားအမှိုက်များကိုဆိုသည်။

(ဈ) **အီလက်ထရောနစ်အမှိုက်**ဆိုသည်မှာ အသုံးမလို၍စွန့်ပစ်သော အီလက်ထရောနစ်ပစ္စည်းများဖြစ်သည့် ရေဒီယို၊ တီဗွီ၊ ဗွီဒီယိုပြစက်၊ တယ်လီဖုန်း၊ လက်ကိုင်ဖုန်း၊ ကွန်ပျူတာစသည့် အီလက်ထရောနစ်ပစ္စည်းများကို ဆိုသည်။

(ည) **ရေမြောင်း** ဆိုရာတွင် မြေအောက်ရေမြောင်း၊ ဥမင်လိုဏ်ခေါင်း၊ တူးမြောင်း၊ ရေစီးကြောင်း၊ ရေစီးရေလာမြောင်း၊ ရေပုပ်ကန်၊ အနည်ထုတ်ရေပိုက်၊ လေပိုက်ကြီးကိုဆိုသည်။ (ယင်းစကားရပ်တွင် အညစ်အကြေးများသုတ်သင်ရှင်းလင်းရန် စီမံပြုလုပ်ထားသည့်ပစ္စည်းကိရိယာတို့လည်းပါသည်။)

(ဋ) **စက်ဆုပ်ဖွယ်အရာ** ဆိုသည်မှာ တိရစ္ဆာန်အသေကောင်၊ တိရစ္ဆာန်ချေး၊ ပုပ်စပ်နံစော်သည့်အရာဝတ္ထု၊ မနှစ်မြို့ဖွယ်ရာသွေး၊ အရည် သို့မဟုတ် အညစ်အကြေးကိုဆိုသည်။

(ဌ) **ဆေးရုံစွန့်ပစ်ပစ္စည်း** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ အသင်းအဖွဲ့ပိုင် ဆေးရုံများ၊ ဆေးကုသခန်းများနှင့် ဆေးပေးခန်းများမှ အသုံးမလို၍စွန့်ပစ်သောပစ္စည်းများ၊ သွေးနှင့်သွေးစွန်း ပစ္စည်းများ၊ လူခန္ဓာကိုယ်အင်္ဂါနှင့်အစိတ်အပိုင်းများ၊ ဆေးရုံသုံးအန္တရာယ်ရှိ ဓါတုပစ္စည်းများကိုဆိုသည်။

(ဍ) **အလောင်း** ဆိုသည်မှာ လူသေအလောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် လူသေအလောင်း၏ အစိတ်အပိုင်းလည်းပါဝင်သည်။

(ဎ) **သင်္ဂြိုဟ်ခြင်း** ဆိုသည်မှာ အလောင်းကိုမြေမြှုပ်ခြင်း၊ ဂူသွင်းခြင်း သို့မဟုတ် မီးရှို့ခြင်းကိုဆိုသည်။

(ဏ) **သုသာန်**ဆိုသည်မှာ အလောင်းကိုသင်္ဂြိုဟ်ရန် ကော်မတီကသတ်မှတ်ထားသောနေရာကိုဆိုသည်။

(တ) **မီးသင်္ဂြိုဟ်စက်** ဆိုသည်မှာ အလောင်းကိုလောင်စာတစ်မျိုးမျိုးအသုံးပြု၍ မီးသင်္ဂြိုဟ်သော စက်ကိရိယာကိုဆိုသည်။(ယင်းစကားရပ်တွင် မီးသင်္ဂြိုဟ်စက်တည်ရှိရာ အဆောက်အအုံလည်းပါဝင်သည်။)

(ထ) **ဂူ** ဆိုသည်မှာ အလောင်းကိုထည့်သွင်းမြှုပ်နှံထားသော ကျောက်ဂူ သို့မဟုတ် အုတ်ဂူကိုဆိုသည်။ ယင်းစကားရပ်တွင် ဂူတည်ရှိရာမြေနှင့် အကာအရံအပြင် ဂူနှင့်သက်ဆိုင်သည့် အမှတ်အသားများနှင့် အရာဝတ္ထုများလည်း ပါဝင်သည်။

(ဒ) **အသုဘရှုအဆောင်** ဆိုသည်မှာ အသုဘပို့ရန်လာသည့် ပရိသတ်များနားနေရန် အတွက် သုသာန်အတွင်း ဆောက်လုပ်ထားသော အဆောက်အအုံကိုဆိုသည်။

(ဓ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် ကော်မတီ ကသတ်မှတ် တာဝန်ပေးအပ်သည့် သက်ဆိုင်ရာဌာနကိုဆိုသည်။

## အခန်း(၂)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၃။ ကော်မတီသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသော ဓာတုပစ္စည်းများ၊ အဆိပ်အတောက် ဖြစ်စေသောပစ္စည်းများ၊ ဓာတ်ရောင်ခြည်သင့်စေသောပစ္စည်းများကို အန္တရာယ်ကင်းရှင်းစေရန် ပြုလုပ်စေပြီး စွန့်ပစ်ရမည့်နေရာနှင့် စွန့်ပစ်ရမည့်နည်းလမ်းများကို သက်ဆိုင်ရာပုဂ္ဂိုလ်၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

၄။ ကော်မတီသည် စက်ရုံ၊ အလုပ်ရုံတစ်ခုခုမှ လေထုအတွင်းသို့ စွန့်ထုတ်သော မီးခိုး၊ အနံ့သို့မဟုတ် အခြားပစ္စည်း တစ်ခုခုကြောင့် ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှု မဖြစ်စေရေးအတွက် လည်းကောင်း၊ ပတ်ဝန်းကျင်မခံသာအောင် ကျယ်လောင်သောအသံမထွက်ပေါ်စေရေးအတွက် လည်းကောင်း ယင်းစက်ရုံ အလုပ်ရုံမှတာဝန်ရှိသူများက လိုအပ်သောအစီအမံများပြုလုပ်ထားရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅။ ကော်မတီသည် ဘေးဖြစ်စေတတ်သော အရည်၊ စက်ဆုပ်ဖွယ်အရာများနှင့် ဆေးရုံစွန့်ပစ် ပစ္စည်းများကို အများနှင့်သက်ဆိုင်သောနေရာများသို့ စီးဆင်းစေခြင်း၊ စုပုံထားရှိခြင်း၊ ဖြန့်ကြဲခြင်း၊ သွန်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရန် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် ဆေးရုံများမှ တာဝန်ရှိသူများအား ညွှန်ကြားနိုင်သည်။

၆။ ကော်မတီသည် စီးပွားရေးလုပ်ငန်းနှင့် စက်ရုံ၊ အလုပ်ရုံများတွင် သိုလှောင်ထားသောပစ္စည်း များကြောင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုတစ်စုံတစ်ရာဖြစ်ပေါ်စေနိုင်ပါက ပိုင်ရှင် သို့မဟုတ် အသုံးပြုသူအား ၄င်းပစ္စည်းများကို သိုလှောင်ထားသောနေရာမှ သင့်လျော်သည့်အခြားနေရာသို့ အမြန် ရွှေ့ပြောင်းစေရန် ညွှန်ကြားနိုင်သည်။

၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးမှ မီးခိုးအလွန်အကျွံထွက်ခြင်းနှင့် ပတ်ဝန်းကျင်နေပြည်သူအများမခံသာအောင် ကျယ်လောင်သောအသံထွက်ခြင်းတို့ မဖြစ်စေရေး အတွက် ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်ကိုအသုံးပြုသူများက လိုအပ်သောအစီအမံများ ဆောင်ရွက် စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားနိုင်သည်။

၈။ ဆေးရုံစွန့်ပစ်ပစ္စည်းများတွင်ပါဝင်သော အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ၊ ဆေးရည် များနှင့် လူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို စွန့်ပစ်လိုသူသည် ကော်မတီက သတ်မှတ်ပေးသည့် နည်းလမ်းများနှင့်အညီ ထုပ်ပိုးခြင်း၊ သယ်ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းပြုရမည်။

၉။ ကော်မတီသည် စီးပွားရေးလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများ၏ စွန့်ပစ်ပစ္စည်းများနှင့် ဆေးရုံစွန့်ပစ်ပစ္စည်းများ၏ စက်ဆုပ်ဖွယ်အရာများ စီးဆင်းမှုကြောင့်ဖြစ်စေ၊ မြေအတွင်းသို့ စိမ့်ဝင်မှုကြောင့်ဖြစ်စေ ပတ်ဝန်းကျင်ရှိ ရေတွင်း၊ ရေကန်၊ အဝီစိတွင်း၊ ရေမြောင်းနှင့် မြစ်ချောင်းများအတွင်း၌ ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် လိုအပ်သောအစီအမံများပြုလုပ်ထားရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၀။ ကော်မတီသည် စီးပွားရေးလုပ်ငန်း သို့မဟုတ် စက်ရုံ၊ အလုပ်ရုံတစ်ခုခုကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အခြေအနေများကိုထိခိုက်လျက်ရှိကြောင်းတွေ့ရှိရပါက လိုအပ်သလိုအရေး ယူဆောင်ရွက်နိုင်ရေးအတွက် အဆိုပါ စီးပွားရေးလုပ်ငန်း သို့မဟုတ် စက်ရုံ၊ အလုပ်ရုံတည်ထောင်ရန် လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အရည်အချင်း ပြည့်မီသော စီမံခန့်ခွဲရေးနှင့်နည်းပညာဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်းရေး၊ နည်းပညာ ဆိုင်ရာ အထောက်အကူပြုနိုင်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးများ ပါဝင်သည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်နိုင်သည်။

(ခ) စက်မှုဇုန်များအလိုက် အညစ်အကြေးသန့်စင်ရေး ဗဟိုစက်ရုံများ သို့မဟုတ် အညစ်အကြေး စွန့်ပစ်ရန် အခြေခံအဆောက်အအုံများ တည်ဆောက်လည်ပတ်နိုင်ရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်။

၁၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) ရေဝေ၊ ရေလဲနယ်မြေများ၊ ထူးခြားသည့်ဂေဟစနစ်ရှိသည့်နယ်မြေများ၊ ထိခိုက်ပျက်စီး လွယ်သည့် ဂေဟစနစ်ရှိသည့်နယ်မြေများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြနိုင်သည်။

(ခ) ယဉ်ကျေးမှုအရဖြစ်စေ၊ သမိုင်းအစဉ်အလာအရဖြစ်စေ တန်ဖိုးမဖြတ်နိုင်သည့် နယ်မြေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ် လိုပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးသတ်မှတ်နိုင်သည်။

(ဂ) နယ်မြေတစ်ခုခုတွင် ညစ်ညမ်းမှုတစ်ရပ်ရပ်ကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ဖြစ်၍ အများပြည်သူ၏ကျန်းမာရေးကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေ ပေါ်ပေါက်ပါက အဆိုပါနယ်မြေအား ညစ်ညမ်းမှုထိန်းသိမ်းရေးဆိုင်ရာ ကန့်သတ် နယ်မြေအဖြစ်သတ်မှတ်နိုင်သည်။

(ဃ) ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ပြီးဖြစ်သောဒေသကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည်။

၁၃။ ကော်မတီသည် လုပ်ငန်းတစ်ခုခု၏သဘာဝ၊ ပမာဏ သို့မဟုတ် တည်နေရာကြောင့် ပတ်ဝန်းကျင် အရည်အသွေးကို သိသာထင်ရှားစွာ ထိခိုက်မှုဖြစ်ပွားစေနိုင်သော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်အရည်အသွေးထိခိုက်မှုကိုဆန်းစစ်ရန်နှင့် လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုပြုနိုင်ရန် စီမံချက်ချမှတ်ဆောင်ရွက်နိုင်သည်။

၁၄။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင်အရည်အသွေးနှင့် စံချိန် စံညွှန်းများသတ်မှတ်ဆောင်ရွက်နိုင်ရန် လိုအပ်သောလေ့ကျင့်ပညာပေးရေး လုပ်ငန်းကိုလည်းကောင်း၊ အများပြည်သူအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကျယ်ကျယ်ပြန့်ပြန့် နားလည် သဘောပေါက်လက်ခံလာရေးအတွက် စည်းရုံးပညာပေးရေးလုပ်ငန်းကိုလည်းကောင်း စီမံချက်ချမှတ် ဆောင်ရွက်နိုင်သည်။

၁၅။ စီးပွားရေးလုပ်ငန်းသို့မဟုတ် စက်ရုံ၊ အလုပ်ရုံတစ်ခုခုကို တည်ထောင်လိုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအစီအမံကို ကော်မတီသို့တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ယင်းအစီအမံကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း(၃)
## အမှိုက်နှင့် စက်ဆုပ်ဖွယ်အရာများသန့်ရှင်းရေး

၁၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) အမှိုက်နှင့် စက်ဆုပ်ဖွယ်အရာများသန့်ရှင်းရေး သင့်လျော်သောနည်းလမ်းများကိုချမှတ် ဆောင်ရွက်ရမည်။

(ခ) သာမန်အမှိုက်များကို ယာယီစွန့်ပစ်ရန် သို့မဟုတ် စုပုံရန်အလို့ငှာ လုံလောက်သော အမှိုက်ပုံးများ စီစဉ်ထားရှိပေးရမည်။

(ဂ) ခြံထွက်အမှိုက်၊ စက်ရုံအလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ ဆေးရုံစွန့်ပစ်ပစ္စည်းများနှင့် စက်ဆုပ်ဖွယ်အရာများကို စွန့်ပစ်ရမည့်နေရာနှင့် စွန့်ပစ်ရမည့်နည်းလမ်းများကို သတ်မှတ်ပေးရမည်။

(ဃ) အီလက်ထရောနစ်စွန့်ပစ်အမှိုက်များကို စွန့်ပစ်ရမည့်နေရာနှင့် စွန့်ပစ်ရမည့် နည်းလမ်း များသတ်မှတ်ပေးရမည်။ လိုအပ်သောနေရာများတွင် အမှိုက်ကန်များ တည်ဆောက် ပေးရမည်။

(င) စွန့်ပစ်အမှိုက်၊ စွန့်ပစ်ရေဆိုးများကို စွန့်ပစ်ရာတွင် ခေတ်မီနည်းစနစ်များဖြင့် လျှပ်စစ် ထုတ်လုပ်ခြင်း၊ မီသိန်းဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ သန့်စင်စေခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများဖြင့် လုပ်ငန်းအစီအစဉ်များကို ချမှတ် ဆောင်ရွက်နိုင်သည်။

(စ) လူနေရပ်ကွက်၊ စုပေါင်းအိမ်ရာစခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ကျောင်း၊ဈေးနှင့် အခြားလိုအပ်သော နေရာများတွင် အမှိုက်စွန့်ပစ်ရန် နေရာများ သတ်မှတ်ပေးရမည်။

01 / E / Final Law

(ဆ) သတ်မှတ်သည့်နေရာတွင် စွန့်ပစ်သည့်အမှိုက်များကို သင့်လျော်သော အမှိုက်သိမ်းစနစ်ဖြင့် သိမ်းဆည်းရန် စီမံဆောင်ရွက်ရမည်။

(ဇ) အမှိုက်များကိုအပြီးသတ်စွန့်ပစ်ရန် အစီအမံများပြုလုပ်ရမည်။

၁၇။ ကော်မတီသည် အမှိုက်ပုံးများ၊ အမှိုက်ကန်များနှင့် အမှိုက်ပုံရန်သတ်မှတ်ထားသည့်နေရာများမှ အမှိုက်များကို ယာဉ်တစ်မျိုးမျိုးဖြင့်သိမ်းယူခြင်း၊ ရွှေ့ပြောင်းသယ်ဆောင်ခြင်းဆိုင်ရာ အစီအစဉ်များ ချမှတ်ရမည်။

၁၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ သတ်မှတ်သည့်နယ်မြေများတွင် သန့်ရှင်းရေးဝန်ဆောင်ခရယူ၍ အမှိုက်နှင့်စက်ဆုပ်ဖွယ်အရာများကို စနစ်တကျသိမ်းခြင်း၊ ရွှေ့ယူခြင်း၊ စွန့်ပစ်ခြင်းပြုရန် စီမံဆောင်ရွက်နိုင်သည်။

၁၉။ ကော်မတီသည် အထပ်မြင့်အဆောက်အအုံများတွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် အမှိုက်ပြွန်စနစ်ထည့်သွင်းဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အမှိုက်ပြွန်စနစ်ဖြင့်စွန့်ပစ်ခြင်းနည်းလမ်းများကို ပြုလုပ်ထားရန် ဆောက်လုပ်သူ၊ ပိုင်ရှင်၊ နေထိုင်သူနှင့် အသုံးပြုသူများကို ညွှန်ကြားနိုင်သည်။

၂၀။ ကော်မတီသည် စုပေါင်းအိမ်ရာစခန်းနှင့် စုပေါင်းပိုင်အဆောက်အအုံများရှိ အိမ်များမှ စွန့်ပစ်သောအမှိုက်များကို သတ်မှတ်ထားသောနေရာသို့ ၎င်းတို့၏အစီအစဉ်ဖြင့် စွန့်ပစ်စေပြီး အခွန်အခရယူ၍ ဆက်လက်သယ်ယူစွန့်ပစ်ရန် စီမံဆောင်ရွက်နိုင်သည်။

၂၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေးနှင့် အများပြည်သူ၏ကျန်းမာရေးကို မထိခိုက်စေရေးတို့အတွက် အမှိုက်များစွန့်ပစ်နိုင်ရန် သင့်လျော်သောနည်းစနစ်များအသုံးပြု၍ စီမံဆောင်ရွက်နိုင်သည်။

(ခ) သန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် အများပြည်သူတို့ကို အနှောင့်အယှက်မဖြစ်စေရန်နှင့် စိတ်ငြိုငြင်မှုမဖြစ်စေရန် ဂရုပြုဆောင်ရွက်ရမည်။

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သော အမှိုက်နှင့်စက်ဆုပ်ဖွယ်အရာများစသည်တို့ကို အရေးပေါ်သန့်ရှင်းရေးပြုလုပ်နိုင်ရန် စီမံထားရှိရမည်။

၂၂။ မြို့တော်နယ်နိမိတ်အတွင်းနေထိုင်သူများသည် -

(က) အမှိုက်နှင့်စက်ဆုပ်ဖွယ်အရာများကို သတ်မှတ်သည့်နေရာတွင် သတ်မှတ်ထားသည့်စနစ်နှင့်အညီ စွန့်ပစ်သည့်အမှိုက်များကို အမှိုက်အမျိုးအစားခွဲခြားပြီး သတ်မှတ်ထားသည့်အိတ်နှင့် စွန့်ပစ်ရမည်။

(ခ) သာမန်အမှိုက်များကို ကော်မတီကစီမံထားရှိသည့် အမှိုက်ပုံး၊ အမှိုက်ကန်နှင့် အမှိုက်ပုံရန်နေရာတွင် စွန့်ပစ်ရမည်။ အမှိုက်စွန့်ပစ်ချိန်အား သတ်မှတ်ထားသည့် အချိန်အတွင်း စွန့်ပစ်ရမည်။

(ဂ) ခြံထွက်အမှိုက်၊ စက်ရုံအလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်၊ စီးပွားရေး လုပ်ငန်းထွက်အမှိုက်၊ ဆေးရုံစွန့်ပစ်ပစ္စည်းနှင့် စက်ဆုပ်ဖွယ်အရာများ စသည်တို့ကို ကော်မတီကသတ်မှတ်ထားသည့် အမှိုက်သိမ်းဆည်းရေးစနစ်ဖြင့်သာ စွန့်ပစ်ရမည်။

၂၃။ အဆောက်အအုံတစ်ခုခုတွင် နေထိုင်သူများသည် မိမိနေထိုင်ရာ အဆောက်အအုံရှိ အများသုံး စင်္ကြံလှေကားလမ်းနှင့် ရေမြောင်းများတွင် အမှိုက်များနှင့် စက်ဆုပ်ဖွယ်အရာများမရှိစေရန် ဆောင်ရွက်ထားရှိရမည်။

၂၄။ ကော်မတီသည် သိမ်းယူရရှိပြီးသောအမှိုက်နှင့် စက်ဆုပ်ဖွယ်အရာများကို ကော်မတီက ချမှတ်ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်များနှင့်အညီ သင့်လျော်သလိုစီမံခန့်ခွဲနိုင်သည်။

၂၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အမှိုက်များသိမ်းဆည်းခြင်း၊ သယ်ဆောင်ခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများအပါအဝင် အခြားသန့်ရှင်းရေး လုပ်ငန်းများကို အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ ကန်ထရိုက်လုပ်ငန်း သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းအဖြစ် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

## အခန်း(၄)
## ရေမြောင်းနှင့် လမ်းများသန့်ရှင်းရေး

၂၆။ ကော်မတီသည် မိမိပိုင်ရေမြောင်းများအပြင် မိလ္လာပိုက်နှင့် ရေဆိုး ပိုက်လိုင်းများအတွင်းမှ စွန့်ပစ်ရေကို သတ်မှတ်သည့်စံနှုန်းနှင့်အညီ သန့်စင်ပြီးနောက် မြို့တော်နယ်နိမိတ်အတွင်း သို့မဟုတ် ပြင်ပရှိ သတ်မှတ်သည့်နေရာသို့ စွန့်ထုတ်နိုင်သည်။ စက်မှုလုပ်ငန်းများ၊ စားသောက်ကုန် လုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းများနှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဆေးရုံ၊ ဆေးခန်းနှင့် ဓါတုပစ္စည်းသုံးလုပ်ငန်းများတို့၏ စွန့်ပစ်ရေများအား ကော်မတီပိုင် ရေမြောင်းအတွင်း စီးဆင်းလိုပါက သတ်မှတ်စံနှုန်းနှင့်အညီ သန့်စင်မှုရှိမရှိ ကော်မတီမှစစ်ဆေး အတည်ပြုချက်ရယူပြီး ခွင့်ပြုချက်ရရှိမှသာ စွန့်ပစ်နိုင်သည်။ မြို့တော်နယ်နိမိတ်ပြင်ပသို့ စွန့်ထုတ်သည့်အခါ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းရမည်။

၂၇။ ကော်မတီသည် -

(က) မိမိပိုင်ရေမြောင်းများကို တိုးချဲ့ခြင်း၊ ရေမြောင်းကို ရေစီးရေလာကောင်းမွန်စေရန် စီမံခြင်းတို့ကို ဆောင်ရွက်ရမည်။ ထို့ပြင်လူအများ နေထိုင်ရာနေရာနှင့် လမ်းများပေါ်တွင် ရေလျှံမှုများ မဖြစ်ပေါ်စေရန် လိုအပ်သော အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။

(ခ) အသုံးပြုရန်မလိုအပ်သည့် ရေမြောင်းများကိုဖြတ်တောက်ခြင်း၊ ပိတ်ဆို့ခြင်းနှင့် မြေဖို့ခြင်းများပြုနိုင်သည်။

၂၈။ ကော်မတီသည်-

(က) ပုဂ္ဂိုလ်တစ်ဦးဦးက ၎င်းပိုင်မြေအတွင်းရှိ ရေမြောင်းကိုလွှဲပြောင်းစီးဆင်းပေးရန် လျှောက်ထားလာပါက အများပြည်သူအကျိုးနှင့် ရေစီးရေလာကိုထိခိုက်စေခြင်း မရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိလျှင် ယင်းရေမြောင်းကို သင့်လျော်သလို လွှဲပြောင်း စီးဆင်းနိုင်စေရန် ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ရေစီးရေလာကို လွှဲပြောင်းစီးဆင်းစေခြင်းအတွက် ကုန်ကျ စရိတ်ကို လျှောက်ထားသူက ကျခံစေရမည်။

၂၉။ ကော်မတီသည်-

(က) အဆောက်အအုံတစ်ခုခုမှ မိုးရေ၊ အိမ်သုံးရေတို့ကို ရေမြောင်းများအတွင်းသို့ စီးဝင်စေရန်အတွက် သီးခြားရေမြောင်းဖောက်လုပ်ထားရှိရန် အဆောက်အအုံပိုင်ရှင် ကိုဖြစ်စေ၊ နေထိုင်အသုံးပြုသူကိုဖြစ်စေ ညွှန်ကြားနိုင်သည်။

(ခ) အဆောက်အအုံပိုင်ရှင် သို့မဟုတ် နေထိုင်သူနှင့်အသုံးပြုသူတို့သည် ကော်မတီက ထုတ်ပြန်သော ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်စေရမည်။

၃၀။ ကော်မတီသည် ရေစီးရေလာကောင်းမွန်စေရေးအတွက် ပုဂ္ဂိုလ်တစ်ဦးဦးပိုင်မြေအတွင်း ရေမြောင်း ဖောက်လုပ်ရန်လိုအပ်ပါက ခြံဝင်းပိုင်ရှင်နှင့်ညှိနှိုင်း၍ သင့်လျော်သောလျော်ကြေးပေးပြီး ယင်းခြံဝင်းအတွင်း၌ ရေမြောင်းဖောက်လုပ်ခွင့်ရှိသည်။

၃၁။ ကော်မတီသည် အများပြည်သူဆိုင်ရာ လမ်းများကိုသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မြက်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရမည်။

၃၂။ ကော်မတီသည် လမ်းများပေါ်ရှိ အမှိုက်နှင့်စက်ဆုပ်ဖွယ်အရာများကို သိမ်းဆည်းခြင်း၊ သယ်ဆောင်ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရမည်။

၃၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း သတ်မှတ်ထားသည့် နေရာများတွင် ဆေးလိပ် သောက်ရန်၊ တံတွေးနှင့် ကွမ်းတံတွေးထွေးရန် သင့်လျော်သည့်အစီအမံများ ဆောင်ရွက်ထားရှိရမည်။

## အခန်း(၅)
## သန့်ရှင်းရေးအခွန်အခများ ကောက်ခံခြင်း

၃၄။ မြို့တော်နယ်နိမိတ်အတွင်း ခြံထွက်အမှိုက်၊ စက်ရုံ၊ အလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေး လုပ်ငန်းထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ ဆေးရုံစွန့်ပစ်ပစ္စည်းနှင့် စက်ဆုပ်ဖွယ်အရာ များကို စွန့်ပစ်လိုသူသည်-

(က) သန့်ရှင်းရေးခွန် သို့မဟုတ် သန့်ရှင်းရေးဆောင်ရွက်ခပေးဆောင်၍ ကော်မတီက သတ်မှတ်ထားသောနေရာသို့ ညွှန်ကြားသည့်အတိုင်း သယ်ယူစွန့်ပစ်ရမည်။

01 / E / Final Law

(ခ) ကော်မတီကသတ်မှတ်ထားသောနေရာသို့ မိမိအစီအစဉ်ဖြင့် သယ်ယူစွန့်ပစ်လိုလျှင် ကော်မတီက အခါအားလျော်စွာသတ်မှတ်သည့်စွန့်ပစ်ခကို ပေးဆောင်စေရမည်။

(ဂ) ကော်မတီက သတ်မှတ်ထားသောနေရာတွင် သက်တမ်းလွန်ဆေးဝါး၊ စားသောက်ကုန်များနှင့် ဘေးအန္တရာယ်ဖြစ်စေသော အစားအစာများအား မီးရှို့ဖျက်ဆီးလိုလျှင် မီးရှို့ဖျက်ဆီးခသတ်မှတ်နှုန်းကို ပေးဆောင်စေရမည်။

၃၅။ ကော်မတီသည်-

(က) သာမန်အမှိုက်သိမ်းဆည်းပေးရန်အတွက် သန့်ရှင်းရေးခွန် သို့မဟုတ် သန့်ရှင်းရေးဆောင်ရွက်ခကို သတ်မှတ်ထားသောနှုန်းထားဖြင့် ကောက်ခံနိုင်သည်။

(ခ) ခြံထွက်အမှိုက်၊ စက်ရုံအလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်နှင့် စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ ဆေးရုံစွန့်ပစ်ပစ္စည်းများသိမ်းဆည်းပေးရန်အတွက်အမှိုက်နှင့်အညစ်အကြေးခွန် သို့မဟုတ် သန့်ရှင်းရေးဆောင်ရွက်ခကို နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသော နှုန်းထားများဖြင့်ဖြစ်စေ၊ လစဉ်နှုန်းထားဖြင့်ဖြစ်စေ ကောက်ခံနိုင်သည်။

၃၆။ ကော်မတီသည် -

(က) ကုလသမဂ္ဂ အဖွဲ့အစည်းများ အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံခြားသားများထံမှ သန့်ရှင်းရေးခွန်နှင့် သန့်ရှင်းရေးဆောင်ရွက်ခတို့ကို စည်းကြပ်ကောက်ခံနိုင်သည်။

(ခ) နိုင်ငံခြားကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် နိုင်ငံခြားသားများထံမှ အောက်ပါတို့အတွက် သန့်ရှင်းရေးခွန် နှင့် သန့်ရှင်းရေးဆောင်ရွက်ခတို့ကို စည်းကြပ်ကောက်ခံနိုင်သည်-

(၁) ငှားရမ်းခရယူ၍ အငှားချထားသောလူနေအိမ်၊ အခန်းနှင့် အဆောက်အအုံများ၊

(၂) တည်းခိုခနှင့် ဝန်ဆောင်ခရယူလျက်ရှိသောဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာများ၊ ဆေးကုဂေဟာနှင့် ဆေးခန်းများ၊

(၃) ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လျက်ရှိသောလုပ်ငန်းများ။

၃၇။ ကော်မတီသည် သန့်ရှင်းရေးခွန် သို့မဟုတ် သန့်ရှင်းရေးဆောင်ရွက်ခကို ဆင်းရဲနွမ်းပါး၍ဖြစ်စေ၊ ထူးခြားသောအခြေအနေတစ်ရပ်ရပ်ကြောင့်ဖြစ်စေ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအားလိုအပ်လျှင် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် လျော့ပေါ့ကောက်ခံခြင်း ပြုနိုင်သည်။

# အခန်း(၆)

## သုသာန်များတွင် သင်္ဂြိုဟ်ခြင်း

၃၈။ (က) ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း နေထိုင်သူများအတွက် ကိုးကွယ်သည့် ဘာသာနှင့် ဓလေ့ထုံးတမ်းအလိုက် လိုအပ်သောသုသာန်များကို သတ်မှတ်ထားရှိရမည်။

(ခ) မြို့တော်နယ်နိမိတ်အတွင်းနေထိုင်သူများသည် ကော်မတီက သတ်မှတ်ထားသည့် သုသာန်များတွင်သာ သင်္ဂြိုဟ်ခြင်းပြုရမည်။

(ဂ) ကော်မတီသည် ထူးခြားသောအကြောင်းတစ်စုံတစ်ရာရှိလျှင် သင်္ဂြိုဟ်ရန် သီးခြားနေရာ သတ်မှတ်ပေးနိုင်သည်။

၃၉။ သက်ဆိုင်ရာ သုသာန်အုပ်ချုပ်ရေးအဖွဲ့သည် ကိုးကွယ်သည့်ဘာသာအလိုက်နှင့် ဓလေ့ထုံးတမ်း အစဉ်အလာအရ သင်္ဂြိုဟ်ခြင်းလုပ်ငန်းများမှအပ သင်္ဂြိုဟ်ခြင်းနှင့်သက်ဆိုင်သော စီမံခန့်ခွဲရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မတီ၏ကြီးကြပ်မှုကိုခံယူရမည်။

၄၀။ မြို့တော်နယ်နိမိတ်အတွင်း အဓိကကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက် ရောဂါဖြင့် သေဆုံးသည့်အလောင်းကို ကော်မတီက သတ်မှတ်သည့်နည်းလမ်းနှင့်အညီ သင်္ဂြိုဟ်ရမည်။

၄၁။ ကော်မတီသည် -

(က) သင်္ဂြိုဟ်ခြင်းကိစ္စအလို့ငှာ အလောင်းသယ်ယာဉ်၊ အလောင်းယာယီထားသည့် အအေးတိုက်၊ အသုဘရှုအဆောင်နှင့် မီးသင်္ဂြိုဟ်စက်တို့ကိုစီမံထားရှိပြီး ကျသင့်သော ဝန်ဆောင်ခကိုလည်းကောင်း၊ မြေမြှုပ်၊ ဂူသွင်း၊ သင်္ဂြိုဟ်ရန်မြေနေရာအတွက် သတ်မှတ်သည့် အခကြေးငွေကိုလည်းကောင်း အခါအားလျော်စွာသတ်မှတ်၍ ကောက်ခံရယူနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)ပါလုပ်ငန်းများနှင့် သင်္ဂြိုဟ်ခြင်းလုပ်ငန်းတို့ကို အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သော နည်းဖြင့်ဖြစ်စေကန်ထရိုက်လုပ်ငန်းအဖြစ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ဂ) အလောင်းမီးသင်္ဂြိုဟ်၍ရရှိသောပြာကို အမှတ်တရထိန်းသိမ်းထားရှိလိုသူထံမှ သတ်မှတ်ထားသည့် ပြာအိုးစင်ခနှင့် နှစ်စဉ်ထိန်းသိမ်းခတို့ကိုရယူ၍ ပြာများကို သီးသန့်ပြာအိုးစင်တွင် ထိန်းသိမ်းစောင့်ရှောက်ပေးသည့်လုပ်ငန်းကို ဆောင်ရွက် နိုင်သည်။

(ဃ) မီးသင်္ဂြိုဟ်စက်ဖြင့် သင်္ဂြိုဟ်ရာ၌ပတ်ဝန်းကျင်တွင်နေထိုင်သူများ စိတ်ငြိုငြင်မှု မရှိစေရန်လည်းကောင်း၊ ကျန်းမာရေးထိခိုက်စေမည့် ညှော်နံ့၊ မီးခိုးနှင့်ပြာများ ကင်းရှင်းစေရန်လည်းကောင်း စီမံဆောင်ရွက်ရမည်။

01 / E / Final Law

၄၂။ ကော်မတီသည် -

(က) သုသာန်တစ်ခုခု၌ လူအများ၏ကျန်းမာရေးကို ထိခိုက်စေသော အခြေအနေ တစ်ရပ်ရပ်ဖြစ်ပေါ်လာလျှင်ဖြစ်စေ၊ အများပြည်သူအကျိုးငှာ လိုအပ်လာလျှင်ဖြစ်စေ ယင်းသုသာန်ကိုပိတ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ လိုအပ်သလို ဆောင်ရွက်၍ ပြန်လည်အသုံးပြုခြင်းများကို ဆောင်ရွက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ပိတ်သိမ်းသော သုသာန်မြေကို သင့်လျော်သော လုပ်ငန်းအတွက် အသုံးပြုရန် သတ်မှတ်နိုင်သည်။

(ဂ) ပိတ်သိမ်းသောသုသာန်မြေအစား သုသာန်မြေ အသစ်သတ်မှတ်ပေးခြင်းပြုနိုင်သည်။

၄၃။ ကော်မတီသည် အကြောင်းအမျိုးမျိုးကြောင့် သင်္ဂြိုဟ်မည့်သူမရှိသည့်အလောင်းကို ကော်မတီ၏ ကုန်ကျစရိတ်ဖြင့် သင်္ဂြိုဟ်ပေးနိုင်သည်။ ထို့ပြင်သင်္ဂြိုဟ်စရိတ်မတတ်နိုင်သည့် ကိစ္စများတွင်လည်း အခမဲ့သင်္ဂြိုဟ်ပေးနိုင်သည်။

၄၄။ မြို့တော်နယ်နိမိတ်အတွင်း နိဗ္ဗာန်ယာဉ်လုပ်ငန်းကိုဖြစ်စေ၊ ခေါင်းအမျိုးမျိုးပြုလုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များ နှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၄၅။ ကော်မတီသည် နည်းဥပဒေ ၄၄ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီ၏သဘောတူ ညီချက်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၆။ နည်းဥပဒေ ၄၅ အရ ထုတ်ပေးသောမှတ်ပုံတင်လက်မှတ်ကိုရရှိသူသည် ကော်မတီကသတ် မှတ်ထားသော စည်းကမ်းချက်များကိုလိုက်နာရမည်။

## အခန်း(၇)
## တားမြစ်ချက်များနှင့် အရေးယူခြင်း

၄၇။ မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း -

(က) ကျုံး၊ ကျုံးရေသွင်းမြောင်း၊ ကျုံးရေဆက်သွယ်ထားသော ကျုံးရေကန်နှင့် ကော်မတီပိုင် ရေကန်များအတွင်းသို့ အမှိုက်များ စွန့်ပစ်ခြင်း၊ စားကြွင်းစားကျန်များနှင့် ကျင်ကြီး ကျင်ငယ်အညစ်အကြေးများ စွန့်ပစ်ခြင်းမပြုလုပ်ရ။

(ခ) ရေမြောင်း၊ ချောင်း၊ ရေစီးကြောင်းအတွင်းသို့ အမှိုက်များ၊ အခြားစွန့်ပစ် ပစ္စည်းများ စွန့်ပစ်ခြင်းမပြုရ။

(ဂ) မြို့တော်၏လမ်းမ၊ ဈေး၊ ကျုံး၊ ဘူတာရုံ၊ ကားဂိတ်၊ ဆေးရုံ၊ ဘာသာရေးဆိုင်ရာ ဘုရားကျောင်း၊ အဆောက်အအုံများတွင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းတံတွေး ထွေးခြင်း၊ စည်းကမ်းမဲ့ အညစ်အကြေးစွန့်ပစ်ခြင်း မပြုလုပ်ရ။

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ စက်မှုလုပ်ငန်းများကိုဖြစ်စေ၊ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းစေသည့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းများကိုဖြစ်စေ၊ ကော်မတီကသတ်မှတ်ထားသည့် နေရာမှအပ အခြားလူနေရပ်ကွက်အတွင်းလုပ်ကိုင်ခြင်းမပြုရ။

(င) တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကိုဖြစ်စေ၊ သဲနှင့်မြေသယ်ဆောင်ရာတွင် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် လမ်းကြောင်းများညစ်ပတ်စေခြင်း၊ ပိတ်ဆို့ခြင်းများနှင့် အများပြည်သူအား အနှောက်အယှက်ဖြစ်စေခြင်းများမပြုလုပ်ရ။

(စ) ခွင့်ပြုထားရှိပြီးဖြစ်သော လူနေရပ်ကွက်အတွင်းရှိ အသေးစားစက်ရုံ၊ အလုပ်ရုံများအား စက်ရုံလည်ပတ်ချိန်ကို သတ်မှတ်ချိန်ထက်ပို၍ လုပ်ကိုင်ခြင်းမပြုရ။

(ဆ) ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ပျက်စီးစေသည့် မည်သည့်လုပ်ငန်းကိုမဆို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းမပြုလုပ်ရ။

၄၈။ မည်သူမျှ ဤနည်းဥပဒေများအရ ကော်မတီက ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

၄၉။ မည်သူမဆို ဤနည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း(၈)

## အထွေထွေ

၅၀။ ကော်မတီသည် ကုသိုလ်ဖြစ်ဆောင်ရွက်သော နိဗ္ဗာန်ယာဉ်လုပ်ငန်းကို မှတ်ပုံတင်ကြေးပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၁။ ကော်မတီသည် မန္တလေးမြို့တော်၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အများပြည်သူတို့ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် စီမံချက်များချမှတ်ဆောင်ရွက်နိုင်သည်။

၅၂။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

၅၃။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၄။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**

**ဝန်ကြီး**

**စည်ပင်သာယာရေးဝန်ကြီးဌာန**

01 / E / Final Law

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

01 / E / Final Law

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများ

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ အခန်း(၁) | ၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) | ၊ လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း | ၂ |
| ၃။ အခန်း(၃) | ၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၄ |
| ၄။ အခန်း(၄) | ၊ အထွေထွေ | ၅ |


01 / E / Final Law

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၁၃ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လုပ်ငန်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကိုဆိုသည် -

(၁) မြို့တော်သာယာလှပရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သန့်ရှင်းရေးကို ထိခိုက်စေနိုင်သည့် သို့မဟုတ် အခြားဌာနများမှ တိုက်ရိုက်လိုင်စင်ထုတ်ပေးထားသော လုပ်ငန်းအပါအဝင် အများပြည်သူတို့အား အသံဖြင့်ဖြစ်စေ၊ အနံ့ဖြင့်ဖြစ်စေ၊ အရောင်ဖြင့်ဖြစ်စေ၊ အတွေ့အမြင်အရဖြစ်စေ၊ တုန်ခါမှုအရဖြစ်စေ စိတ်ငြိုငြင်မှုကိုဖြစ်ပေါ်စေနိုင်သည့်လုပ်ငန်း၊

(၂) အများပြည်သူတို့၏ အသက်ကိုဖြစ်စေ၊ ကျန်းမာရေးကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ အန္တရာယ်ဖြစ်ပွားစေနိုင်သည့် သို့မဟုတ် အများပြည်သူတို့အား စိတ်ငြိုငြင်မှုကို ဖြစ်ပေါ်စေနိုင်သည့် အရာဝတ္ထုများသိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ခင်းရောင်းချခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းလုပ်ငန်း၊

(၃) အစားအသောက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်း လုပ်ငန်း၊

(၄) ကော်မတီကသတ်မှတ်သော အစားအသောက်အမျိုးအစားရောင်းချခြင်း လုပ်ငန်း၊

(၅) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့် သက်ဆိုင်ခြင်းမရှိသောစက်မှုလုပ်ငန်း၊

(၆) ကော်မတီကသတ်မှတ်သောဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးဆောင်လုပ်ငန်းများ။

(ခ) **လိုင်စင်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးသော လုပ်ကိုင်ခွင့်ကိုဆိုသည်။

(ဂ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် ကော်မတီကသတ်မှတ်တာဝန်ပေးအပ်သည့် ဌာနကိုဆိုသည်။

## အခန်း(၂)
## လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၃။ မြို့တော်နယ်နိမိတ်အတွင်းလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

၄။ ကော်မတီသည် -

(က) နည်းဥပဒေ ၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်သည့်လိုင်စင်ခကို ပေးသွင်းစေပြီး လိုင်စင်ကိုလျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) လိုင်စင်ထုတ်ပေးရန်ငြင်းပယ်ပါက လျှောက်ထားသူထံ ရက်ပေါင်း(၃၀)အတွင်း စာဖြင့် အကြောင်းကြားရမည်။

၅။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့ရက်မှစတင်၍ အကျုံးဝင်သည့်ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်းသာဖြစ်သည်။

၆။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) မြို့တော်နှင့်အများပြည်သူများအား ထိခိုက်မှုမဖြစ်စေရေးအတွက် လိုအပ်သော ကာကွယ်မှုများ၊ အစီအမံများပြုလုပ်ရန် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၇။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀)ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

၈။ ကော်မတီသည် နည်းဥပဒေ ၇ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်-

(က) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့်သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက်ကျော်လွန်လျှောက်ထားပါက သတ်မှတ်သည့်ဒဏ်ကြေးငွေကိုလည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

(ခ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူထံ ရက်ပေါင်း (၃၀)အတွင်း စာဖြင့်အကြောင်းကြားရမည်။

၉။ လိုင်စင်ရရှိသူသည် နည်းဥပဒေ ၇ နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခဲ့ပြီးဖြစ်လျှင် ကော်မတီက လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း ရှိမရှိအကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့အထိ လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။

၁၀။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် လိုင်စင်မိတ္တူမှန်ရရှိလိုပါက ခိုင်လုံသောအထောက်အထားပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး လုပ်ငန်းလိုင်စင်မိတ္တူမှန်ထုတ်ပေးရန် ခွင့်ပြုပါကသတ်မှတ်ဒဏ်ကြေးငွေပေးသွင်းစေ၍ လျှောက်ထားသူအားထုတ်ပေးရမည်။ ငြင်းပယ်ပါကလျှောက်ထားသူထံ ရက်ပေါင်း(၃၀)အတွင်း စာဖြင့်အကြောင်းကြားရမည်။

၁၁။ (က) လိုင်စင်ရရှိသူသည် လုပ်ငန်းနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ မြို့နယ်အတွင်း တည်နေရာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းခြင်း၊ လုပ်ငန်းပူးပေါင်းခြင်း သို့မဟုတ် လုပ်ငန်းခွဲခြားဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ခြင်း ပြုလိုပါက လုပ်ငန်းလိုင်စင်သက်တမ်း မကုန်ဆုံးမီရက်ပေါင်း(၃၀)ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) လိုင်စင်ရရှိသူသည် လိုင်စင်ရယူထားသော မြို့နယ်မှ အခြားမြို့နယ်သို့ ပြောင်းရွှေ့လိုပါက မူလမြို့နယ်တွင်ရရှိပြီးသော လိုင်စင်အားလုပ်ငန်းပိတ်သိမ်းစေပြီး ပြောင်းရွှေ့သည့်မြို့နယ်တွင် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လုပ်ငန်းလိုင်စင်အသစ် လျှောက်ထားရမည်။

(ဂ) ကော်မတီသည် နည်းဥပဒေခွဲ(က)၊ (ခ)အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။ လိုင်စင်ရရှိသူသည် မိမိလုပ်ငန်းအား ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက သတ်မှတ် လိုင်စင်နှုန်းပေးသွင်း၍ လုပ်ငန်းပိတ်သိမ်းခွင့်ကို ကော်မတီသို့ လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍ လျှောက်ထားရမည်။

၁၃။ ကော်မတီသည် လုပ်ငန်းလိုင်စင်ရရှိသူက လိုင်စင်ပါစည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီနှင့် ဌာနတို့၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့်မဟုတ်ဘဲ အခြား အကြောင်းတစ်စုံတစ်ရာကြောင့် ပြဿနာပေါ်ပေါက်၍ ကန့်ကွက်သူရှိပါက စုံစမ်းစစ်ဆေးပြီး လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် မြေ၊ အဆောက်အအုံ၊ အခန်းအား ငှားရမ်းလုပ်ကိုင်ပါက အိမ်ရှင်၏သဘောတူညီချက်ဖြင့် သတ်မှတ်စည်းကမ်းချက်အတိုင်း လိုင်စင်လျှောက်ထားခြင်းကို ဆောင်ရွက်နိုင်သည်။

၁၅။ ကော်မတီသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးငွေနှင့် ဝန်ဆောင်ခတို့ကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း၊ လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပေးခြင်း တို့ကိုပြုနိုင်သည်။

## အခန်း(၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၆။ ကော်မတီသည် လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီနှင့် ဌာနတို့၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော လိုင်စင်ရရှိသူ သို့မဟုတ် မြို့တော်နှင့် အများပြည်သူများအား ထိခိုက်စေသောလုပ်ငန်းကို လိုအပ်သောကာကွယ်မှု အစီအမံများပြုလုပ်ခြင်း မရှိဘဲ လုပ်ကိုင်သောလိုင်စင်ရရှိသူအား လိုအပ်ပါကစုံစမ်းစစ်ဆေး၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လုပ်ငန်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ရုပ်သိမ်းခြင်း၊

(င) လိုင်စင်ကိုပယ်ဖျက်ခြင်း။

၁၇။ (က) နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(ဃ)အရ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ လိုင်စင်ပြန်လည်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကိုထပ်မံဖောက်ဖျက်ကျူးလွန်ခြင်းမပြုပါဟု လိုင်စင်ရရှိသူအား ဝန်ခံကတိပြုစေပြီး လိုင်စင်ကိုပြန်လည်ထုတ်ပေးနိုင်သည်။

၁၈။ ကော်မတီသည် နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသော လိုင်စင်ကိုရရှိသူက ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ထိုသူ၏လိုင်စင်ကို အပြီးအပိုင်ပယ်ဖျက်နိုင်သည်။

၁၉။ ကော်မတီသည် ဤနည်းဥပဒေများအရချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်သည်။

## အခန်း(၄)

## အထွေထွေ

၂၀။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ၁၉၉၀ပြည့်နှစ်၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ -

(က) စက်မှုလုပ်ငန်း လုပ်ကိုင်လိုသူက မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် ကိစ္စရပ်များတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက သဘောထားမှတ်ချက် တောင်းခံလာပါက ပေးပို့နိုင်သည်။

(ခ) မှတ်ပုံတင်လက်မှတ်ရရှိသော စက်မှုလုပ်ငန်းလုပ်ကိုင်သူက ဤနည်းဥပဒေများအရ ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးပို့နိုင်သည်။

၂၁။ ကော်မတီသည် လိုင်စင်ပါစည်းကမ်းချက်များကိုလည်းကောင်း၊ ကော်မတီ၏အမိန့်၊ ညွှန်ကြားချက်များကိုလည်းကောင်း လိုင်စင်ရရှိသူက လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ သိရှိနိုင်ရန်နှင့် လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းများကို အခါအားလျော်စွာစစ်ဆေးနိုင်သည်။ လိုင်စင်ရရှိသူ၏ လုပ်ငန်းကြောင့် မြို့တော်နှင့်အများပြည်သူအား ထိခိုက်မှုဖြစ်စေနိုင်ကြောင်းတွေ့ရှိလျှင် လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်။

၂၂။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၂၃။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

01 / E / Final Law

၂၄။ ကော်မတီသည် ဤနည်းဥပဒေများပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

01 / E / Final Law

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဆိုင်ရာ နည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

Rusle/D/P2/1

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဆိုင်ရာနည်းဥပဒေများ

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ အခန်း(၁) ။ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) ။ | ပန်းဥယျာဉ်၊ ပန်းခြံ | ၃ |
| ၃။ အခန်း(၃) ။ | အားကစားကွင်း | ၄ |
| ၄။ အခန်း(၄) ။ | လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း | ၅ |
| ၅။ အခန်း(၅) ။ | ခွင့်ပြုချက် | ၆ |
| ၆။ အခန်း(၆) ။ | ဆိုင်ခန်း၊ တိုက်ခန်း၊ မြေနေရာ၊ အဆောက်အအုံများကို ကြီးကြပ်ခြင်း | ၇ |
| ၇။ အခန်း(၇) ။ | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၈ |
| ၈။ အခန်း(၈) ။ | တားမြစ်ချက်များနှင့်အရေးယူခြင်း | ၁၀ |
| ၉။ အခန်း(၉) ။ | အထွေထွေ | ၁၁ |


Rusle/D/P2/2

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၁၄ /၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပန်းဥယျာဉ်၊ ပန်းခြံ** ဆိုသည်မှာ အများပြည်သူတို့ စိတ်ချမ်းမြေ့စွာအနားယူ အပန်းဖြေနိုင်ရန် ကော်မတီကသတ်မှတ်ထားသည့် အရိပ်ရအပင်၊ နှစ်ရှည်သီးပင် စားပင်၊ ပန်းမန်၊ နားနေဆောင်နှင့် အားကစားကွင်းများဖြင့် မြို့တော်အင်္ဂါရပ် နှင့်အညီ လှပစွာစိုက်ပျိုးတည်ထောင်ထားသောနေရာကို ဆိုသည်။

(ခ) **ရှုခင်းနေရာ** ဆိုသည်မှာ အများပြည်သူအပန်းဖြေရန်အတွက်လည်းကောင်း၊ ရှုစဖွယ်ဖြစ်စေရန်အတွက်လည်းကောင်း၊ မြို့တော်လှပစေရန်အတွက်လည်းကောင်း ကော်မတီကပြုပြင်တည်ဆောက်ထားသောနေရာကိုဆိုသည်။

(ဂ) **ပျိုးခြံ** ဆိုသည်မှာ အရိပ်ရပင်၊ သစ်ပင်၊ ပန်းအလှပင်နှင့် မြက်ပင်များ ပြုစု ပျိုးထောင်ထားသောနေရာကိုဆိုသည်။

(ဃ) **ကွက်လပ်မြေနေရာ** ဆိုသည်မှာ လမ်းဘေး၊ လမ်းဆုံ၊ လမ်းထောင့်၊ ရေကန်ပေါင် စသည်တို့အနီးရှိ ကွက်လပ်မြေနေရာများအပါအဝင် ကော်မတီက သတ်မှတ်ပေးထား သောမြေနေရာများကိုဆိုသည်။

(င) **အားကစားကွင်း** ဆိုသည်မှာ ကော်မတီက ပြည်သူအများ လွတ်လပ်ပျော်ရွှင်စွာ ကစားနိုင်ရန် အားကစားနည်းတစ်မျိုးမျိုးအတွက် လိုအပ်သောပစ္စည်းများ တပ်ဆင်၊ တည်ဆောက်ထားသောနေရာများကိုဆိုသည်။

Rusle/D/P2/3

(စ) **ရေကူးကန်** ဆိုသည်မှာ အခမဲ့ဖြစ်စေ၊ အခကြေးငွေသတ်မှတ်၍ဖြစ်စေ အများပြည်သူ ရေကူးရန်အတွက် ဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက တည်ဆောက်ထားသောနေရာကိုဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်ပိုင်ပရဝုဏ်၌ မိသားစုအသုံးပြုရန်အတွက် တည်ဆောက်ထားသည့် ရေကူးကန်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဆ) **ဆိုင်ငှား၊ တိုက်ခန်းငှား၊ မြေငှား၊ အဆောက်အအုံငှား** ဆိုသည်မှာ ကော်မတီပိုင် နေရာအား ကော်မတီ၏ သဘောတူညီချက်ဖြင့် ဌာနမှအငှားချထားခြင်းခံရသူကို ဆိုသည်။

(ဇ) **ဆိုင်ခန်း၊ တိုက်ခန်း၊ အဆောက်အအုံ** ဆိုသည်မှာ ကော်မတီပိုင် နေရာပေါ်တွင် လူနေထိုင်ရန်နှင့် ဈေးဆိုင်ခန်းများအဖြစ်အသုံးပြုရန် ဆောက်လုပ်ထားသော အဆောက်အအုံကိုဆိုသည်။

(ဈ) **သစ်ပင်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်းရှိ စည်ပင်မြေ၊ လမ်းမြေ၊ ပုဂ္ဂလိက အိမ်ဝင်းအတွင်း၊ လမ်းလယ်ကျွန်း စသည်ဖြင့် မည်သည့်နေရာ၌မဆို ပေါက်ရောက်လျက်ရှိသော နှစ်ရှည်သီးပင်၊ စားပင်၊ အရိပ်ရပင်နှင့် ပန်းအလှပင်ကြီးငယ်ကို ဆိုသည်။

(ည) **လိုင်စင်** ဆိုသည်မှာ ပျော်ရွှင်ဖွယ်ကစားကွင်း၊ ကျန်းမာရေးလေ့ကျင့်သည့်အခန်း၊ အားကစားရုံ၊ ရေကူးကန်နှင့် အားကစားနည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းလုပ်ငန်း၊ ပျိုးခြံတည်ထောင်ခြင်းလုပ်ငန်း သို့မဟုတ် ပျိုးပင်အရောင်းဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်း၊ ကော်မတီပိုင်အားကစားကွင်းများ၊ ပန်းခြံများ၊ ပျိုးဥယျာဉ်များ၏ နယ်နိမိတ်အတွင်းဖွင့်လှစ်ထားသည့် စားသောက်ဆိုင်၊ အားကစားပစ္စည်းအရောင်းဆိုင်၊ သစ်ပင်ပန်းမန်အရောင်းဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးသောလိုင်စင်ကိုဆိုသည်။

(ဋ) **ဂေါက်ကွင်း** ဆိုသည်မှာ ကော်မတီပိုင်မြေပေါ်တွင် ဂေါက်သီးရိုက်ကစားနိုင်ရန် အတွက် ဆောင်ရွက်ထားသောအားကစားကွင်းကိုဆိုသည်။

(ဌ) **အသင်းဝင်** ဆိုသည်မှာ ကော်မတီ၏ခွင့်ပြုချက်ဖြင့် ကော်မတီပိုင်ဂေါက်ကွင်း တစ်ခုခုတွင် သတ်မှတ်လစဉ်ကြေးပေးဆောင်စေ၍ ကော်မတီက ကစားခွင့်ပြုထားသောသူကိုဆိုသည်။

(ဍ) **ကယ်ဒီ** ဆိုသည်မှာ ဂေါက်သီးရိုက်သမားများ၏ အိတ်ထမ်းရန်အတွက် စိစစ် ခွင့်ပြုထားသောသူကိုဆိုသည်။

(ဃ) **ခွင့်ပြုချက်** ဆိုသည်မှာ ကော်မတီပိုင် ပန်းဥယျာဉ်၊ ပန်းခြံ၊ ရှုခင်းနေရာ၊ အားကစားကွင်းနှင့် ကွက်လပ်မြေနေရာများတွင် ပြပွဲပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ပွဲလမ်းသဘင်၊ အခမ်းအနားကျင်းပနိုင်ရန် သို့မဟုတ် အဆောက်အအုံဆောက်လုပ်ခြင်း၊ အပင်စိုက်ပျိုးခြင်း၊ အားကစားကွင်းပြုလုပ်ခြင်း၊ စီးပွားရေးအလို့ငှာ ပျိုးခြံ၊ ပျိုးပင်အရောင်းဆိုင်များ၊ ပျော်ရွှင်ဖွယ် အားကစားကွင်းများ၊ ကျန်းမာရေးလေ့ကျင့်ခန်းအားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားခန်းများ၊ ရေကူးကန်များနှင့် အားကစားနည်းပညာသင်တန်းကျောင်းများ ဆောင်ရွက်နိုင်ရန်နှင့် မြို့တော်နယ်နိမိတ်အတွင်း သစ်ပင်စိုက်ခြင်း၊ သစ်ပင်ခုတ်ခြင်း၊ သစ်ကိုင်းခုတ်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်းများဆောင်ရွက်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးသော ခွင့်ပြုချက်ကိုဆိုသည်။

(ဏ) **ကျုံး** ဆိုသည်မှာ ရေးမြန်မာမင်းများဆောက်လုပ်ထားသော နန်းမြို့ရိုးအား ဝန်းရံထားသည့် ရေကန်ကိုဆိုသည်။

(တ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်ပေးအပ်သည့်ဌာနကိုဆိုသည်။

## အခန်း(၂)
## ပန်းဥယျာဉ်၊ ပန်းခြံ

၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူတို့စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန် အောက်ပါတို့ကိုဆောင်ရွက်နိုင်သည် -

(က) ပန်းဥယျာဉ်၊ ပန်းခြံ၊ ရှုခင်းနေရာနှင့် ကွက်လပ်မြေနေရာများအား သစ်ပင်စိုက်ခြင်း၊ ပန်းဥယျာဉ်နှင့်ပန်းခြံတည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊

(ခ) မလိုအပ်သည့်ပန်းဥယျာဉ်၊ ပန်းခြံနှင့် ရှုခင်းနေရာများအား ဖျက်သိမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊

(ဂ) ကွက်လပ်မြေနေရာများအား လိုအပ်သလို ပြောင်းလဲအသုံးပြုခြင်း။

၄။ ကော်မတီသည် မိမိပိုင်ပန်းဥယျာဉ်၊ ပန်းခြံ၊ ရှုခင်းနေရာ၊ ကွက်လပ်မြေနေရာများနှင့် စပ်လျဉ်း၍ အသုံးပြုခ၊ ဝင်ကြေးနှင့် ထိုနေရာများရှိ အဆောက်အအုံ၊ နားနေဆောင်၊ အပန်းဖြေပစ္စည်းနှင့် သစ်ပင်ပန်းမန်များအား ငှားရမ်းအသုံးပြုခများအပါအဝင် အခြားလိုအပ်သော အခွန်အခများကို စည်းကြပ်ခြင်း၊ ပြင်ဆင်စည်းကြပ်ခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ပြုနိုင်သည်။

၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) ကော်မတီပိုင် ပျိုးခြံများ တည်ထောင်နိုင်ခြင်း၊ ပျိုးပင်များပျိုးထောင်၍ ရောင်းချနိုင်သည်။

(ခ) စီးပွားရေးအလို့ငှာ ပျိုးခြံတည်ထောင်လိုသူများ၊ ပျိုးပင်အရောင်းဆိုင်ဖွင့်လိုသူများအား သတ်မှတ်ချက်များနှင့်အညီခွင့်ပြုနိုင်သည်။

၆။ ကော်မတီသည် မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သစ်သီးဝလံ၊ သစ်ပင်ပန်းမန်စသည့် စိုက်ပျိုးရေးဆိုင်ရာ ပြပွဲပြိုင်ပွဲများ၊ ပညာပေးဟောပြောပွဲများကျင်းပခြင်း၊ သစ်ပင်ပန်းမန်စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၇။ ကော်မတီသည် မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သင့်လျော်သည့်နေရာများတွင် သစ်ပင်စိုက်ခြင်း၊ မြေယာရှုခင်း၊ ပန်းခြံ၊ လမ်းလယ်ကျွန်း၊ မြက်ခင်းအဝိုင်း၊ တြိဂံမြက်ခင်း၊ လမ်းလယ်ပန်းခုံများပြုလုပ်ခြင်းနှင့် ပန်းအိုးချထားခြင်းတို့ကို စီမံပြုလုပ်ထားရှိနိုင်သည်။

## **အခန်း(၃)**
## **အားကစားကွင်း**

၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) အများပြည်သူ ကျန်းမာကြံ့ခိုင်ပျော်ရွှင်စေရေးအတွက် သင့်လျော်သောနေရာများတွင် အားကစားကွင်းနှင့်အားကစားရုံများ တည်ဆောက်နိုင်သည်။

(ခ) အများပြည်သူကျန်းမာကြံ့ခိုင်ပျော်ရွှင်စေရန် အားကစားပြိုင်ပွဲများကို ကျင်းပနိုင်သည်။

၉။ ကော်မတီသည် မိမိပိုင်အားကစားကွင်းနှင့် အားကစားရုံများတွင် အားကစားပြိုင်ပွဲများလက်ခံကျင်းပခြင်းတို့အတွက် အစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များနှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ၄င်းတို့ထံမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းနှင့် အခကြေးငွေများကိုလက်ခံရယူ၍ သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ပြုနိုင်သည်။

၁၀။ ကော်မတီသည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံမှ အားကစားကွင်း၊ အားကစားရုံနှင့်အားကစားပစ္စည်းများကို ညှိနှိုင်းသဘောတူညီချက်ဖြင့် လွှဲပြောင်းရယူ၍သော်လည်းကောင်း၊ ငှားရမ်းခပေး၍သော်လည်းကောင်း အသုံးပြုနိုင်သည်။

(ခ) ကော်မတီသည် မိမိပိုင်အားကစားကွင်းနှင့်အားကစားရုံများအား အစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သတ်မှတ်ချက်များနှင့်အညီ ငှားရမ်းသုံးစွဲခွင့်ပြုနိုင်သည်။

၁၁။ ကော်မတီသည် မိမိပိုင်အားကစားကွင်းနှင့်အားကစားရုံများ အစဉ်အမြဲသပ်ရပ်လှပ ခိုင်ခံ့နေစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

## အခန်း(၄)
## လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၁၂။ မြို့တော်နယ်နိမိတ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းတစ်ရပ်ရပ်ကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည် -

(က) ပျော်ရွှင်ဖွယ်ကစားကွင်းဖွင့်လှစ်ခြင်းလုပ်ငန်း၊

(ခ) ကျန်းမာရေးလေ့ကျင့်သည့်အခန်းနှင့် အားကစားရုံများဖွင့်လှစ်ခြင်းလုပ်ငန်း၊

(ဂ) ရေကူးကန်ဖွင့်လှစ်ခြင်းလုပ်ငန်း၊

(ဃ) အားကစားနည်းပညာသင်တန်းကျောင်းဖွင့်လှစ်ခြင်းလုပ်ငန်း၊

(င) ပျိုးခြံတည်ထောင်ခြင်းလုပ်ငန်း၊

(စ) ပျိုးပင်အရောင်းဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်း။

၁၃။ ဌာနမှူးသည် နည်းဥပဒေ ၁၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ ကော်မတီသည် လိုင်စင်သက်တမ်းကို သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် လိုင်စင် ထုတ်ပေးသည့်နေ့မှစတင်၍ ဘဏ္ဍာရေးနှစ်(၃)နှစ်အထိ သတ်မှတ်နိုင်သည်။

၁၅။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၆။ လိုင်စင်ရရှိသူသည် လုပ်ငန်းသက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကိုဆက်လက်လုပ်ကိုင် လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

၁၇။ ဌာနမှူးသည် နည်းဥပဒေ ၁၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး ကော်မတီ၏ သဘော တူညီချက်ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၈။ လိုင်စင်ရရှိသူသည် နည်းဥပဒေ ၁၆ နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်မီ လျှောက်ထားခဲ့ပြီးဖြစ်လျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်းရှိမရှိ ဌာန၏အကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့အထိ လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့် ရှိသည်။

၁၉။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် လိုင်စင်မိတ္တူမှန်ရရှိလိုပါက ခိုင်လုံသောအထောက်အထားများပူးတွဲ၍ ဌာနသို့ လျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးသွင်းစေပြီး လိုင်စင်မိတ္တူမှန်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၀။ (က) လိုင်စင်ရရှိသူသည် လုပ်ငန်းနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာနေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းခြင်း၊ လုပ်ငန်းပူးပေါင်းခြင်း သို့မဟုတ် လုပ်ငန်းခွဲခြားခြင်း ဆောင်ရွက်လိုပါက ဌာနသို့ လျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ကော်မတီ၏သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၁။ လိုင်စင်ရရှိသူသည် လုပ်ငန်းကိုခေတ္တဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ရပ်စဲလိုလျှင် အကျိုးအကြောင်းဖော်ပြပြီး ဌာနသို့အကြောင်းကြားရမည်။

၂၂။ ကော်မတီသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးငွေတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

## အခန်း(၅)
## ခွင့်ပြုချက်

၂၃။ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီပိုင်ပန်းဥယျာဉ်၊ ပန်းခြံ၊ ရှုခင်းနေရာနှင့် ကွက်လပ်မြေနေရာများတွင် အောက်ဖော်ပြပါလုပ်ငန်းတစ်ရပ်ရပ်ကို ယာယီလုပ်ကိုင်ဆောင်ရွက်လိုသူသည် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည် -

(က) ပြပွဲပြိုင်ပွဲကျင်းပခြင်း၊

(ခ) ပျော်ပွဲရွှင်ပွဲကျင်းပခြင်း၊

(ဂ) ပွဲလမ်းသဘင်ကျင်းပခြင်း၊

(ဃ) အခမ်းအနားကျင်းပခြင်း၊

(င) အဆောက်အအုံဆောက်လုပ်ခြင်း၊

(စ) အပင်စိုက်ပျိုးခြင်း၊

(ဆ) အားကစားကွင်းပြုလုပ်ခြင်း၊

(ဇ) စီးပွားရေးအလို့ငှာ လုပ်ငန်းများဆောင်ရွက်ခြင်း။

၂၄။ ဌာနမှူးသည် နည်းဥပဒေ ၂၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၅။ ဌာနမှူးသည် နည်းဥပဒေ ၂၄ အရ ထုတ်ပေးသောခွင့်ပြုချက်တွင် ခွင့်ပြုသောသက်တမ်း ကာလကို သတ်မှတ်ပေးရမည်။

၂၆။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ သစ်ပင်များနှင့်ပတ်သက်၍ စိုက်ပျိုး ခြင်း၊ ပုံသွင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ ခုတ်ခြင်းများကို လိုအပ်သလိုစီမံဆောင်ရွက်နိုင်သည်။

၂၇။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကပိုင်၊ အသင်းအဖွဲ့ပိုင် အိမ်ဝင်းနှင့်ဥပစာအတွင်းရှိ သစ်ပင်များအား သက်ဆိုင်ရာပိုင်ရှင်များမှ အကြောင်းအကျိုးခိုင်လုံစွာဖြင့် သစ်ကိုင်းခုတ်ရန်၊ ပုံသွင်းရန်၊ သစ်ပင်ခုတ်ရန်၊ ရွှေ့ပြောင်းရန်ကိစ္စများအား တင်ပြလာပါက စိစစ်၍ ခွင့်ပြုချက်ပေးခြင်း၊ ခွင့်ပြုရန်ငြင်းပယ်ခြင်းများ ဆောင်ရွက်နိုင်သည်။

၂၈။ ကော်မတီသည် ကော်မတီပိုင်ဂေါက်ကွင်းသို့ အသင်းဝင်ခွင့်လျှောက်ထားလာသူများအား စိစစ်၍ ခွင့်ပြုခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်သူများအား အသင်းဝင်အဖြစ်မှ ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်သည်။

၂၉။ ခွင့်ပြုချက်ရရှိသူသည် -

(က) ခွင့်ပြုချက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၃၀။ ကော်မတီသည် ဂေါက်ကွင်း၏အသင်းဝင်တစ်ဦးအား သတ်မှတ်ထားသော အသင်းဝင်ကြေး နှင့် လစဉ်ကြေးများကို သတ်မှတ်ကာလအတွင်းပေးဆောင်စေပြီး ပေးဆောင်ရန်ပျက်ကွက်သူ များအား အသင်းဝင်အဖြစ်မှ ယာယီရပ်စဲခြင်း၊ ပယ်ဖျက်ခြင်း၊ အခြားသင့်လျော်သူ တစ်ဦးဦးအား အသင်းဝင်အမည်စာရင်း ပြောင်းလဲသတ်မှတ်ပေးခြင်းများ ဆောင်ရွက်နိုင်သည်။

## အခန်း(၆)
## ဆိုင်ခန်း၊ တိုက်ခန်း၊ မြေနေရာ၊ အဆောက်အအုံများကို ကြီးကြပ်ခြင်း

၃၁။ ကော်မတီ၏ခွင့်ပြုချက်ဖြင့် -

(က) ဌာနက စည်းကမ်းချက်များသတ်မှတ်၍ ငှားရမ်းထားသောဆိုင်ခန်း၊ တိုက်ခန်း၊ မြေနေရာ၊ အဆောက်အအုံကို ငှားရမ်းနိုင်သည်။ ငှားရမ်းကာလကုန်ဆုံးပြီးနောက် ဖယ်ရှားခြင်း၊ ပြန်လည်သိမ်းယူခြင်းပြုနိုင်သည်။

(ခ) သတ်မှတ်ထားသော စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်၍ အဆောက်အအုံ များဆောက်လုပ်ပါက ဖျက်သိမ်းခြင်းများဆောင်ရွက်နိုင်သည်။

Rusle/D/P2/9

၃၂။ ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဌာနမှ ငှားရမ်းထားသော ဆိုင်ခန်း၊ တိုက်ခန်းနှင့် မြေနေရာ၊ အဆောက်အအုံကို ပြန်လည်အသုံးပြုရန်လိုအပ်သည့်အခါ ငှားရမ်းထားသူများအား ကြိုတင်အကြောင်းကြားပြီး ဖယ်ရှား၍ပြန်လည်ရယူနိုင်သည်။

၃၃။ (က) ဆိုင်ငှား၊ တိုက်ခန်းငှား၊ မြေငှား၊ အဆောက်အအုံငှားသူသည် အမည်လွှဲပြောင်းလိုပါက ဌာနမှူးထံလျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်၍ ကော်မတီ၏ သဘောတူညီချက်ဖြင့်ခွင့်ပြုနိုင်သည်။

၃၄။ ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဌာနမှငှားရမ်းထားသော ဆိုင်ခန်း၊ တိုက်ခန်း၊ မြေ၊ အဆောက်အအုံအတွက် ငှားရမ်းခများကို သတ်မှတ်ထားရမည်။ သတ်မှတ်ထားသောငှားရမ်းခများကို ပေးသွင်းရန်ပျက်ကွက်ပါက ဤနည်းဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည်။

၃၅။ ဌာနမှူးသည် -

(က) အငှားချထားသောဆိုင်ခန်း၊ တိုက်ခန်း၊ မြေ၊ အဆောက်အအုံအတွက် ငှားရမ်းခများကို သတ်မှတ်ထားသည့်အတိုင်း အငှားချထားခြင်းခံရသူက မပျက်မကွက် ပေးဆောင်စေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ထားသော စည်းကမ်းချက်များကို အငှားချထားခြင်းခံရသူက လိုက်နာခြင်းရှိမရှိ အခါအားလျော်စွာစိစစ်၍ လိုက်နာခြင်းမရှိသူအား ဤနည်းဥပဒေအရ အရေးယူနိုင်သည်။

## အခန်း(၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၆။ ကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီ၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သောလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူအား လိုအပ်သလိုစိစစ်၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုပယ်ဖျက်ခြင်း။

Rusle/D/P2/10

၃၇။ (က) နည်းဥပဒေ ၃၆၊ နည်းဥပဒေခွဲ(ဂ)အရ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသူသည် ယင်းရပ်ဆိုင်းကာလ ကုန်ဆုံးသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပြန်လည်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားနိုင်သည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ခြင်းမပြုပါဟု ဝန်ခံကတိပြုစေ၍ ကော်မတီ၏ သဘောတူညီချက်ဖြင့် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၃၈။ ကော်မတီသည် နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုရရှိသူက ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်လျှင် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်နိုင်သည်။

၃၉။ ကော်မတီသည် သတ်မှတ်ထားသောစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီ၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သောဆိုင်ငှား၊ တိုက်ခန်းငှား၊ မြေငှား၊ အဆောက်အအုံငှားများအား လိုအပ်သလိုစိစစ်၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း၊

(ဃ) အပြီးပိတ်သိမ်း၍ ပြန်လည်သိမ်းယူခြင်း။

၄၀။ (က) နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ(ဂ)အရ ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်းခံရသူများသည် ယင်းကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းကာလကုန်ဆုံးသည့်အခါ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားနိုင်သည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ခြင်းမပြုပါဟု ဝန်ခံကတိပြုစေ၍ ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်းခံရသည့်ကာလအတွက် ငှားရမ်းခများကို ပေးဆောင်စေပြီး ကော်မတီ၏ သဘောတူညီချက်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်သည်။

၄၁။ ကော်မတီသည် နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ(ခ)အရ ဆိုင်ခန်း၊ တိုက်ခန်း၊ မြေ၊ အဆောက်အအုံကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုပြီးနောက် ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ငှားရမ်းသူကထပ်မံဖောက်ဖျက်လျှင် ဆိုင်ခန်း၊ တိုက်ခန်း၊ မြေ၊ အဆောက်အအုံကို ပြန်လည်သိမ်းယူနိုင်သည်။

၄၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ သစ်ပင်များ၊ သစ်ကိုင်းများခုတ်ခြင်း၊ ရွှေ့ပြောင်းခြင်းအတွက် သတ်မှတ်ထားသောဝန်ဆောင်ခပေးသွင်းစေပြီး ခွင့်ပြုချက်ပေးခြင်း၊ ခွင့်ပြုရန်ငြင်းပယ်ခြင်းနှင့် ခွင့်ပြုချက်မဲ့ သစ်ပင်၊ သစ်ကိုင်းခုတ်ခြင်း၊ ချိုးဖဲ့ခြင်း၊ ချိုင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ခုတ်လှဲခြင်း၊ သေဆုံးစေခြင်း ပြုလုပ်သူများအား သတ်မှတ်ထားသောဒဏ်ငွေ တပ်ရိုက်ခြင်းများ ဆောင်ရွက်နိုင်သည်။

၄၃။ ကော်မတီသည် ဤနည်းဥပဒေများအရချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းပြုနိုင်သည်။

## အခန်း(၈)
## တားမြစ်ချက်များနှင့် အရေးယူခြင်း

၄၄။ မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း -

(က) စီးပွားရေးအလို့ငှာ ပျိုးခြံတည်ထောင်ခြင်းလုပ်ငန်း သို့မဟုတ် ပျိုးပင်အရောင်းဆိုင် ဖွင့်လှစ်ခြင်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

(ခ) မည်သူမျှ ပန်းဥယျာဉ်၊ ပန်းခြံ၊ ကွက်လပ်မြေနေရာ သို့မဟုတ် ရှုခင်းနေရာ အတွင်းရှိ ရေပိုက်လိုင်း၊ ရေငုတ်၊ ရေတွင်းနှင့် တည်ဆောက်ထားသောပစ္စည်းများအား ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

(ဂ) မည်သူမျှ ကန်ူးအတွင်း ရေချိုးခြင်း၊ ရေကူးခြင်း၊ အဝတ်လျှော်ခြင်း၊ ငါးဖမ်းခြင်း၊ အမှိုက်ပစ်ခြင်း၊ ကန်ူးရေအား ညစ်ညမ်းစေရန်အလို့ငှာဆောင်ရွက်ခြင်း၊ အညစ်အကြေးစွန့်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ဆင်းခြင်းများ မပြုရ။

(ဃ) ကော်မတီ၏ခွင့်ပြုချက်ဖြင့် ငှားရမ်းထားသော မြေများ၊ ဆိုင်များ၊ တိုက်ခန်းများ၊ အဆောက်အအုံများတွင် အငှားချထားခြင်းခံရသူများအနေဖြင့် စာချုပ်ပါ စည်းကမ်းချက်အတိုင်း သတ်မှတ်ထားသော ငှားရမ်းခငွေပေးသွင်းရာ၌ သတ်မှတ်ရက်ထက်ကျော်လွန်ခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ခြင်းများ မပြုရ။

(င) ဂေါက်ကွင်းအသင်းဝင်တစ်ဦးဦးအနေဖြင့် သတ်မှတ်လစဉ်ကြေးများပေးဆောင်ရန် ပျက်ကွက်ခြင်း မပြုရ။

(စ) ဂေါက်ကွင်းရှိ ကယ်ဒီများအနေဖြင့် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အသင်းအဖွဲ့ တစ်ခုခုဖွဲ့စည်းခြင်း မပြုရ။ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း မပြုရ။

(ဆ) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ စိုက်ပျိုးထားသောသစ်ပင်များအား သေဆုံးစေရန် ပေါင်းသတ်ဆေးရည်ဖျန်းခြင်း၊ အခြားနည်းဖြင့်ဆောင်ရွက်ခြင်းများ မပြုရ။

(ဇ) ကော်မတီ၏ခွင့်ပြုချက်ဖြင့် ပျိုးခြံတည်ထောင်ခြင်းလုပ်ငန်းနှင့် ပျိုးပင်အရောင်းဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းအတွက် လိုင်စင်ထုတ်ပေးထားသောဆိုင်များမှ နှစ်စဉ်လိုင်စင်ကြေးပေးဆောင်ရာတွင် ပျက်ကွက်ခြင်း မပြုရ။

၄၅။ မည်သူမဆို နည်းဥပဒေ ၄၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း(၉)

## အထွေထွေ

၄၆။ ဌာနမှူးသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါစည်းကမ်းချက်များကိုလည်းကောင်း၊ ကော်မတီ၏ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူက ဖြစ်စေ၊ ဆိုင်ငှား၊ တိုက်ခန်းငှား၊ အဆောက်အအုံငှား၊ မြေငှားကဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းရှိမရှိ သိရှိနိုင်ရန်နှင့် လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းနှင့်နေရာများကို အခါအားလျော်စွာစစ်ဆေးနိုင်သည်။

၄၇။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၈။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိသင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၉။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

Rusle/D/P2/14

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေပေးရေးနှင့်အညစ်အကြေးသန့်ရှင်းမှုဆိုင်ရာ နည်းဥပဒေများ

၂၀၁၅ ခုနှစ် ၊ မေလ ၁၄ ရက်

c/ docume 1 water / my docu 1 WATER DE. PMD

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေပေးရေးနှင့်အညစ်အကြေးသန့်ရှင်းမှုဆိုင်ရာနည်းဥပဒေများ

## မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ အခန်း(၁) | ၊ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) | ၊ | ရေပေးရေးလုပ်ငန်းများ | ၂ |
| ၃။ အခန်း(၃) | ၊ | ရေသန့်အင်ဂျင်နီယာလိုင်စင်နှင့်ပိုက်ဆက်သူလိုင်စင် | ၆ |
| ၄။ အခန်း(၄) | ၊ | အဝီစိတွင်းတူးဖော်ရန်ခွင့်ပြုချက်၊ အဝီစိတွင်းတူးလုပ်ငန်း လိုင်စင်နှင့် အဝီစိတွင်းတူးဆရာလိုင်စင် | ၇ |
| ၅။ အခန်း(၅) | ၊ | အညစ်အကြေးသန့်ရှင်းမှုလုပ်ငန်းများ | ၉ |
| ၆။ အခန်း(၆) | ၊ | ရေဆိုးစွန့်ပစ်ခြင်း | ၁၃ |
| ၇။ အခန်း(၇) | ၊ | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၄ |
| ၈။ အခန်း(၈) | ၊ | တားမြစ်ချက်များနှင့် အရေးယူခြင်း | ၁၅ |
| ၉။ အခန်း(၉) | ၊ | အထွေထွေ | ၁၆ |


c/ docume 1 water / my docu 1 WATER DE. PMD

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေပေးရေးနှင့်အညစ်အကြေးသန့်ရှင်းမှုဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၁၅ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ် ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရေပေးရေးနှင့် အညစ်အကြေးသန့်ရှင်းမှုဆိုင်ရာနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရေပေးရေးလုပ်ငန်း** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူ အသုံးပြုရန် ရေလှောင်ကန်၊ ကျုံး၊ ကျုံးရေကန်၊ စမ်းချောင်း၊ ရေမြောင်း၊ အင်း၊ အိုင်၊ မြစ်၊ ချောင်းများနှင့်မြေအောက်ရေတို့ကို ရေလှောင်၊ ရေပို့ပိုက်များနှင့် စက်ကိရိယာများကို အသုံးပြု၍ ပေးပို့ဖြန့်ဝေသောလုပ်ငန်းကိုဆိုသည်။

(ခ) **တရားမဝင်ရေဆက်သွယ်ခြင်း** ဆိုသည်မှာ ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ ကော်မတီပိုင် ရေပေးရေးလုပ်ငန်းမှရေကို မိမိ၏အဆောက်အအုံ၊ အဝန်းအဝိုင်း မည်သည့်နေရာသို့မဆို တိုက်ရိုက်ဖြစ်စေ၊ ဆင့်ပွားဖြစ်စေ သွယ်ယူသုံးစွဲခြင်း၊ လျှပ်စစ် သို့မဟုတ် စွမ်းအင် တစ်မျိုးမျိုးကိုသုံး၍ ရေစုပ်စက်တပ်ဆင်သုံးစွဲခြင်း၊ လက်နှိပ်တုံကင်တပ်ဆင် သုံးစွဲခြင်းနှင့် မူလခွင့်ပြုချက်ထက်ကျော်လွန်ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။

(ဂ) **ကျုံးရေကန်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူအသုံးပြုရန်

c/ docume 1 water / my docu 1 WATER DE. PMD

ကျုံးမှတစ်ဆင့် ရေလှဲ၊ ရေပို့ပိုက်များနှင့် စက်ကိရိယာများကိုအသုံးပြု၍ ပေးပို့ဖြန့်ဝေသော ရေကိုသိုလှောင်သည့် ရေကန်ကိုဆိုသည်။

(ဃ) **မိလ္လာရည်ကြည်** ဆိုသည်မှာ အညစ်အကြေးရေများကို သန့်စင်မှုစနစ်တစ်မျိုးမျိုးဖြင့် သန့်စင်ပြီးနောက် ကော်မတီက သတ်မှတ်အတည်ပြုထားသော စံချိန်စံညွှန်းများနှင့်အညီ ထွက်ရှိလာသည့် အရည်ကြည်ကိုဆိုသည်။

(င) **လိုင်စင်** ဆိုသည်မှာ ရေသန့်အင်ဂျင်နီယာ၊ ပိုက်ဆက်သူ သို့မဟုတ် အဝီစိတွင်းတူးဆရာ အဖြစ်လည်းကောင်း၊ အဝီစိတွင်းတူးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးသောလိုင်စင်ကိုဆိုသည်။

(စ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့်ဌာနကိုဆိုသည်။

## အခန်း(၂)
## ရေပေးရေးလုပ်ငန်းများ

၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူသောက်သုံးရန်သင့်လျော်သည့် ရေကိုလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် ရေပေးရေးလုပ်ငန်းများကိုစီမံဆောင်ရွက်ရမည်။

၄။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ ရေပေးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍အောက်ပါလုပ်ငန်းများကိုဆောင်ရွက်နိုင်သည် -

(က) လိုအပ်သောရေလှောင်ကန်နှင့် ကျုံးရေကန်များ၊ ရေသွယ်မြောင်းများ၊ ရေသွင်းမြောင်းများ၊ အဝီစိတွင်းများ၊ ရေပို့ပိုက်လိုင်းများ၊ မီးသတ်ရေသွယ်ငုတ်များနှင့် အခြားလိုအပ်သောအရာများကို တည်ဆောက်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်း၊

(ခ) လိုအပ်သည့်မြေယာများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းပြီး အသုံးပြုခြင်း၊ ပုဂ္ဂလိကပိုင်မြေဖြစ်ပါက ထိုမြေပိုင်ရှင်နှင့် ညှိနှိုင်းပြီး ဝယ်ယူခြင်း သို့မဟုတ် ငှားရမ်းရယူခြင်း၊

(ဂ) လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများနှင့် စက်ပစ္စည်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပြင်ပပုဂ္ဂိုလ်နှင့်ညှိနှိုင်းပြီး ဝယ်ယူခြင်း သို့မဟုတ် ငှားရမ်းရယူခြင်း။

၅။ ကော်မတီသည် ရေအရင်းအမြစ်ရရှိရေး လုပ်ငန်းများဖြစ်သည့် မြေပေါ်၊ မြေအောက်ရှိ

c/ docume 1 water / my docu 1 WATER DE. PMD

ရေရရှိရေးလုပ်ငန်း၊ ထိုရေကို သန့်စင်ရေးလုပ်ငန်းနှင့် သိုလှောင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ရေပေးရေးလုပ်ငန်းကိုလည်းကောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ စည်းကမ်းချက်သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ရေပေးရေးလုပ်ငန်းများကို စစ်ဆေးခြင်း၊ပြင်ဆင်ခြင်း သို့မဟုတ် တည်ဆောက်ခြင်းပြုလုပ်ရာတွင် သက်ဆိုင်ရာပိုင်ရှင်၏ပစ္စည်းကိုမထိခိုက်စေဘဲ ဖြတ်သန်းဝင်ရောက်ခွင့် သို့မဟုတ် စက်ပစ္စည်းကိရိယာများကို ယူဆောင်ချထားခွင့်ရှိသည်။

၇။ ကော်မတီသည် -

(က) ရေပေးရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျုံးရေကန်များ၊ ရေသွယ်မြောင်း၊ ရေသွင်းမြောင်းများ၊ အဝီစိတွင်းများ၊ ရေပို့ပိုက်လိုင်းများ၊ မီးသတ်ရေသွယ်ငုတ်များ၊ မြေအောက်ရေပိုက်လိုင်းများ၊ရေသန့်စင်စက်ရုံများတည်ဆောက်ခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများဆောင်ရွက်ရာတွင် မည်သည့်လမ်း သို့မဟုတ် လမ်းနယ်နိမိတ်ကိုမဆို ဖြတ်သန်းဖောက်ထွင်း၍ လိုအပ်သလိုဆောင်ရွက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလမ်း သို့မဟုတ် လမ်းနယ်နိမိတ်သည် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကပိုင်လမ်း သို့မဟုတ် လမ်းနယ်နိမိတ်ဖြစ်ပါက လုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားကြိုတင်ညှိနှိုင်းရမည်။

၈။ (က) ကော်မတီက နည်းဥပဒေ ၇ အရ ရေပေးရေးလုပ်ငန်းကိုဆောင်ရွက်ခြင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ပစ္စည်းဆုံးရှုံးမှုဖြစ်ပေါ်လျှင် နစ်နာသူသည် လျော်ကြေးရရန် ခိုင်လုံသောအထောက်အထားဖြင့် ကော်မတီသို့တင်ပြတောင်းဆိုနိုင်သည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ တင်ပြတောင်းဆိုသည့် အထောက်အထားများမှာ ခိုင်လုံသည်ဟုယူဆလျှင် ထိုက်သင့်သောနစ်နာကြေးငွေကိုသတ်မှတ်၍ ထိုသူအား ပေးရမည်။

၉။ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီပိုင်ရေပေးရေးလုပ်ငန်းမှ ရေကို ရယူအသုံးပြုလိုသူသည် ခွင့်ပြုချက်ရရှိရန် ဌာနသို့လျှောက်ထားရမည်။ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီပိုင်ရေပေးရေးလုပ်ငန်းမရှိသည့်နေရာများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်သည် မိမိပိုင်ရေတွင်းရေကန်များမှ ပိုက်လိုင်း၊ရေမီတာ၊

c/ docume 1 water / my docu 1 WATER DE. PMD

ရေကန်များဖြင့် ရေဖြန့်ဝေရောင်းချလိုပါက ဌာနသို့လျှောက်ထားရမည်။

၁၀။ ဌာနမှူးသည် နည်းဥပဒေ ၉ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် စည်းကမ်းများသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။ ခွင့်ပြုချက်ရရှိပါက ရေရောင်းချခွင့်ကို ကော်မတီမှသတ်မှတ်သည့်နှုန်းထားဖြင့် ကောက်ယူနိုင်သည်။

၁၁။ ကော်မတီပိုင်ရေပေးရေးလုပ်ငန်းမှရေကို ဆက်သွယ်အသုံးပြုခွင့်ရရှိသူသည် ရေဆက်သွယ်ရာတွင် ဌာန၏ကြီးကြပ်မှုဖြင့် လိုင်စင်ရပိုက်ဆက်သူဖြင့်သာ ဆောင်ရွက်ရမည်။ ကော်မတီပိုင်ရေပေးရေးလုပ်ငန်းမှရေကို ဆက်သွယ်ရယူရာတွင် မြေတူးဆွရာမှထွက်ရှိလာသည့် မြေကြီး၊ခြုံပုတ်နှင့်အမှိုက်သရိုက် အစရှိသည်တို့ကို လိုင်စင်ရပိုက်ဆက်သူမှ တစ်ပါတည်းရှင်းလင်းဆောင်ရွက်ရမည်။

၁၂။ ကော်မတီသည် ကော်မတီပိုင် ရေပေးရေးလုပ်ငန်းမှရေကို ဆက်သွယ်အသုံးပြုသူများအား ရေသွယ်ပိုက်ပြောင်းရွှေ့ခြင်းနှင့် ရေမီတာပြောင်းရွှေ့ခြင်းတို့ကို ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည်။

၁၃။ (က) ကော်မတီပိုင်ရေပေးရေးလုပ်ငန်းမှ ရေဆက်သွယ်အသုံးပြုနေသော အိမ်ရှင်က ၎င်း၏အိမ်ငှားအား ရေသွယ်ပိုက်မှတစ်ဆင့် ရေဆက်သွယ်သုံးစွဲခြင်းကို အကြောင်းမဲ့ခွင့်မပြုလျှင်ဖြစ်စေ၊ ဖြတ်တောက်လျှင်ဖြစ်စေ၊ ရေကိုလုံလောက်အောင်ပေးဝေခြင်းမပြုလျှင်ဖြစ်စေ အိမ်ငှားသည် အဆိုပါအချက်များကိုဖော်ပြ၍ ၎င်းအား သီးခြားရေဆက်သွယ်သုံးစွဲခွင့်ပြုရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ (က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် သတ်မှတ်သည့် ဝန်ဆောင်စရိတ်ကိုပေးသွင်းစေ၍ ရေသွယ်ပိုက်မှ သီးခြားရေဆက်သွယ်သုံးစွဲခွင့်ပြုနိုင်သည်။

၁၄။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းက ဖြန့်ဝေသောရေသည် အများပြည်သူ၏ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်းတွေ့ရှိပါက သောက်သုံးရန်မသင့်ကြောင်းကြေညာ၍ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းကိုရပ်ဆိုင်းစေပြီး သောက်သုံးရန်သင့်လျော်သော ရေကိုသာဖြန့်ဝေစေရေးအတွက် ဆောင်ရွက်ရန်ညွှန်ကြားနိုင်သည်။ သောက်သုံးရန်သင့်လျော်ကြောင်း စစ်ဆေးတွေ့ရှိပါက အဆိုပါရေပေးရေးလုပ်ငန်းကို ပြန်လည်ခွင့်ပြုနိုင်သည်။

၁၅။ ကော်မတီသည် -

(က) မြို့တော်နေအများပြည်သူတို့ ရေအခက်အခဲမရှိစေရန်လည်းကောင်း၊ရေပေးရေးလုပ်ငန်းမှရေကို ဖြုန်းတီးခြင်းမရှိစေရန်လည်းကောင်း လိုအပ်သော အစီအမံများချမှတ်ဆောင်ရွက်ရမည်။

c/ docume 1 water / my docu 1 WATER DE. PMD

(ခ) ကော်မတီပိုင်ရေပေးရေးလုပ်ငန်းမှ ရေဆက်သွယ်အသုံးပြုသူ၏ နေအိမ်၊ အဆောက်အအုံသို့ရေဆက်သွယ်ရာ၌အသုံးပြုသည့် ရေပိုက်နှင့်ပစ္စည်းများ၏ အရွယ်အစားကို သတ်မှတ်ပေးရမည်။

၁၆။ ဌာနမှူးသည် -

(က) နည်းဥပဒေ ၁၀ အရ ထုတ်ပေးသော ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သည့် ရေဆက်သွယ်ရေးလုပ်ငန်းများကို စစ်ဆေးနိုင်သည်။

(ခ) ရေဆက်သွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်သေ(၂)ဦးနှင့်အတူ မည်သည့်ပုဂ္ဂလိက နေအိမ်၊ အဆောက်အအုံ၊ ခြံဝင်းအတွင်းသို့မဆို ဝင်ရောက်စစ်ဆေးနိုင်သည်။

၁၇။ (က) ဌာနမှူးသည် ရေဆက်သွယ်အသုံးပြုသူက ကျသင့်သော ရေဖိုးရေခကိုပေးဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ရေအသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့်စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိလျှင်ဖြစ်စေ သတ်မှတ်ပေးသည့် အချိန်အတွင်း ရေဖိုးရေခပေးရန် သို့မဟုတ် ညွှန်ကြားချက်နှင့်စည်းကမ်းချက်ကို လိုက်နာဆောင်ရွက်စေရန် အကြောင်းကြားရမည်။ ထိုသို့အကြောင်းကြားသော်လည်း သတ်မှတ်သည့် အချိန်အတွင်းလိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက ရေဆက်သွယ်ထားခြင်းကို ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဖြတ်တောက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ရေဖြတ်တောက်ခြင်းခံရသူသည် ရေအသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပြီးစီးပါက ရေပြန်လည်ဆက်သွယ်အသုံးပြုခွင့်ရရှိရန် ဌာနသို့လျှောက်ထားနိုင်သည်။ ဌာနမှူးသည် လျှောက်ထားချက်ကိုစိစစ်ပြီး လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်၍ ကျေနပ်ဖွယ်တွေ့ရှိပါက ကော်မတီကသတ်မှတ်သည့် ဒဏ်ကြေးငွေပေးသွင်းစေပြီး ရေပြန်လည်ဆက်သွယ်အသုံးပြုရန် ခွင့်ပြုနိုင်သည်။

၁၈။ အဆောက်အအုံပိုင်ရှင် သို့မဟုတ် ရေဆက်သွယ်အသုံးပြုသူသည် ရေဆက်သွယ်ရာတွင်အသုံးပြုသော ရေသွယ်ပိုက်နှင့် ယင်းပိုက်တွင်တပ်ဆင်ထားသောပစ္စည်းများကို ပျက်စီးပျောက်ဆုံးခြင်းမရှိစေရန် တာဝန်ယူစောင့်ရှောက်ရမည်။ ပျက်စီးပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့လျှင် ဌာနကသတ်မှတ်ညွှန်ကြားသည့်အတိုင်း ပြင်ဆင်ဆောင်ရွက်ရမည်။

၁၉။ မြို့တော်နယ်နိမိတ်ပြင်ပမှဆက်သွယ်သည့် ရေပို့ပိုက်မကြီး သို့မဟုတ် မြို့တွင်းပင်မရေသွယ်ပိုက်ပေါ်တွင် လမ်းဖောက်ခြင်း၊ တံတားဆောက်လုပ်ခြင်း သို့မဟုတ် အဆောက်အအုံဆောက်လုပ်ခြင်း၊

c/ docume 1 water / my docu 1 WATER DE. PMD

ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းပြုလုပ်လိုသော အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ကော်မတီနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ကို ရယူရမည်။

၂၀။ ကော်မတီသည် ရေပေးရေးလုပ်ငန်းမှရေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရေအရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့က အခါအားလျော်စွာ အတည်ပြုပြဌာန်းထားသော သောက်သုံးရေစံချိန်စံညွှန်းနှင့်ကိုက်ညီစေရန် စီစဉ်ဆောင်ရွက်ရမည်။

၂၁။ ဌာနမှူးသည် ကော်မတီ၏ခွင့်ပြုချက်ဖြင့် ကော်မတီပိုင်ရေပေးရေးလုပ်ငန်းမှရေကို -

(က) ဆက်သွယ်အသုံးပြုသည့်နေအိမ်၊ အဆောက်အအုံပိုင်ရှင်များ သို့မဟုတ် အသုံးပြုသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များထံမှ ရေဖိုးရေခကို သတ်မှတ်သည့်နှုန်းထားဖြင့်ဖြစ်စေ၊ ပုတ်ပြတ်နှုန်းထားဖြင့်ဖြစ်စေ၊ ရေမီတာဖြင့်ဖြစ်စေကောက်ခံရယူနိုင်သည်။

(ခ) တန်ဖိုးသတ်မှတ်၍ တစ်နည်းနည်းဖြင့်ရောင်းချနိုင်သည်။

၂၂။ ကော်မတီသည် မိမိပိုင်ရေပေးရေးလုပ်ငန်းမှရေကို ဆက်သွယ်အသုံးပြုသည့် အောက်ပါတို့ထံမှ ရေဖိုးရေခနှင့် ဝန်ဆောင်မှုစရိတ်များကို ကောက်ခံနိုင်သည်-

(က) ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံခြားသားများ၊

(ခ) နိုင်ငံခြားကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် နိုင်ငံခြားသားများ၊

(ဂ) နိုင်ငံခြားသုံးငွေဖြင့်ငှားရမ်းခယူ၍ အငှားချထားသောလူနေအိမ်၊ အခန်းနှင့် အဆောက်အအုံများ၊

(ဃ) နိုင်ငံခြားသုံးငွေဖြင့် တည်းခိုခနှင့်ဝန်ဆောင်ခရယူသော ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ဂေဟာနှင့်တည်းခိုရိပ်သာများ၊ ဆေးကုဂေဟာနှင့် ဆေးခန်းများ၊

(င) ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လျက်ရှိသောလုပ်ငန်းများ။

## အခန်း(၃)
## ရေသန့်အင်ဂျင်နီယာလိုင်စင်နှင့် ပိုက်ဆက်သူလိုင်စင်

၂၃။ မြို့တော်နယ်နိမိတ်အတွင်း ရေသန့်အင်ဂျင်နီယာ သို့မဟုတ် ပိုက်ဆက်သွယ်သူအဖြစ် လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

c/ docume 1 water / my docu 1 WATER DE. PMD

၂၄။ ဌာနမှူးသည် နည်းဥပဒေ ၂၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၅။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့မှစတင်၍ (၃)နှစ်ဖြစ်သည်။

၂၆။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါစည်းကမ်းချက်များကိုလိုက်နာရမည်။

(ခ) ကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၇။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

၂၈။ ဌာနမှူးသည် နည်းဥပဒေ ၂၇ အရ လျှောက်ထားချက်ကို စိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၉။ လိုင်စင်ရရှိသူသည် နည်းဥပဒေ ၂၇ နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားပြီးဖြစ်လျှင် ဌာနမှူးက လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်းရှိမရှိ အကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့အထိလုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။

၃၀။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းကြောင့် လိုင်စင်မိတ္တူမှန် ရရှိလိုပါက ခိုင်လုံသောအထောက်အထားများပူးတွဲတင်ပြ၍ ဌာနသို့လျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ (က)အရ လျှောက်ထားချက်ကိုစိစစ်၍ ဒဏ်ကြေးငွေ ပေးသွင်းစေပြီး လိုင်စင်မိတ္တူမှန်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း(၄)

## အဝီစိတွင်းတူးဖော်ရန်ခွင့်ပြုချက်၊ အဝီစိတွင်းတူးလုပ်ငန်းလိုင်စင်နှင့်အဝီစိတွင်းတူးဆရာလိုင်စင်

၃၁။ မြို့တော်နယ်နိမိတ်အတွင်း မိမိပိုင်မြေကွက်တွင် အဝီစိတွင်းတူးဖော်လိုသူသည် ခွင့်ပြုချက်ရရှိရန် မြေပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

c/ docume 1 water / my docu 1 WATER DE. PMD

၃၂။ ဌာနမှူးသည် ကော်မတီ၏ခွင့်ပြုချက်ဖြင့် -

(က) နည်းဥပဒေ ၃၁ အရ လျှောက်ထားချက်ကိုစိစစ်၍ အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကကန့်ကွက်ရန်ရှိလျှင် သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ရေးအတွက် အများပြည်သူသိရှိနိုင်ရန် သတင်းစာတွင်ထည့်သွင်းကြေညာပြီး လိုအပ်သောစိစစ်မှု ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ပြီးနောက် စည်းကမ်းချက်များနှင့်ကိုက်ညီပါက အဝီစိတွင်းတူးဖော်ရန် ယာယီတူးဖော်ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(ခ)အရ အဝီစိတွင်းတူးဖော်ရန် ယာယီတူးဖော်ခွင့်ပြုမိန့် ထုတ်ပေးရာတွင် ခွင့်ပြုသက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှ(၆)လအတွင်းဖြစ်သည်။

(ဃ) ယာယီတူးဖော်ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးမြှင့်ခြင်းကို နောက်ထပ် (၆)လခွင့်ပြုနိုင်ပြီး ယာယီတူးဖော်ခွင့်ပြုမိန့်သက်တမ်းကာလသည် (၁)နှစ်ထက် မပိုသောကာလဖြစ်ရမည်။

(င) ယာယီတူးဖော်ခွင့်ပြုမိန့်(၁)နှစ်သက်တမ်းကုန်ဆုံးပြီးမှ တူးဖော်လိုပါက အသစ်ပြန်လည်လျှောက်ထားရမည်။

(စ) ယာယီတူးဖော်ခွင့်ပြုမိန့်ဖြင့် တူးဖော်ပြီးပါက အဝီစိတွင်းမှထွက်ရှိလာသော ရေကို သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှုရှိမရှိ ကော်မတီပိုင်ဓာတ်ခွဲခန်းတွင် သတ်မှတ်နှုန်းထားများပေးဆောင်၍ စမ်းသပ်ပြီးအသုံးပြုရန် သင့်လျော်မှုရှိပါက အမြဲတမ်းသုံးစွဲခွင့်ပြုမိန့် ဆက်လက်လျှောက်ထားရမည်။

၃၃။ မြို့တော်နယ်နိမိတ်အတွင်း အဝီစိတွင်းတူးလုပ်ငန်းကိုလည်းကောင်း၊ အဝီစိတွင်းတူးဆရာအဖြစ်လည်းကောင်း လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ ဌာနသို့ လျှောက်ထားရမည်။

၃၄။ ဌာနမှူးသည် နည်းဥပဒေ ၃၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၅။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ (၃)နှစ်ဖြစ်သည်။

c/ docume 1 water / my docu 1 WATER DE. PMD

၃၆။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၃၇။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀)ကြိုတင်၍ သက်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

၃၈။ ဌာနမှူးသည် နည်းဥပဒေ ၃၇ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီ၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၉။ လိုင်စင်ရသူသည် နည်းဥပဒေ ၃၇ နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခဲ့ပြီးဖြစ်လျှင် ဌာနမှူးက လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်းရှိမရှိ အကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့အထိ လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။

၄၀။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် လိုင်စင်မိတ္တူမှန်ရရှိလိုပါက ခိုင်လုံသောအထောက်အထားပူးတွဲ၍ ဌာနသို့လျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ (က)အရ လျှောက်ထားချက်ကိုစိစစ်၍ ဒဏ်ကြေးငွေပေးသွင်းစေပြီး လိုင်စင်မိတ္တူမှန်ကို လျှောက်ထားသူအားထုတ်ပေးရမည်။

၄၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ ကိုယ်ပိုင်အဝီစိတွင်းများမှရေကို အသုံးပြုရန် သင့်မသင့် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိမရှိ ဓာတ်ခွဲစစ်ဆေးပြီးမှ အသုံးပြုရန် အဝီစိတွင်းပိုင်ရှင် သို့မဟုတ် အဝီစိတွင်းမှရေကို အသုံးပြုသူအားပညာပေးလမ်းညွှန်ရမည်။

## အခန်း (၅)
## အညစ်အကြေးသန့်ရှင်းမှုလုပ်ငန်းများ

၄၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ အညစ်အကြေးသန့်ရှင်းမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ -

(က) အညစ်အကြေးစွန့်ထုတ်မှုစနစ်များနှင့် အညစ်အကြေးသန့်စင်မှုစနစ်များကို စီမံဆောင်ရွက်ရမည်။

c/ docume 1 water / my docu 1 WATER DE. PMD

( ခ ) လိုအပ်သောမြေနှင့်အဆောက်အအုံများ၊ စက်ပစ္စည်းများကိုဝယ်ယူခြင်း သို့မဟုတ် ငှားရမ်းခြင်းပြုနိုင်သည်။

( ဂ ) အများပြည်သူအကျိုးငှာ ပုဂ္ဂိုလ်တစ်ဦးဦးပိုင်ဆိုင်ခွင့် အသုံးပြုခွင့်ရှိသောမြေကို အသုံးပြုရန်လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ဃ) အညစ်အကြေးစွန့်ထုတ်မှုလုပ်ငန်းကို ပြည်တွင်းပြည်ပအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၄၃။ ကော်မတီသည် -

(က) မြို့တော်နယ်နိမိတ်အတွင်း ဒေသအလိုက်အသုံးပြုရမည့် မိလ္လာပြွန်နှင့် မိလ္လာစွန့်ပစ်မှုစနစ်ကိုသတ်မှတ်ပြီး ထိုစနစ်နှင့်အညီ မိလ္လာစွန့်ပစ်ရေးအတွက် လိုအပ်သလိုစစ်ဆေးညွှန်ကြားနိုင်သည်။

( ခ ) အဆောက်အအုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူက တာဝန်ယူတည်ဆောက်မည့် မိလ္လာစွန့်ပစ်မှုစနစ်ကိုစိစစ်ပြီး ခွင့်ပြုနိုင်သည်။

( ဂ ) မိလ္လာပြွန်စနစ်ရှိသည့်နယ်မြေအတွင်း လူဦးရေ (၂၅၀)နှင့်အထက် စုပေါင်းနေထိုင်အသုံးပြုသည့် အဆောက်အအုံကြီးများမှလည်းကောင်း၊ ကော်မတီက လူအများစုပေါင်းနေထိုင်အသုံးပြုသည်ဟု သတ်မှတ်ထားသော အဆောက်အအုံများမှလည်းကောင်း ထွက်ရှိလာသောမိလ္လာကို ကော်မတီပိုင်မိလ္လာပြွန်စနစ်အတွင်းသို့ စွန့်ပစ်ထည့်သွင်းခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သလို ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

(ဃ) မြို့တော်နယ်နိမိတ်အတွင်း ဒေသအလိုက် အသုံးပြုရမည့် မိလ္လာပြွန်နှင့် မိလ္လာစွန့်ပစ်မှုစနစ် တည်ဆောက်အကောင်အထည်ဖော်ခြင်းကို ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား ကော်မတီမှသတ်မှတ်ထားသော စည်းကမ်းချက်များဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

( င ) မိလ္လာပြွန်စနစ် သို့မဟုတ် အညစ်ကြေးနှင့်ရေဆိုးများ လက်ခံပြွန်၊ ပိုက်၊ မြောင်းစနစ် တည်ဆောက် အကောင်အထည်ဖော်ထားသောနယ်မြေတွင် အဆောက်အအုံပိုင်ရှင် သို့မဟုတ် နေထိုင်သူများသည် သတ်မှတ်ထားသောပြွန်၊ ပိုက်၊ မြောင်းစနစ်အတွင်းသို့သာ အညစ်အကြေးစွန့်ပစ်ခကို သတ်မှတ်နှုန်းထားအတိုင်းပေးဆောင်၍ စွန့်ပစ်ရမည်။

c/ docume 1 water / my docu 1 WATER DE. PMD

(စ) မိလ္လာပြွန်စနစ်မရှိသည့်နယ်မြေတွင် တစ်ဦးချင်း သို့မဟုတ် လူအများစုပေါင်း အသုံးပြုသည့် မိလ္လာကန်မှထွက်ရှိလာသောမိလ္လာရေကြည်ကို ကော်မတီက သတ်မှတ်ပေးသည့် ရေမြောင်း၊မြစ်၊ချောင်း၊အင်း၊အိုင်၊ကန်သို့ တစ်ဆင့်စွန့်ပစ်ရန် သတ်မှတ်ဆောင်ရွက်စေနိုင်သည်။

(ဆ) နည်းဥပဒေခွဲ(စ) အရ မိလ္လာရေကြည်နှင့်အနည်အနှစ် စွန့်ပစ်လိုကြောင်း လျှောက်ထားလာပါကစိစစ်ပြီး သတ်မှတ်နှုန်းထားများပေးသွင်း၍ စွန့်ပစ်ခွင့် ပြုနိုင်သည်။

၄၄။ (က) မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံအဝန်းအဝိုင်းမှထွက်ရှိသော မိလ္လာကို ကော်မတီပိုင်မိလ္လာပြွန်စနစ် သို့မဟုတ် မိလ္လာကန်သို့ဆက်သွယ်စွန့်ပစ်လိုသူသည် စွန့်ပစ်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကော်မတီကသတ်မှတ်သည့်ဝန်ဆောင်ခကို ပေးသွင်းစေလျက် စည်းကမ်းချက်များသတ်မှတ်၍ မိလ္လာပြွန်စနစ် သို့မဟုတ် မိလ္လာကန်သို့ ဆက်သွယ် စွန့်ပစ်ခွင့်ပြုနိုင်သည်။

၄၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ အညစ်အကြေး စွန့်ထုတ်မှုလုပ်ငန်းများနှင့် အညစ်အကြေးသန့်စင်မှုလုပ်ငန်းများ စီမံဆောင်ရွက်ပေးရသည့်အတွက် အဆောက်အအုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်သည့်အခကြေးငွေကို ကောက်ခံနိုင်သည်။

၄၆။ (က) မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူသည် မိမိပိုင် မြေဧရိယာအတွင်း မိလ္လာကန်တည်ဆောက်ရန် လုံလောက်သောမြေကွက်လပ်မရှိသည့် အတွက် ကော်မတီပိုင်မြေနေရာ သို့မဟုတ် နောက်ဖေးလမ်းကြားတွင် မိလ္လာကန် တည်ဆောက်လိုလျှင်သော်လည်းကောင်း၊ မိလ္လာကန်ပိုက်လိုင်းချထားလိုလျှင် သော်လည်းကောင်း ခွင့်ပြုမိန့်ရရှိရန် ဌာနသို့လျှောက်ထားရမည်။

(ခ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်၍ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်မြေငှားခ သို့မဟုတ် ကျူးကျော်ခွန်ကို ပေးသွင်း စေပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

c/ docume 1 water / my docu 1 WATER DE. PMD

၄၇။ ဌာနမှူးသည် -

(က) အဆောက်အအုံအဝန်းအဝိုင်းမှထွက်ရှိသော အညစ်အကြေးနှင့်ရေဆိုးများကို ကော်မတီပိုင်သီးခြားရေမြောင်း သို့မဟုတ် သီးခြားနေရာသို့စနစ်တကျ စီးဝင်စေရေးအတွက် မြေနှင့်အဆောက်အအုံတစ်ခုခုတွင် ရေမြောင်းဖောက်လုပ်ရန် သို့မဟုတ် ပိုက်တပ်ဆင်ထားရှိရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူအားညွှန်ကြားနိုင်သည်။

(ခ) အသစ်ပြန်လည်ပြင်ဆင် တည်ဆောက်ထားသောအဆောက်အအုံနှင့် ထိုအဆောက်အအုံတွင် အသုံးပြုနေသော မိလ္လာကန်၊ မိလ္လာပြွန် သို့မဟုတ် မိလ္လာစွန့်ပစ်မှုစနစ်မှာ သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့် လိုက်လျောညီထွေမှုမရှိကြောင်း သို့မဟုတ် သတ်မှတ်စံချိန်စံညွှန်းနှင့်ညီညွတ်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက လိုအပ်သလို ပြန်လည်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းများကို ဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူအားညွှန်ကြားနိုင်သည်။

၄၈။ ဌာနမှူးသည် ကော်မတီ၏ခွင့်ပြုချက်ဖြင့် မြို့တော်နယ်နိမိတ်အတွင်း -

(က) အများသုံးသန့်စင်ခန်းများကို ဆောက်လုပ်ပြီး သန့်ရှင်းမှုရှိစေရန် စီမံခန့်ခွဲနိုင်သည်။

(ခ) အများသုံးသန့်စင်ခန်းများတည်ဆောက်ခြင်းလုပ်ငန်းကို အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သော နည်းဖြင့်ဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ တည်ဆောက်လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ဂ) အိမ်သာကို ယင်လုံအိမ်သာ သို့မဟုတ် ရေလောင်းအိမ်သာအဆင့် သတ်မှတ်ဆောက်လုပ်အသုံးပြုရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူအား ညွှန်ကြားနိုင်သည်။

၄၉။ ကော်မတီသည် ရေလောင်းအိမ်သာနှင့်မိလ္လာကန် ဆောက်လုပ်စဉ် ပိုင်ဆိုင်မှုတစ်စုံတစ်ရာ အငြင်းပွါး၍ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ၊ ကန့်ကွက်လာပါက ဆက်လက်ဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းစေနိုင်သည်။ လိုအပ်ပါက ဖြိုဖျက်စေရန် ရက်သတ်မှတ်ညွှန်ကြားနိုင်သည်။

c/ docume 1 water / my docu 1 WATER DE. PMD

## အခန်း(၆)

## ရေဆိုးစွန့်ပစ်ခြင်း

၅၀။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း -

(က) ရေဆိုးစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ရေဆိုးများစွန့်ထုတ်နိုင်ရန်အတွက် ရေဆိုးပိုက်လိုင်းများချထားခြင်း၊ ရေထိန်းတံခါးများတည်ဆောက်ခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများဖြစ်သည့် ရေမြောင်းများဖောက်လုပ်ခြင်း၊ ရေဆိုးထုတ်စက်ရုံများတည်ဆောက်ခြင်း၊ ရေဆိုးသန့်စင်စနစ်များပြုလုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ရာတွင် မည်သည့်လမ်းကိုဖြစ်စေ၊ လမ်းနယ်နိမိတ်ကိုဖြစ်စေ၊ ဥယျာဉ်မြေကိုဖြစ်စေ၊ လယ်ယာမြေကိုဖြစ်စေ ဖြတ်သန်းဖောက်ထွင်း၍ လိုအပ်သလိုဆောင်ရွက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကပိုင်ဖြစ်ပါက လုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား ကြိုတင်ညှိနှိုင်းရမည်။

(ဂ) စက်ရုံအလုပ်ရုံများမှစွန့်ထုတ်သော စွန့်ပစ်ရေများကို နောက်ဖေးလမ်းကြား၊လူသွားလမ်းများ၊ ရေနုတ်မြောင်းများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် ၊ ကန်များ အတွင်းသို့ တိုက်ရိုက်စွန့်ထုတ်ခြင်းမပြုစေရန်နှင့် စွန့်ပစ်ရေများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ သန့်စင်ပြီးမှစွန့်ပစ်ရန် ညွှန်ကြားရမည်။

(ဃ) ခြံ၊ မြေ၊ အဆောက်အအုံများမှ ဘေးဖြစ်စေတတ်သော သို့မဟုတ် ပိတ်ဆို့စေတတ်သော အရာဝတ္ထုများပါဝင်သည့် ရေဆိုးကို စွန့်ထုတ်ခြင်းမပြုစေရေးအတွက် လိုအပ်သော အစီအမံများစီစဉ်ဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။

(င) စက်ရုံ၊ အလုပ်ရုံများမှစွန့်ထုတ်သော သန့်စင်ပြီးသည့်ရေဆိုးများကို ဓာတ်ခွဲစမ်းသပ်စေပြီး၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိပါက ရေနုတ်မြောင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် ၊ ကန်များအတွင်း စွန့်ထုတ်ခွင့်ပြုနိုင်သည်။

(စ) စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်သော ရေဆိုးများအား ရေဆိုးသန့်စင်စက်ရုံ၊ ရေဆိုးသန့်စင်ကန်၊ ရေဆိုးစွန့်ထုတ်ပိုက်နှင့် ရေဆိုးမြောင်းများအတွင်းသို့ စွန့်ထုတ်ပါက ရေဆိုးစွန့်ထုတ်မှု အမျိုးအစားပမာဏအလိုက်နှင့် စက်ရုံ၊ အလုပ်ရုံ အမျိုးအစားအလိုက် ကောက်ခံနိုင်သည်။

c/ docume 1 water / my docu 1 WATER DE. PMD

(ဆ) စက်မှုဇုန်များရှိ စက်ရုံများမှ ထွက်ရှိသည့်ရေဆိုးများကို ဗဟိုရေဆိုးသန့်စင်စက်ရုံ တည်ဆောက်အကောင်အထည်ဖော်ပါက စက်ရုံထွက်ရေဆိုးများကို သတ်မှတ်ထားသော ရေဆိုးပိုက်လိုင်းအတွင်းသို့သာ ရေဆိုးသန့်စင်ခအတွက် သတ်မှတ်နှုန်းထားအတိုင်းပေးဆောင်ပြီး စွန့်ပစ်ရန်ညွှန်ကြားနိုင်သည်။

(ဇ) ခြံ၊ မြေ၊ အဆောက်အအုံနှင့် စက်ရုံအလုပ်ရုံများမှ စွန့်ထုတ်သောရေဆိုးများကို ကျုံး၊ ကျုံးရေကန်၊ ရေစစ်ကန်၊ သောက်သုံးရေကန်နှင့် ရေလှောင်ကန်များအတွင်းသို့ ဝင်ရောက်မှုမရှိစေရန် စိစစ်ညွှန်ကြားနိုင်သည်။

၅၁။ (က) ကော်မတီက ရေဆိုးစွန့်ပစ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်လျှင် နစ်နာသူသည်လျော်ကြေးရရန် ခိုင်လုံသောအထောက်အထားဖြင့် ကော်မတီသို့ တင်ပြတောင်းဆိုနိုင်သည်။

(ခ) ကော်မတီသည်နည်းဥပဒေခွဲ(က)အရ တင်ပြတောင်းဆိုသည့် အထောက်အထားများမှာ ခိုင်လုံသည်ဟုယူဆလျှင် သင့်လျော်သောနစ်နာကြေးငွေကိုသတ်မှတ်၍ ထိုသူအား ပေးရမည်။

## အခန်း (၇)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၂။ ကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီ၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်သောလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရရှိသူအား လိုအပ်ပါကစုံစမ်းစစ်ဆေး၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း။

၅၃။ (က) နည်းဥပဒေ ၅၂ ၊ နည်းဥပဒေခွဲ(ဂ)အရ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသူသည် ရပ်ဆိုင်းကာလကုန်ဆုံးသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုပြန်လည်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့ လျှောက်ထားနိုင်သည်။

c/ docume 1 water / my docu 1 WATER DE. PMD

(ခ ) ဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ယခင်ဖောက်ဖျက်ကျူးလွန်ခဲ့သည့်စည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ခြင်း မပြုပါဟုဝန်ခံကတိပြုစေ၍ ကော်မတီ၏ခွင့်ပြုချက်ဖြင့် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၅၄။ ကော်မတီသည် နည်းဥပဒေ ၅၃ ၊ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကိုရရှိသူက လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါစည်းကမ်းချက် သို့မဟုတ် ညွှန်ကြားချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ထိုသူ၏လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်နိုင်သည်။

## အခန်း (၈)
## တားမြစ်ချက်များနှင့် အရေးယူခြင်း

၅၅။ မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း -

(က) ရေသန့်အင်ဂျင်နီယာ သို့မဟုတ် ပိုက်ဆက်သူအဖြစ် လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

(ခ ) အဝီစိတွင်းတူးဆရာအဖြစ် လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

(ဂ ) ရေလောင်းအိမ်သာနှင့် မိလ္လာကန်ကို ခွင့်ပြုချက်မရှိပဲ ဆောက်လုပ်ခြင်းမပြုရ။

(ဃ) အဝီစိတွင်းတူးဖော်ခြင်းအား ခွင့်ပြုထားသည့်နေရာမှအပ အခြားနေရာတွင် ရွှေ့ပြောင်းတူးဖော်ခြင်းမပြုရ။

( င) ကော်မတီ၏ခွင့်ပြုချက်မရှိပဲ အများသုံးကျုံးရေကန်နှင့် ကျုံးပိုက်ထိုးကန်များမှရေကို ပိုမိုရရှိရန် သို့မဟုတ် အလွယ်တကူရရှိရန်လျှပ်စစ် သို့မဟုတ် စွမ်းအင် တစ်မျိုးမျိုးကို အသုံးပြု၍ ရယူသုံးစွဲခြင်း မပြုရ။

( စ) မိလ္လာကန်များကို တည်ဆောက်ရာတွင် သတ်မှတ်ထားသော နည်းစနစ်စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုမရှိဘဲ ဆောက်လုပ်ခြင်းမပြုရ။

(ဆ) ရေလောင်းအိမ်သာနှင့် မိလ္လာကန်ဆောက်လုပ်စဉ် တစ်စုံတစ်ရာအငြင်းပွားခဲ့ပါက စိစစ်ပြီးရပ်နားထားရန်နှင့် ဆက်လက်ဆောက်လုပ်ခြင်းမပြုရ။

( ဇ) ရေလောင်းအိမ်သာနှင့်မိလ္လာကန်တို့ကို မိမိအစီအစဉ်ဖြင့် ဖျက်သိမ်းပေးရန် အကြောင်းကြားလာပါက ဖျက်သိမ်းရန်ပျက်ကွက်ခြင်းမပြုရ။

c/ docume 1 water / my docu 1 WATER DE. PMD

(ဈ) အများပြည်သူသုံးမြောင်းအတွင်း မိလ္လာအနည်အနှစ်များအား ပိုက်ဖြင့်တိုက်ရိုက်ဖြစ်စေ သို့မဟုတ် မြောင်းသွယ်၍ဖြစ်စေ စွန့်ပစ်ခြင်းမပြုရ။

(ည) ပုဂ္ဂလိကပိုင် ရေတွင်းရေကန်များမှရေကို ပိုက်လိုင်း၊ ရေမီတာများ၊ ရေကန်များဖြင့် ရောင်းစားခြင်းမပြုရ။

( ဋ ) ကော်မတီပိုင် ရေပေးရေးလုပ်ငန်းများရှိ ရေပိုက် နှင့် ရေပိုက်ခေါင်းများကို ဖွင့်ခြင်း၊ ပိတ်ခြင်း၊ ဖြုတ်ယူခြင်း၊ ဖျက်စီးခြင်း၊ ပြင်ဆင်ခြင်း၊ နေရာပြောင်းရွှေ့ခြင်း သို့မဟုတ် အသစ်တပ်ဆင်ခြင်းမပြုရ။

၅၆။ မည်သူမဆို နည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဤနည်းဥပဒေတွင် ဖော်ပြထားသော စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်နိုင်သည်။

## အခန်း (၉)

## အထွေထွေ

၅၇။ ကော်မတီသည် နည်းဥပဒေများအရ လိုအပ်သောလိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးငွေနှင့်ဝန်ဆောင်ခတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၅၈။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၉။ ဌာနမှူးသည် ဤနည်းဥပဒေများအရဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၆၀။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

c/ docume 1 water / my docu 1 WATER DE. PMD

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာ

## နည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

02/KKS/Land Law(2015)-1

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများ

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ အခန်း(၁) ၊ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ အခန်း(၂) ၊ | မြေများကိုစီမံခန့်ခွဲခြင်း | ၂ |
| ၃။ အခန်း(၃) ၊ | မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာစီမံကိန်းများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း | ၅ |
| ၄။ အခန်း(၄) ၊ | မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးနှင့်အညီမြေအသုံးချခြင်း | ၅ |
| ၅။ အခန်း(၅) ၊ | မြေငှားစာချုပ်များ၊ လိုင်စင်များနှင့်ပါမစ်များကိုထုတ်ပေးခြင်း၊ ၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့်ဖျက်သိမ်းခြင်း | ၆ |
| ၆။ အခန်း(၆) ၊ | မြေခွန်၊ မြေငှားရမ်းခစည်းကြပ်ခြင်း၊ ကောက်ခံခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်းနှင့် သက်သာခွင့်ပြုခြင်း | ၇ |
| ၇။ အခန်း(၇) ၊ | ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် မြေငှားရမ်းခြင်း | ၈ |
| ၈။ အခန်း(၈) ၊ | မြေသိမ်းယူခြင်း၊ မြေဝယ်ယူခြင်းနှင့်မြေလွှဲပြောင်းရယူခြင်း | ၈ |
| ၉။ အခန်း(၉) ၊ | မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုစီမံခန့်ခွဲခြင်း | ၉ |
| ၁၀။ အခန်း(၁၀)၊ | မှတ်တမ်းများ၊ ပုံစံများသတ်မှတ်ခြင်း၊ ထိန်းသိမ်းထားရှိခြင်း နှင့်မိတ္တူကူးယူခြင်း | ၉ |
| ၁၁။ အခန်း(၁၁) ၊ | မြေတိုင်းတာခြင်း | ၁၀ |
| ၁၂။ အခန်း(၁၂) ၊ | တရားမဝင်ကျူးကျော်သည့်အဆောက်အအုံများနှင့် ကျူးကျော်သူများအားဖယ်ရှားခြင်း | ၁၀ |
| ၁၃။ အခန်း(၁၃) ၊ | အယူခံဝင်ခြင်း | ၁၁ |
| ၁၄။ အခန်း(၁၄) ၊ | တားမြစ်ချက်များ | ၁၁ |
| ၁၅။ အခန်း(၁၅) ၊ | အထွေထွေ | ၁၂ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၁၆ /၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ် မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင် သာယာရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေခွန်၊ မြေငှားရမ်းခ** ဆိုသည်မှာ ဤနည်းဥပဒေများအရ စည်းကြပ်ကောက်ခံသော မြေခွန်နှင့်မြေငှားရမ်းခတို့ကိုဆိုသည်။

(ခ) **မြေငှားစာချုပ်** ဆိုသည်မှာ ကော်မတီကသတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ နှစ်တိုနှစ်ရှည်ကာလသတ်မှတ်၍ အငှားချထားသည့်စာချုပ်ကိုဆိုသည်။

(ဂ) **လိုင်စင်** ဆိုသည်မှာ မြေနှင့်စပ်လျဉ်း၍ ကော်မတီကသတ်မှတ်သည့် စည်းကမ်းချက်များ နှင့်အညီ မြေကိုယာယီအသုံးပြုခွင့်ပေးခြင်းကိုဆိုသည်။

(ဃ) **ပါမစ်** ဆိုသည်မှာ မြေနှင့်စပ်လျဉ်း၍ ကော်မတီကသတ်မှတ်သည့် စည်းကမ်းချက်များ နှင့်အညီ လူနေအိမ် သို့မဟုတ် အဆောက်အအုံဆောက်လုပ်နေထိုင်ခွင့်ပြုခြင်းကို ဆိုသည်။

(င) **ဘိုးဘပိုင်မြေ** ဆိုသည်မှာ ဘိုးဘွားမိဘလက်ထက်ကပင် ဓားမဦးချပိုင်ဆိုင်လာ၍ လွှဲပြောင်းဆက်ခံခွင့်ရှိသော မစိုက်ပျိုးသည့်မြေကိုဆိုသည်။

(စ) **မြေငှားဂရန်မြေ** ဆိုသည်မှာ ကော်မတီကစည်းကမ်းချက်များ သတ်မှတ်ပြီး နှစ်တိုနှစ်ရှည်ကာလသတ်မှတ်၍ မြေငှားစာချုပ်ဖြင့် အငှားချထားသည့် မြေကိုဆိုသည်။

(ဆ) **ကျူးကျော်မြေ** ဆိုသည်မှာ ကော်မတီပိုင်မြေနှင့် ကော်မတီကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေပေါ်တွင် ခွင့်ပြုချက်တစ်စုံတရာမရရှိဘဲ ဝင်ရောက်ကျူးကျော်နေထိုင်သောမြေကို ဆိုသည်။

(ဇ) **အခွန်လွတ်သာသနာ့မြေ** ဆိုသည်မှာ မူလကနဦးပိုင်မြေ သို့မဟုတ် ဘိုးဘပိုင်မြေကို ဥပဒေနှင့်အညီရရှိသောပုဂ္ဂိုလ်က ဘာသာ၊ သာသနာအကျိုးသုံးစွဲရန်အတွက် လှူဒါန်းထားသဖြင့် တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးထားသောမြေကိုဆိုသည်။

(ဈ) **အခွန်လွတ်သာသနာ့မြေဂရန်** ဆိုသည်မှာ တည်ဆဲဥပဒေနှင့်အညီ ဘာသာ၊ သာသနာကိစ္စအလို့ငှာ မြေယာအပိုင်ပတ္တာစာချုပ်ဖြင့် သတ်မှတ်ထုတ်ပေးသည့် လက်မှတ်ကိုဆိုသည်။

(ည) **အခွန်လွတ်ဗဒ္ဓသိမ်မြေ** ဆိုသည်မှာ သာသနာမြေအတွင်း ဘာသာ၊ သာသနာမြေကိစ္စ အတွက်အသုံးပြုရန်အလို့ငှာ လှူပုဂ္ဂိုလ်ကသာ လှူဒါန်းထားခွင့်ရှိသည့်မြေကို ဆိုသည်။

(ဋ) **အခွန်လွတ်ဗဒ္ဓသိမ်မြေဂရန်** ဆိုသည်မှာ တည်ဆဲဥပဒေနှင့်အညီ ဝိသုံဂါမသိမ်အဖြစ် အသုံးပြုရန် အသီးအခြားမြေပေးအမိန့်ဖြင့် သတ်မှတ်ထုတ်ပေးလိုက်သည့် လက်မှတ်ကိုဆိုသည်။

(ဌ) **မြို့ကွက်မြေပုံ** ဆိုသည်မှာ အခြေခံအင်ဂျင်နီယာပိုင်းဆိုင်ရာများဖြင့် စနစ်တကျရေးဆွဲပြီး မြို့ပြစီမံကိန်းနှင့်အညီ မြို့ကွက်ရိုက်ဖော်ထုတ်ထားသည့် အခြေပြမြေပုံကိုဆိုသည်။

(ဍ) **ဌာန**ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့်သက်ဆိုင်ရာဌာနကိုဆိုသည်။

(ဎ) **ကော်လိတ္တော်အရာရှိ၊ လက်ထောက်ကော်လိတ္တော်အရာရှိ**ဆိုသည်မှာ ကော်မတီက ဤနည်းဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ခန့်အပ်တာဝန်ပေးအပ်ထားသည့် အရာရှိကိုဆိုသည်။

## အခန်း(၂)

## မြေများကိုစီမံခန့်ခွဲခြင်း

၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ အောက်ဖော်ပြပါမြေများမှအပ ကော်မတီပိုင် မြေများ၊ ကော်မတီကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများ၊ တည်ဆဲဥပဒေနှင့်အညီ သိမ်းယူထားသောမြေများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှဲပြောင်းရယူထားသောမြေများ၊ ပုဂ္ဂလိကပိုင်မြေများနှင့် မြေငှားစာချုပ်ဖြင့်ဖြစ်စေ၊ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ ပုဂ္ဂလိကအား နေထိုင်အသုံးပြုခွင့်ပေးထားသော မြေများကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲပိုင်ခွင့်ရှိသည်-

(က) နိုင်ငံတော်ပိုင်မြေ၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းပိုင်မြေ၊

(ဂ) အခွန်လွတ်သာသနာမြေနှင့် အခွန်လွတ်ဗဒ္ဓသိမ်မြေ၊

(ဃ) လယ်ယာမြေနှင့်မြေလွတ်မြေရိုင်း၊

( င ) စားကျက်မြေ။

၄။ အရန်မြေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အနာဂတ် စီမံကိန်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၅။ ကော်မတီသည် နည်းဥပဒေ ၃ အရ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို အောက်ပါအတိုင်း စီမံခန့်ခွဲပိုင်ခွင့်ရှိသည်-

(က) မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးနှင့်အညီ မြေအသုံးချခြင်းနှင့်စပ်လျဉ်း၍ စီမံချက်ချမှတ် ဆောင်ရွက်ခြင်း၊

( ခ ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေး နှင့်အညီ မြို့ကွက်များဖော်ထုတ်၍ မြို့သစ်များတည်ထောင်ခြင်း၊ မြို့မြေစာရင်းများ မြို့နယ်၊ ရပ်ကွက်၊ မြို့ကွက်မြေပုံများ ပြုစုထိန်းသိမ်းခြင်း၊ မြေအသုံးချမှုဇုန်အလိုက် မြို့မြေအသုံးချမြေပုံများ ပြုစုထိန်းသိမ်းခြင်း၊

( ဂ ) မြေငှားစာချုပ်များ၊ လိုင်စင်များနှင့် ပါမစ်များထုတ်ပေးခြင်းနှင့် နေထိုင်အသုံးပြုခွင့် ပေးခြင်း၊

(ဃ) မြေငှားစာချုပ်များ၊ လိုင်စင်များနှင့် ပါမစ်များကိုသက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်း တိုးမြှင့်ပေးခြင်း၊ စည်းကမ်းဖောက်ဖျက်ပါက ဖျက်သိမ်းခြင်း၊

( င ) မြေများကိုလဲလှယ်ခြင်း၊ မြေပိုင်ဆိုင်ခွင့်အမည်လွှဲပြောင်းခြင်း၊ မြေတိုင်းတာခြင်း၊ ခွဲစိတ်ခွင့်ပြုခြင်း၊ သက်သေခံမြေပုံ၊ မြေရာဇဝင်ထုတ်ပေးခြင်း၊ မြေတန်ဖိုးဖြတ်ခြင်း နှင့် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

( စ ) မြေခွန်၊ မြေငှားရမ်းခစည်းကြပ်ခြင်း၊ ကောက်ခံခြင်း၊ ကြွေးကျန်ကောက်ခံခြင်း၊ မြေခွန်၊ မြေငှားရမ်းခကင်းလွတ်ခွင့်ပြုခြင်း၊ သက်သာခွင့်ပြုခြင်း၊ ပြန်လည်သတ်မှတ်စည်းကြပ် ခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းနှင့် မြေခွန်၊ မြေငှားရမ်းခပိုငွေပြန်အမ်းခြင်း၊

(ဆ) တရားမဝင်ကျူးကျော်ခြင်းမပြုနိုင်ရန် တားမြစ်ခြင်းနှင့် တရားမဝင်ကျူးကျော်သည့် အဆောက်အအုံများ၊ တရားမဝင်ကျူးကျော်သူများကို ဖယ်ရှားခြင်း၊ တရားစွဲဆိုခြင်း၊

( ဇ ) ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃(က)ပါပြဋ္ဌာန်းချက်အရ “လယ်ယာမြေ” ဟူသောစကားရပ်တွင် အကျုံးမဝင်သောလယ်ယာမြေများအား အစိုးရအဖွဲ့သို့တင်ပြပြီး အစိုးရမြေအဖြစ်သတ်မှတ်ခြင်း၊

(ဈ) မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေး အကောင်အထည်ဖော်ရာတွင် မလွတ်ကင်းသော ပုဂ္ဂလိကပိုင်မြေမှ အဆောက်အအုံကို နိုင်ငံသား၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ပိုင်ဆိုင်မှုကိုထိခိုက်ဆုံးရှုံးမှုမရှိစေဘဲ စီမံဆောင်ရွက်ခြင်း၊

(ည) သက်ဆိုင်ရာဝန်ကြီးဌာနက မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးနှင့်အညီ တည်ထောင်ပြီးသော မြို့သစ်များ၊ စီမံကိန်းဇုန်များ၊ အိမ်ရာစီမံကိန်းများကို အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် လွှဲပြောင်းရယူပြီး ဤနည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဋ) လူနေရပ်ကွက်များ၊ မြို့တွင်းမြို့ပြင်ရှိအဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ မီးလောင်ပျက်စီးသွားပါက ယင်းမီးလောင်မြေများကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးနှင့် လိုက်လျောညီထွေမှုရှိစေရန် စနစ်တကျစီမံခန့်ခွဲခြင်း၊ ယင်းကဲ့သို့စီမံခန့်ခွဲနိုင်ရန် ဥပဒေနှင့်အညီသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) မြစ်၊ ချောင်းကမ်းပါးပြိုခြင်း၊ ရေတိုက်စားခြင်းစသည့် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့်ပျက်စီးသွား၍ ပေါ်ပေါက်လာသောမြေများကို စီမံခန့်ခွဲခြင်း၊

(ဍ) ပိတ်သိမ်းပြီးဖြစ်သည့် သုသာန်မြေများကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဎ) မြို့ပြစီမံကိန်းနှင့်အညီလိုအပ်ပါက မြေအမျိုးအစားနှင့် မြေအသုံးချမှုများကို ပြုပြင်ပြောင်းလဲသတ်မှတ်ခြင်း။

၆။ ကော်မတီသည် -

(က) နည်းဥပဒေ ၃၇၊ ၃၈ နှင့်အညီ အများပြည်သူအကျိုးအတွက် တည်ဆဲဥပဒေများနှင့်အညီလျော်ကြေးပေး၍ သိမ်းယူထားသော သို့မဟုတ် ကာလတန်ဖိုးညှိ၍ ဝယ်ယူထားသော မြေနှင့်အဆောက်အအုံများကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးတို့အရ လိုအပ်သလိုစီမံခန့်ခွဲနိုင်သည်။

(ခ) နည်းဥပဒေ ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့နှင့်အညီ လွှဲပြောင်းရယူထားသောမြေများကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးနှင့်အညီ လိုအပ်သလို စီမံခန့်ခွဲနိုင်သည်။

၇။ ကော်မတီသည် နည်းဥပဒေ ၅ နှင့် ၆ တို့အရ မြေများစီမံခန့်ခွဲပိုင်ခွင့်ကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် ရုံးအကြီးအမှူးနှင့် ဌာနမှူးတို့အား လွှဲအပ်တာဝန်ပေးနိုင်သည်။

၈။ ကော်မတီသည် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေစီမံခန့်ခွဲမှုနှင့် မြေခွန်မြေခ အရပ်ရပ်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ကော်လိတ္တော်အရာရှိ၊ လက်ထောက်ကော်လိတ္တော်အရာရှိနှင့် သင့်လျော်သည့်ဝန်ထမ်းအားတာဝန်ပေးအပ်၍ ဆောင်ရွက်စေနိုင်သည်။

၉။ ကော်မတီသည် နည်းဥပဒေ ၃၆ အရ မြေငှားရမ်းသည့်ကိစ္စရပ်များတွင် ပဋိညာဉ်စာချုပ်ပါ သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းနှင့်ညီညွတ်မှုမရှိ၍ရပ်စဲလျှင်ဖြစ်စေ၊ ပြန်လည်အပ်နှံလျှင်ဖြစ်စေ၊ မြေနှင့်မြေပေါ်ရှိအဆောက်အဦများ၊ လုပ်ငန်းများကို လွှဲပြောင်းလက်ခံခြင်း၊ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

02/KKS/Land Law(2015)-6

## အခန်း(၃)

## မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာစီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း

၁၀။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွက်ဖြစ်စေ၊ တိုးချဲ့ရန်ရည်ရွယ်သည့် နယ်မြေအတွက်ဖြစ်စေ၊ ရေးဆွဲထားသော မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၁။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးနှင့်အညီ မြို့တော်၏မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းတစ်ရပ်ကို အသေးစိတ်ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ပြန်လည်သုံးသပ်၍ ပြုပြင်ပြောင်းလဲခြင်းများပြုလုပ်နိုင်သည်။

၁၂။ ကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးတို့အရ မြို့ကွက်များဖော်ထုတ်၍ မြို့သစ်များတည်ထောင်နိုင်သည်။

၁၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့ပြအင်္ဂါရပ်နှင့်ညီညွတ်ခြင်းမရှိသော ရပ်ကွက်များ၊ ကျေးရွာများနှင့်နေရာများကို စနစ်တကျမြို့ကွက်ရိုက်ခြင်း၊ ပြန်လည်နေရာချထားခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၄။ ကော်မတီသည် ကျူးကျော်ရပ်ကွက်များအား ဥပဒေနှင့်အညီ ဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းများပြုလုပ်နိုင်သည်။

၁၅။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာစီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့အတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

## အခန်း(၄)

## မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးတို့အရ မြေအသုံးချခြင်း

၁၆။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မြေအသုံးချမှုဆိုင်ရာမူဝါဒများရေးဆွဲခြင်းနှင့် မြေအသုံးချခြင်းဆိုင်ရာ စီမံချက်များရေးဆွဲခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၇။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးတို့အရ အောက်ပါမြေအသုံးချမှုဇုန်များ သတ်မှတ်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းတို့ကို ပြုလုပ်နိုင်သည်-

(က) အိမ်ရာမဲ့များနှင့်အခြေခံလူတန်းစားများအတွက် မြို့သစ်ဇုန်၊

(ခ) အသေးစား၊ အလတ်စားစက်မှုဇုန်၊

(ဂ) စီးပွားရေးအချက်အချာဇုန်၊

(ဃ) အဆင့်မြင့်လူနေမြို့သစ်ဇုန်၊

(င) အပြည်ပြည်ဆိုင်ရာစီးပွားကုန်သွယ်ရေးဇုန်၊

(စ) အပန်းဖြေပန်းခြံနှင့်ကစားကွင်းဇုန်၊

(ဆ) အမျိုးသားယဉ်ကျေးမှုပန်းခြံဇုန်၊

(ဇ) ဟိုတယ်၊ လူနေအိမ်အဆောက်အဉီများ ဆောက်လုပ်ရန်ဇုန်၊

(ဈ) ပြည်ပပို့ကုန်စီမံခန့်ခွဲမှုဇုန်၊

(ည) စွမ်းအင်ဇုန်။

၁၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ပုဂ္ဂလိက ကသော်လည်းကောင်း၊ မြို့ပြဆိုင်ရာဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကော်မတီကရေးဆွဲထားသည့် မြို့တော်၏ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးတို့အရ လိုက်လျောညီထွေမှု ရှိမရှိစိစစ်ရမည်။

၁၉။ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကသည် မြို့တော်နယ်နိမိတ်အတွင်း မြေအသုံးချလိုပါက ကော်မတီနှင့်ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

၂၀။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းစီမံကိန်းဇုန်များကို မြို့တော်၏ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးတို့အရ ရေးဆွဲသတ်မှတ်နိုင်သည်။

၂၁။ ကော်မတီသည် သတ်မှတ်ထားသောဇုန်အလိုက် မြေအသုံးချမှုလိုက်လျောညီထွေမှုရှိမရှိ စိစစ်၍လိုက်နာမှုမရှိက ဥပဒေနှင့်အညီတားမြစ်အရေးယူနိုင်သည်။

၂၂။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးတို့အရ မြေအသုံးချခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သည်။

## အခန်း(၅)

## မြေငှားစာချုပ်များ၊ လိုင်စင်များနှင့် ပါမစ်များကိုထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် ဖျက်သိမ်းခြင်း

၂၃။ ကော်မတီသည် လူနေအဆောက်အအုံများဆောက်လုပ်ရန်၊ စက်မှုလုပ်ငန်းများလုပ်ကိုင်ရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန်နှင့် အခြားလုပ်ငန်းများဆောင်ရွက်ရန်၊ မြေငှားစာချုပ်များ၊ လိုင်စင်များနှင့်ပါမစ်များကိုထုတ်ပေးနိုင်သည်။

၂၄။ ကော်မတီသည် မြေငှားစာချုပ်များ၊ လိုင်စင်များနှင့်ပါမစ်များကို ထုတ်ပေးရာတွင် မြေအသုံးချမှုမူဝါဒနှင့် မြေအသုံးချခြင်းဆိုင်ရာစီမံချက်များကို ထိခိုက်နိုင်သည့်ကိစ္စရပ်များမှအပ လိုအပ်သောအချက်အလက်များကို လျော့ပေါ့သတ်မှတ်၍ထုတ်ပေးနိုင်သည်။

၂၅။ ကော်မတီသည် မိမိကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ မြေငှားရမ်းခွင့်ရရှိသည့်ပုဂ္ဂိုလ်အား မြေငှားစာချုပ်ကို ချုပ်ဆိုပေးနိုင်သည်။

၂၆။ ကော်မတီသည် မြေငှားစာချုပ်များ၊ လိုင်စင်များနှင့်ပါမစ်များ၏သက်တမ်းကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းတို့ကိုပြုလုပ်နိုင်သည်။

၂၇။ (က) ကော်မတီသည် မြေငှားစာချုပ်စည်းကမ်းများ၊ လိုင်စင်စည်းကမ်းများနှင့် ပါမစ်စည်းကမ်းများကို သတ်မှတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသောစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မြေငှားစာချုပ်၊ လိုင်စင် သို့မဟုတ် ပါမစ်ကိုဖျက်သိမ်း၍ လိုအပ်သလိုစီမံခန့်ခွဲနိုင်သည်။ ယင်းသို့ဖျက်သိမ်းခြင်းခံရပါက ပေးသွင်းထားသောငွေကိုပြန်လည်တောင်းခံပိုင်ခွင့်မရှိစေရ။

၂၈။ ကော်မတီသည် သာသနာရေးဆိုင်ရာကိစ္စရပ်များအတွက် အခွန်လွတ်သာသနာ့မြေဂရန်နှင့် အခွန်လွတ်ဗုဒ္ဓသိမ်မြေဂရန်များကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ထုတ်ပေးနိုင်သည်။

၂၉။ ကော်မတီသည် မြေငှားစာချုပ်များ၊ လိုင်စင်များနှင့် ပါမစ်များထုတ်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၃၀။ မြေငှားစာချုပ်များ၊ လိုင်စင်များနှင့်ပါမစ်များကိုထုတ်ပေးရာတွင် သတ်မှတ်သည့်ကာလအတွင်းမြေငှားစာချုပ်၊ လိုင်စင် သို့မဟုတ် ပါမစ်ရရှိသည့် ပုဂ္ဂိုလ်၊ အစိုးရဌာန၊ အဖွဲ့အစည်းက ငွေပေးသွင်းရန်ပျက်ကွက်ပါက ကော်မတီသည် မြေငှားစာချုပ်၊ လိုင်စင် သို့မဟုတ် ပါမစ်ချထားခြင်းကို ဖျက်သိမ်းနိုင်သည်။

## အခန်း(၆)

## မြေခွန်၊ မြေငှားရမ်းခစည်းကြပ်ခြင်း၊ ကောက်ခံခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်းနှင့် သက်သာခွင့်ပြုခြင်း

၃၁။ ကော်မတီသည် နည်းဥပဒေ ၃ အရ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများ၏ မြေခွန်၊ မြေငှားရမ်းခများကို တည်ဆဲဥပဒေများနှင့်အညီ စည်းကြပ်ကောက်ခံရမည်။

၃၂။ ကော်မတီသည် စည်းကြပ်ကောက်ခံသည့် မြေခွန်၊ မြေငှားရမ်းခအမျိုးအစားနှင့် နှုန်းထားများကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြောင်းလဲခြင်းတို့ကို ပြုလုပ်နိုင်သည်။

၃၃။ ကော်မတီသည် ရရန်ရှိသောမြေခွန်၊ မြေငှားရမ်းခ၊ ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံနိုင်သည်။

၃၄။ မြို့တော်နယ်နိမိတ်အတွင်း လွှဲပြောင်းသည့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းတန်ဖိုးအပေါ်တွင် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန် အက်ဥပဒေအရ ရရှိသည့်ငွေ၏ ၂ % ကို ကော်မတီသည် ဘဏ္ဍာရေးဝန်ကြီးဌာနထံမှ တောင်းခံရယူခွင့်ရှိသည်။

၃၅။ ကော်မတီသည် မြေငှားစာချုပ်၊ လိုင်စင် သို့မဟုတ် ပါမစ်အတွက် ရရန်ရှိသည့်မြေခွန်၊ မြေငှားရမ်းခများကို လုံလောက်သောအကြောင်းရှိပါက ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုနိုင်သည်။

## အခန်း(၇)

## ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် မြေငှားရမ်းခြင်း

၃၆။ ကော်မတီသည် ကော်မတီပိုင်မြေများ၊ ကော်မတီကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများ၊ အရန်မြေများ၊ တည်ဆဲဥပဒေနှင့်အညီ သိမ်းယူထားသောမြေများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှဲပြောင်းရယူထားသော မြေများကို-

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန်အလို့ငှာ နိုင်ငံသားများ၊ နိုင်ငံသားများဖြင့် သာဖွဲ့စည်းထားသောစီးပွားရေးအဖွဲ့အစည်းများအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ဖြင့် ငှားရမ်းနိုင်သည်။

(ခ) ပြည်ပရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန်အလို့ငှာ နိုင်ငံခြားသားများ၊ နိုင်ငံခြားသားများ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ဖြင့် ငှားရမ်းနိုင်သည်။

## အခန်း(၈)

## မြေသိမ်းယူခြင်း၊ မြေဝယ်ယူခြင်းနှင့် မြေလွှဲပြောင်းရယူခြင်း

၃၇။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးအကောင်အထည်ဖော်ရာတွင် မလွတ်ကင်းသောပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အအုံများကို အများပြည်သူအကျိုးအတွက် တည်ဆဲဥပဒေများနှင့် အညီ လျော်ကြေးပေး၍ မြေသိမ်းယူခြင်း သို့မဟုတ် ကာလတန်ဖိုးဖြင့်ညှိနှိုင်း၍ဝယ်ယူခြင်းပြုနိုင်သည်။

၃၈။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးအကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကပိုင်မြေကိုအများပြည်သူအကျိုးအတွက် လွှဲပြောင်းရယူရန်လိုအပ်ပါက မြေသိမ်းယူခြင်းနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းခံရသော သက်ဆိုင်ရာဝန်ကြီးဌာနက တည်ဆဲဥပဒေများနှင့်အညီ မြေသိမ်းယူရေးနှင့် သိမ်းယူပြီးသောမြေကို လွှဲပြောင်းရယူရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၃၉။ ကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာနက မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးတို့အရ တည်ထောင်ပြီးသော မြို့သစ်များ၊ စီမံကိန်းဇုန်များ၊ အိမ်ရာစီမံကိန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ လွှဲပြောင်းရယူနိုင်သည်။

၄၀။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးအကောင်အထည်ဖော်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်း ပိုင်မြေကို လွှဲပြောင်းရယူရန်လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းပြီး လွှဲပြောင်းရယူနိုင်သည်။

၄၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ ပယ်ဖျက်ပြီးသည့် စားကျက်မြေများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီးလွှဲပြောင်းရယူနိုင်သည်။

## အခန်း(၉)

## မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို စီမံခန့်ခွဲခြင်း

၄၂။ ကော်မတီသည် မြေငှားစာချုပ်ဖြင့်ဖြစ်စေ၊ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကအား နေထိုင်အသုံးပြုခွင့်ပေးထားသောမြေနှင့်မြေပေါ်ရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှအပ မိမိ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေနှင့်မြေပေါ်ရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းပြုလုပ်နိုင်သည်။

၄၃။ ကော်မတီသည် ဤနည်းဥပဒေများ အခန်း(၈)ပါပြဋ္ဌာန်းချက်များနှင့်အညီ သိမ်းယူထားသော မြေများ၊ ဝယ်ယူထားသောမြေများနှင့် လွှဲပြောင်းရယူထားသောမြေများကို ဤနည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသည်။

## အခန်း(၁၀)

## မှတ်တမ်းများ၊ ပုံစံများသတ်မှတ်ခြင်း၊ ထိန်းသိမ်းထားရှိခြင်းနှင့် မိတ္တူကူးယူခြင်း

၄၄။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးနှင့် မြို့တော်၏မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများ မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍-

(က) ကွန်ပျူတာမှတ်တမ်းများထားရှိရမည်။

(ခ) မြေနှင့်ပတ်သက်သည့် သတင်းအချက်အလက်ခေတ်မီနည်းစနစ်များဖြင့် အစားထိုး ထူထောင်ရမည်။

(ဂ) လိုအပ်သည့်မှတ်တမ်းများ၊ စာအုပ်စာတမ်းများ၊ စာရင်းဇယားများ၊ ပုံစံများကို သတ်မှတ်ထားရှိရမည်။

(ဃ) ကွန်ပျူတာမှတ်တမ်းများ၊ အခြားလိုအပ်သည့်မှတ်တမ်းများ၊ စာအုပ်စာတမ်းများနှင့် စာရင်းဇယားများကို စနစ်တကျထိန်းသိမ်းထားရှိရမည်။

၄၅။ ကော်မတီသည် မြေစာရင်းမှတ်တမ်းများကို သတ်မှတ်ချက်များနှင့်အညီ အများပြည်သူ များအား ကြည့်ရှုခွင့်ပေးခြင်း၊ သတ်မှတ်သည့်မိတ္တူကူးခပေးဆောင်စေ၍ သက်ဆိုင်သည့်သူများကို မိတ္တူကူးယူခွင့်ပြုခြင်းတို့ ဆောင်ရွက်နိုင်သည်။

## အခန်း(၁၁)

## မြေတိုင်းတာခြင်း

၄၆။ ကော်မတီသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လိုအပ်ချက်အရဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရဖြစ်စေ၊ မြေတိုင်းတာပြီး အတည်ပြုမြေတိုင်းမြေပုံကို ထုတ်ပေးနိုင်သည်။

၄၇။ ကော်မတီ၏ခွင့်ပြုချက်အရ ဆောင်ရွက်သောမြေတိုင်းတာရေးအဖွဲ့သည် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေနှင့် ကော်မတီက မြေငှားစာချုပ်၊ လိုင်စင်၊ ပါမစ်ထုတ်ပေးထားသော မြေအတွင်းသို့သတ်မှတ်ချက်များနှင့်အညီ နေ့အချိန်တွင်ဝင်ရောက်တိုင်းတာခွင့်ရှိသည်။

## အခန်း(၁၂)

## တရားမဝင်ကျူးကျော်သည့် အဆောက်အအုံများနှင့် ကျူးကျော်သူများအား ဖယ်ရှားခြင်း

၄၈။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးတို့အရ လိုအပ်ပါက ကော်မတီပိုင်မြေနှင့် ကော်မတီကစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေများပေါ်တွင် တရားမဝင်ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ဖယ်ရှားခြင်း၊ တရားမဝင်ကျူးကျော်ခြင်းမပြုရန်တားမြစ်ခြင်းနှင့် တရားမဝင်ကျူးကျော်သူများအား ဥပဒေနှင့်အညီ ဖယ်ရှားခြင်းတို့ကိုပြုလုပ်နိုင်သည်။

၄၉။ ကော်မတီသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆောင်ရွက်ရန် လွှဲပြောင်းရယူထားသော မြေများနှင့် တည်ဆဲဥပဒေများနှင့်အညီသိမ်းယူထားသောမြေများပေါ်ရှိ တရားမဝင်ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့် တရားမဝင်ကျူးကျော်သူများအား ဥပဒေနှင့်အညီ ဖယ်ရှားနိုင်သည်။

၅၀။ ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၉၀ အရ ဖွဲ့စည်းထားသည့် ဖယ်ရှားရှင်းလင်းရေးအဖွဲ့သည် အောက်ပါလုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲ ဆောင်ရွက်ရမည်-

(က) အမိန့်စာလက်ခံတစ်စောင်ကို မြေပေါ်ရှိထင်ရှားသည့်နေရာတွင်ဖြစ်စေ၊ ယင်းမြေပေါ်ရှိအဆောက်အဦတစ်ခုခုတွင်ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအာဏာပိုင်တစ်ဦးဦး၏ရှေ့မှောက်၌ စွဲကပ်ရမည်။

(ခ) သတ်မှတ်သည့်အချိန်ကာလကျော်လွန်သည့်တိုင် ယင်းမြေမှဖျက်သိမ်း၊ဖယ်ရှား၊ရှင်းလင်း၊ထွက်ခွာခြင်းမရှိပါက ဖွဲ့စည်းထားသည့် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ဖြင့် ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် အနီးကပ်ဆုံးအစိုးရအဖွဲ့၏ အစည်းအဝေးသို့တင်ပြ၍ လုံခြုံရေးဝန်ထမ်းများအသုံးပြုခွင့်တောင်းခံရမည်။

(ဂ) ဖယ်ရှားရှင်းလင်းရေးအဖွဲ့သည် ဖျက်သိမ်းဖယ်ရှားရှင်းလင်းမည့်နေရာသို့ သတ်မှတ်ချိန်ထက်ကြိုတင်ရောက်ရှိပြီး ကော်မတီပိုင်မြေ၊ ကော်မတီကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေမှ ဖျက်သိမ်းဖယ်ရှားရှင်းလင်းထွက်ခွာရန်အချိန်သတ်မှတ်၍ အသံချဲ့စက်ဖြင့် သုံးကြိမ်သတိပေးနှိုးဆော်ရမည်။

(ဃ) သတ်မှတ်ချိန်အထိ ဖျက်သိမ်းဖယ်ရှားရှင်းလင်း ထွက်ခွာခြင်းမရှိပါက ဖယ်ရှားရှင်းလင်းရေးအဖွဲ့က အဆိုပါမြေအတွင်း ဝင်ရောက်ဖယ်ရှားရှင်းလင်းရမည်။ ယင်းသို့ဖယ်ရှားရှင်းလင်းရာတွင် အစိုးရပစ္စည်းမှတစ်ပါး မြေပေါ်ရှိ အခြားပစ္စည်းတစ်စုံတစ်ရာကို စနစ်တကျစာရင်းကောက်ယူ၍ သတ်မှတ်ထားသည့်နေရာသို့ သယ်ယူရွှေ့ပြောင်းပြီး စုပုံထားရှိရမည်။

( င ) သက်ဆိုင်ရာအား စုပုံထားသည့်ပစ္စည်းများကို သယ်ယူရန် ရက်သတ်မှတ်ပေးပြီး သက်ဆိုင်ရာမှ ၄င်းပိုင်ပစ္စည်းများကို သယ်ယူခြင်းမပြုမီ ဖယ်ရှားရှင်းလင်းရသည့်အတွက် ကုန်ကျစရိတ်ကို သက်ဆိုင်သူကပေးဆောင်စေရန်နှင့် ပေးဆောင်ခြင်းမရှိပါက ၄င်းပစ္စည်းများကို လေလံတင်ရောင်းချရငွေမှ ခုနှိမ်ရယူပြီး ပိုငွေကိုသက်ဆိုင်ရာသို့ ထုတ်ပေးမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တာဝန်ယူထိန်းသိမ်းမည် မဟုတ်ကြောင်း အကြောင်းကြားရမည်။

( စ ) ၄င်းမြေပေါ်တွင် နေထိုင်သူ၊ အဆောက်အဦနှင့် အခြားပစ္စည်းအရပ်ရပ်ကို ဖယ်ရှားပြီးလျှင် ကော်မတီကယင်းမြေကို လက်ရောက်ရယူပြီး **“ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေ မကျူးကျော်ရ၊ ကျူးကျော်သူအား တည်ဆဲဥပဒေအရ အရေးယူမည် ”** ဆိုသောဆိုင်းဘုတ်စိုက်ထူ၍ မြေသိမ်းဆည်းခြင်းအား အပြီးသတ်ဆောင်ရွက်ရမည်။

၅၁။ ကော်မတီသည် ကော်မတီပိုင်မြေ၊ ကော်မတီကစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ၊ မြေကွက်လပ်များနှင့် အရန်မြေများပေါ်တွင် တရားမဝင်ကျူးကျော်ဝင်ရောက်ခြင်းမပြုရန် သတိပေးတားမြစ်ချက်ဆိုင်းဘုတ်စိုက်ထူခြင်း၊ သင်္ကေတများထားရှိခြင်းတို့ ဆောင်ရွက်နိုင်သည်။

## အခန်း(၁၃)

## အယူခံဝင်ခြင်း

၅၂။ ဤနည်းဥပဒေများအရ ချမှတ်သောအမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည်-

(က) ကော်မတီကချမှတ်သောအမိန့်ကို အစိုးရအဖွဲ့သို့ အမိန့်ချမှတ်ကြောင်း အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း အယူခံဝင်နိုင်သည်။

( ခ ) အစိုးရအဖွဲ့ကချမှတ်သောအမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၄)

## တားမြစ်ချက်များ

၅၃။ မည်သူမျှကော်မတီပိုင်မြေ၊ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ၊ မြေကွက်လပ်များနှင့် အရန်မြေများပေါ်တွင် တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ပစ္စည်းများစုပုံခြင်း ၊ စိုက်ထူထားသည့်သတိပေးတားမြစ်ချက်ဆိုင်းဘုတ်များ၊ သင်္ကေတများအား ပြောင်းရွှေ့ခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ဝင်ရောက်စိုက်ပျိုးခြင်း၊ ဝင်ရောက်တူးဆွခြင်းတို့မပြုရ။

၅၄။ မည်သူမျှကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကော်မတီကစီမံခန့်ခွဲခွင့်ရှိသော မြေများအတွင်း မြေကွက်များအား မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ပြင်ပရှိတရားမဝင်မြေတိုင်းများဖြင့်သော်လည်းကောင်း မြေတိုင်းတာသတ်မှတ်ခြင်းမပြုရ။

၅၅။ မည်သူမျှကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကော်မတီက စီမံခန့်ခွဲလျက်ရှိသော မြို့နယ်ရပ်ကွက်များ၏ပြင်ပတွင်တရားမဝင်သည့် မြေပုံ၊ မြေရာဇဝင်များအား သုံးစွဲဆောင်ရွက်ခြင်းမပြုရ။

၅၆။ မည်သူမဆို ဤနည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း(၁၅)

## အထွေထွေ

၅၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း သင့်တင့်လျောက်ပတ်စွာ အခြေကျနေထိုင်သင့်သည့်လူဦးရေကိုချင့်ချိန်လျက် သင့်လျော်သောအစီအမံများချမှတ်ဆောင်ရွက်နိုင်သည်။

၅၈။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်အကူအညီများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံနိုင်သည်။

၅၉။ ကော်မတီသည် ဤနည်းဥပဒေများအရဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၆၀။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၆၁။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

D/ correct Law (1)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာနည်းဥပဒေများ

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁) ၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) ၊ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း | ၂ |
| ၃။ | အခန်း(၃) ၊ အဆောက်အအုံအကြီးစားပြင်ဆင်ခြင်းနှင့်အသေးစားပြင်ဆင်ခြင်း | ၆ |
| ၄။ | အခန်း(၄) ၊ မြေထိန်းနံရံ၊ ခြံစည်းရိုး၊ ဝင်းထရံများပြုလုပ်ခြင်းနှင့် ပြုပြင်ခြင်း | ၇ |
| ၅။ | အခန်း(၅) ၊ အဆောက်အအုံဆောက်လုပ်သူအဖြစ်လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း | ၇ |
| ၆။ | အခန်း(၆) ၊ ကော်မတီပိုင်အဆောက်အအုံများ ဆောက်လုပ်ထိန်းသိမ်းခြင်း | ၈ |
| ၇။ | အခန်း(၇) ၊ ကော်မတီပိုင် ထရန်စဖော်မာ( Transformer)များ၊ လမ်းမီးများနှင့် မီးပွိုင့်များတပ်ဆင်ဆောက်လုပ်ခြင်း | ၈ |
| ၈။ | အခန်း(၈) ၊ ကော်မတီပိုင်အဆောက်အအုံများ ငှားရမ်းခြင်းနှင့် ဖယ်ရှားခြင်း | ၉ |
| ၉။ | အခန်း(၉) ၊ လူနေထိုင်ရန်မသင့်သည့် ဘေးအန္တရာယ်ရှိသောအဆောက်အအုံများ | ၁၀ |
| ၁၀။ | အခန်း(၁၀) ၊ မီးဘေးအန္တရာယ် စိုးရိမ်ရသောအဆောက်အအုံများ | ၁၁ |
| ၁၂။ | အခန်း(၁၁) ၊ ကျူးကျော်ခွန်ကောက်ခံခြင်း | ၁၁ |
| ၁၃။ | အခန်း(၁၂) ၊ ဆိုင်းဘုတ်နှင့် ကြော်ငြာများ | ၁၂ |
| ၁၄။ | အခန်း(၁၃) ၊ ယာယီတည်ဆောက်သော ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ကပွဲရုံနှင့်မဏ္ဍပ်များ | ၁၃ |
| ၁၅။ | အခန်း(၁၄) ၊ စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း | ၁၃ |
| ၁၆။ | အခန်း(၁၅) ၊ တားမြစ်ချက်များနှင့်အရေးယူခြင်း | ၁၄ |
| ၁၇။ | အခန်း(၁၆) ၊ အထွေထွေ | ၁၄ |

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် ၁၇ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေ များကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံ ဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ခုနှစ်၊မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကိုဆိုသည်။

(ခ) **အဆောက်အအုံ**ဆိုသည်မှာ ဆောက်လုပ်ရေးပစ္စည်းများဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ တည်ဆောက်ထားသည့် အိမ်၊ တိုက်၊ တဲ နှင့် အမိုးပါရှိသော အဆောက်အအုံတစ်မျိုးမျိုးနှင့် ယင်းတို့၏ အစိတ်အပိုင်းများလည်းပါဝင်သည်။

(ဂ) **အဆောက်အအုံအသေးစားပြင်ဆင်ခြင်း**ဆိုသည်မှာ အဆောက်အအုံ၏ မူလပုံသဏ္ဍာန်ကို မပြောင်းလဲဘဲ အမိုး၊ မျက်နှာကြက်၊ နံရံ၊ ကြမ်းခင်းအစိတ်အပိုင်း အစရှိသည့် အဆောက်အအုံ၏အစိတ်အပိုင်းတစ်ခုခုကို ပြင်ဆင်ခြင်းကိုဆိုသည်။

(ဃ) **အဆောက်အအုံအကြီးစားပြင်ဆင်ခြင်း**ဆိုသည်မှာ အဆောက်အအုံ၏ မူလပုံသဏ္ဍာန်ကို မပြောင်းလဲဘဲ ပြင်ဆင်ခြင်းကိုဆိုသည်။

(င) **နေထိုင်အသုံးပြုသူ**ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံတွင် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ၊ နေထိုင်သူသို့မဟုတ် အသုံးပြုသူကိုဆိုသည်။

(စ) **မီးဘေးအန္တရာယ်စိုးရိမ်ရသောအဆောက်အအုံ**ဆိုသည်မှာ အလွယ်တကူမီးလောင်နိုင်သော ပစ္စည်းများဖြစ်သည့် ဝါး၊ ဓနိ၊ သက်ကယ်၊ ထန်းရွက်၊ ထရံကာ၊ ဝါးကြမ်းခင်း၊ ပျဉ်ကာ၊

D/ correct Law (3)

ပလတ်စတစ်၊ ဂျပ်စက္ကူ၊ ပျဉ်ခင်း၊ သစ် စသည်တို့ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံကိုဆိုသည်။

(ဆ) **အဆောက်အအုံဆောက်လုပ်ခွင့်ရရှိသူ**ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းအပေါ် ဌာနမှ ခွင့်ပြုမိန့် ထုတ်ပေးထားသူကိုဆိုသည်။

(ဇ) **လိုင်စင်ရအဆောက်အအုံအင်ဂျင်နီယာ**ဆိုသည်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေအရ ကောင်စီကထုတ်ပေးထားသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ရရှိသူ သို့မဟုတ် ကော်မတီမှ လိုင်စင်ထုတ်ပေးထားသည့် အဆောက်အအုံအင်ဂျင်နီယာကိုဆိုသည်။

(ဈ) **ကြီးကြပ်သူအင်ဂျင်နီယာ** ဆိုသည်မှာ အဆောက်အအုံအသစ် ဆောက်လုပ်ခွင့်ရရှိသူက ယင်းအဆောက်အအုံကို ဆောက်လုပ်ပေးရန်အတွက် လုပ်ငန်းအပ်နှံရာတွင် လက်ခံဆောင်ရွက်ပေးရန် သဘောတူထားသည့် လိုင်စင်ရအဆောက်အအုံအင်ဂျင်နီယာကိုဆိုသည်။

(ည) **အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူ**ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ အဆောက်အအုံအသစ်ဆောက်လုပ်ခွင့်ရရှိသူက အဆောက်အအုံ ဆောက်လုပ်ပေးရန်အတွက် လုပ်ငန်းအပ်နှံခြင်းခံရသူကိုဆိုသည်။

(ဋ) **လိုင်စင်**ဆိုသည်မှာ ကန်ထရိုက်တာလုပ်ငန်း၊ ဗိသုကာလုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း သို့မဟုတ် အဆောက်အအုံ အင်ဂျင်နီယာလုပ်ငန်း လုပ်ကိုင်နိုင်ရန် ကော်မတီက ထုတ်ပေးသော လိုင်စင်ကိုဆိုသည်။

(ဌ) **လမ်းမီး**ဆိုသည်မှာ အများပြည်သူသွားလာသော လမ်းတွင် ညအချိန်အဆင်ပြေစွာသွားလာနိုင်ရန်အတွက် ကော်မတီမှတပ်ဆင်ထားသော မီးကိုဆိုသည်။

(ဍ) **မီးပွိုင့်**ဆိုသည်မှာ အများပြည်သူသွားလာသော လမ်းဆုံများတွင် နေ့၊ ညအဆင်ပြေစွာ၊ အန္တရာယ်ကင်းရှင်းစွာဖြင့် လူများ၊ ယာဉ်များသွားလာနိုင်ရန်အတွက် ကော်မတီမှ တပ်ဆင်ထားသည့် မီးပွိုင့်ကိုဆိုသည်။

(ဎ) **ဌာန**ဆိုသည်မှာ ဤနည်းဥပဒေများပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်ကော်မတီက သတ်မှတ်တာဝန်ပေးအပ်သည့်ဌာနကိုဆိုသည်။

## အခန်း(၂)

## အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း

၃။ (က) ကော်မတီသည် မြို့တော်သန့်ရှင်းသာယာလှပရေးရှုထောင့်၊ ဗိသုကာရှုထောင့်၊ အင်ဂျင်နီယာရှုထောင့်၊ ယဉ်ကျေးမှုဆိုင်ရာရှုထောင့်များကို ထည့်သွင်းစဉ်းစားလျက် အဆောက်အအုံသစ်များ ဆောက်လုပ်ခွင့်ပြုနိုင်သည်။

D/ correct Law (4)

(ခ) နည်းဥပဒေခွဲ(က)အရ စဉ်းစားသုံးသပ်ပြီး အဆောက်အအုံသစ်တည်ဆောက်ခွင့်ပြုရာတွင်အောက်ပါအတိုင်း ညွှန်ကြားဆောင်ရွက်စေရမည်-

(၁) မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းများအား ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီမံခန့်ခွဲဆောင်ရွက်နိုင်ခြင်း၊

(၂) နယ်မြေဒေသအလိုက် ဆောက်လုပ်ရမည့်အဆောက်အအုံအမျိုးအစား၊ ပုံစံ၊ ပန္နက်ပုံစံ၊ အဆောက်အအုံ၏အမြင့်၊ အထပ်အရေအတွက်၊ အဆောက်အအုံနယ်သတ်မျဉ်းကြောင်းနှင့် လမ်းနယ်သတ်မျဉ်းကြောင်းအကွာအဝေးများကိုသတ်မှတ်ကြေညာခြင်း၊

(၃) သဘာဝဘေး တစ်စုံတစ်ရာကျရောက်ပါက နေထိုင်သူတို့အတွက် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများထားရှိစေခြင်း၊

(၄) လူအများနေထိုင်အသုံးပြုသော အဆောက်အအုံတို့တွင် ကျန်းမာရေးအရလုံလောက်သော အထပ်များ၏ အမြင့်၊ အခန်းဖွဲ့စည်းမှု၊ ရေ၊ မိလ္လာ၊ လျှပ်စစ်ပိုင်းဆိုင်ရာနှင့် သန့်ရှင်းမှုကိစ္စရပ်များအတွက် လိုအပ်သည့် အစီအမံများထားရှိခြင်း၊

(၅) လူအများနေထိုင်ရန်အဆောက်အအုံ၊ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ဟိုတယ်၊ စာသင်ကျောင်း၊ အထပ်မြင့်တိုက်၊ ပလာဇာ၊ ကွန်ဒိုမီနီယမ်၊ ဆေးရုံ၊ ဆေးခန်း၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံစသည်တို့ တည်ဆောက်ရာတွင် ပတ်ဝန်းကျင်တွင် နေထိုင်သူများနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးတို့အတွက် စီမံထားရှိစေခြင်း၊ နေထိုင်သုံးစွဲသူတို့အတွက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် အရေးပေါ်ထွက်ခွာနိုင်ရေး အစီအမံများပါရှိလျက် တည်ဆောက်စေရန် ညွှန်ကြားခြင်း။

၄။ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် ကော်မတီသို့ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅။ ကော်မတီမှ နေရာဒေသနှင့် မြေအကျယ်အဝန်းပေါ်မူတည်၍ ဆောက်လုပ်မည့်အဆောက်အအုံအမြင့်၊ အထပ်အရေအတွက်တို့ကို သတ်မှတ်ကန့်သတ်နိုင်သည်။

၆။ (က) ကော်မတီသည် အဆောက်အအုံသစ်ဆောက်လုပ်ရန် လျှောက်ထားလာခြင်းအပေါ် သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

D/ correct Law (5)

(ခ) ကော်မတီသည် အဆောက်အအုံသစ်ဆောက်လုပ်ခွင့်ပြုကြောင်းဆုံးဖြတ်၍ ခွင့်ပြုမိန့် ထုတ်ပေးလျှင် -

(၁) ပြီးစီးရမည့်အချိန်ကာလသတ်မှတ်ချက်၊

(၂) အဆောက်အအုံဆောက်လုပ်ရန် ခွင့်ပြုသည့်နေ့မှစတင်၍ တစ်နှစ်အတွင်း စတင် ဆောင်ရွက်ခြင်းမပြုလျှင် ခွင့်ပြုချက်ကိုပြန်လည်ရုပ်သိမ်းကြောင်းစည်းကမ်း သတ်မှတ်ချက်၊

(၃) ခွင့်ပြုပုံစံအတိုင်းစံချိန်စံညွှန်းမီအောင် ဆောက်လုပ်ရန် အသိပေးချက်၊

(၄) ခွင့်ပြုပုံစံနှင့်မညီညွတ်ဘဲဆောက်လုပ်ပါက ကော်မတီမှပြန်လည်ဖျက်သိမ်း ဆောက်လုပ်စေနိုင်ခြင်း သို့မဟုတ် ငွေဒဏ်ပေးဆောင်ရန် တာဝန်ရှိနိုင်ကြောင်း အသိပေးချက်၊

(၅) အခြားထားရှိသင့်သည့်စည်းကမ်းချက်များပါရှိစေရမည်။

၇။ အဆောက်အအုံသစ်ဆောက်လုပ်ရန် ခွင့်ပြုချက်ရရှိသူနှင့် ကြီးကြပ်သူအင်ဂျင်နီယာသည် အောက်ပါ အတိုင်းဆောင်ရွက်ရမည် -

(က) ဌာနမှ ထုတ်ပေးသော အဆောက်အအုံဆောက်လုပ်ခွင့် ခွင့်ပြုဆိုင်းဘုတ်ကို ထင်ရှားမြင်သာ သည့်နေရာတွင် ချိတ်ဆွဲထားခြင်း၊

(ခ) ခွင့်ပြုပုံစံနှင့်အညီဆောင်ရွက်ခြင်း၊ ပုံစံနှင့်မညီသော တည်ဆောက်မှုမဖြစ်စေရန် အလေးထားခြင်း၊

(ဂ) ခွင့်ပြုအဆောက်အအုံပုံစံကို ပုံစံပြောင်းလဲဆောက်လုပ်လိုပါက အဆောက်အအုံပြန်လည် တင်ပြပြီး ခွင့်ပြုချက်ရယူခြင်း။

၈။ အဆောက်အအုံသစ်ဆောက်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ရှိမြေနှင့်အဆောက်အအုံ တစ်ခုခုအား ထိခိုက်နစ်နာမှုဖြစ်ပေါ်ပါက -

(က) နစ်နာသူသည် ကော်မတီထံသို့ကန့်ကွက်လွှာ တင်သွင်းခွင့်ရှိသည်။

(ခ) ကော်မတီသည် နည်းဥပဒေခွဲ(က)အရ တင်သွင်းသည့် ကန့်ကွက်လွှာအပေါ်စုံစမ်းစစ်ဆေး ခြင်း ဆောက်လုပ်ခွင့်ရရှိသူနှင့် ကန့်ကွက်သူတို့အား ညှိနှိုင်းပေးခြင်းများပြုနိုင်သည်။

(ဂ) ကန့်ကွက်ခြင်းခံရသော အဆောက်အအုံ၏အခြေအနေကို စစ်ဆေးပြီး ဆောက်လုပ်ခွင့်ကို ယာယီရပ်ဆိုင်းခြင်း၊ အန္တရာယ်ကင်းသည်အထိ ဆက်လက်ဆောက်လုပ်စေခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ဃ) အဆောက်အအုံဆောက်လုပ်ခြင်းအား ခွင့်ပြုသည့်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ် နိုင်ခြင်းမရှိ၍ အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားသည့်အခါ ကော်မတီ၏ တည်ဆဲ စည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်ခွင့်ပြုသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

( င ) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန်အတွက် လိုအပ်သော အစီအမံများ ဆောင်ရွက်ခြင်း၊

( စ ) မြေနေရာရှင်းလင်းပေး၍ အောက်ခံအုတ်မြစ်အတွက် မြေတူးခြင်း သို့မဟုတ် မြေပြုပြင်ခြင်း လုပ်ငန်းစတင်လျှင် ဌာနသို့အသိပေးခြင်း၊

(ဆ) ဆောက်လုပ်ပြီးစီးပါက ရက်(၃၀)အတွင်းကော်မတီသို့ အဆောက်အအုံအသုံးပြုခွင့် လျှောက်ထားပြီး စစ်ဆေးမှုခံယူလျှက် ခွင့်ပြုမိန့်ရရှိမှသာ အဆောက်အအုံကိုနေထိုင်သုံးစွဲခြင်း။

၉။ ကော်မတီသည်ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ခဲ့သော အဆောက်အအုံတစ်ခုခုအား သတ်မှတ်ကာလအတွင်းပြီးစီးစေရန် ဆောက်လုပ်နိုင်ခြင်းမရှိကြောင်းတွေ့ရှိပါက ယင်းအဆောက်အအုံ တည်ရှိရာဒေသ၏ ဗိသုကာဆိုင်ရာလိုအပ်ချက်အပြင်မြို့တော်အင်္ဂါရပ်နှင့်လည်း ညီညွတ်စေရေးအတွက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ခွင့်ပြုချက်ရရှိသူနှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာ အဆောက်အအုံကို ပြီးစီးသည်အထိကြပ်မတ်၍ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၁၀။ (က) ကော်မတီသည် ခွင့်ပြုချက်နှင့်မညီသော အဆောက်အအုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးစေပြီး အောက်ပါအတိုင်း အမိန့်ချမှတ်ခွင့်ရှိသည်-

(၁) ဒဏ်ရိုက်ပြီးခွင့်ပြုပုံစံအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်စေခြင်း၊

(၂) ဖြိုဖျက်စေ၍ ခွင့်ပြုချက်ပုံစံအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်စေခြင်း။

( ခ ) နည်းဥပဒေခွဲ(က)အရ ဆုံးဖြတ်ချက်ကိုလိုက်နာခြင်းမရှိပါက ဆက်လက်ပျက်ကွက်သည့် နေ့အသီးသီးအတွက် သတ်မှတ်ဒဏ်ကြေးတပ်ရိုက်နိုင်သည်။

( ဂ ) နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ အမိန့်ချမှတ်ရာတွင် အဆောက်အအုံကိုဖြိုဖျက်၍ အသစ်ဆောက်လုပ်ရန်အမိန့်ချမှတ်ချက်အပေါ် မလိုက်နာပါက ကော်မတီ၏ အစီအစဉ်ဖြင့် ဖြိုဖျက်ပြီး ကုန်ကျစရိတ်ကို အဆောက်အအုံဆောက်လုပ်ခွင့်ရရှိသူကပေးဆောင် စေရမည့်အပြင် ပေးဆောင်ရန် ပျက်ကွက်ပါက အခွန်မပြေကျန်ငွေ ကဲ့သို့ကောက်ခံခွင့် ရှိစေရမည်။

၁၁။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်နေကြောင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲအဆောက်အအုံတိုးချဲ့ဆောက်လုပ်နေကြောင်းတွေ့ရှိလျှင်-

(က) သက်ဆိုင်ရာအဆောက်အအုံကို ဆက်လက်ဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းစေပြီး ဥပဒေနှင့် အညီဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။

( ခ ) နည်းဥပဒေခွဲ(က)အရ ညွှန်ကြားချက်ကိုမလိုက်နာပါက တရားစွဲဆိုခြင်းသော်လည်းကောင်း၊ ရက်သတ်မှတ်၍ ဖြိုဖျက်စေရန် ညွှန်ကြားခြင်းသော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ(ခ)ပါ ညွှန်ကြားချက်ကိုမလိုက်နာပါက ထိုအဆောက်အအုံကို ကော်မတီ၏ အစီအစဉ်ဖြင့် ဖြိုဖျက်နိုင်သည့်အပြင် ကုန်ကျစရိတ်ကိုလည်း ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား တောင်းခံရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ မပေးဆောင်ပါက တောင်းခံသည့် ကုန်ကျစရိတ်ကို အခွန်မပြေ ကျန်ငွေကဲ့သို့ ကောက်ခံခွင့်ရှိသည်။

(င) နည်းဥပဒေခွဲ(ဂ)အရ ဖြိုဖျက်ရာတွင် လုံခြုံရေးအလို့ငှာ လိုအပ်ပါက သက်ဆိုင်ရာအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့အကူအညီ ရယူဆောင်ရွက်နိုင်သည်။

(စ) အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရသော်လည်းကောင်း၊ လိုအပ်ချက်အရသော်လည်းကောင်း ကော်မတီသည် အဆောက်အဦဖြိုဖျက်ခြင်းကို ချက်ချင်းဆောင်ရွက်နိုင်သည်။

၁၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပစေရန်အတွက်ဖြစ်စေ၊ ဗိသုကာဆိုင်ရာလိုအပ်ချက်အရဖြစ်စေ၊ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန်ဖြစ်စေ၊ တည်ရှိပြီးအဆောက်အအုံနှင့်ပတ်သက်၍ ပြင်ဆင်မွမ်းမံခြင်းလုပ်ဆောင်ရန်ဖြစ်စေ၊ ဖြိုဖျက်ပြီး အသစ်ထပ်မံဆောက်လုပ်ရန်ဖြစ်စေ၊ မြေကွက်လပ်ဖြစ်ပါက အဆောက်အအုံသစ်ဆောက်လုပ်ရန်ဖြစ်စေ သက်ဆိုင်ရာအဆောက်အအုံပိုင်ရှင် သို့မဟုတ် အဆောက်အအုံနေထိုင်အသုံးပြုသူအား သတ်မှတ်သည့်အချိန်အတွင်းပြီးစီးစေရန် ညွှန်ကြားခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုနိုင်သည်။

## အခန်း(၃)
## အဆောက်အအုံအကြီးစားပြင်ဆင်ခြင်းနှင့်အသေးစားပြင်ဆင်ခြင်း

၁၃။ (က) ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ အဆောက်အအုံတစ်စုံတစ်ရာကို အကြီးစား ပြင်ဆင်ခြင်းအတွက်ဖြစ်စေ၊ အသေးစားပြင်ဆင်ခြင်းအတွက်ဖြစ်စေ လျှောက်ထားလာပါက စိစစ်ပြီး သင့်လျော်သောစည်းကမ်းချက်များထားရှိလျက် ခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က) အရ အကြီးစားပြင်ဆင်မှုကို ခွင့်ပြုရာတွင် ကြီးကြပ်သူ အင်ဂျင်နီယာ၏ ကြီးကြပ်မှုဖြင့်သာ ပြင်ဆင်စေရမည့်အပြင် ပြင်ဆင်မှုအရပ်ရပ်တွင်ပြီးစီးသည့် နေ့မှ ရက်ပေါင်း (၃၀)အတွင်း အဆောက်အအုံအသုံးပြုခွင့်လျှောက်ထားပြီးကော်မတီ၏ခွင့်ပြုချက် ရရှိပြီးမှသာ ဝင်ရောက်နေထိုင်သုံးစွဲခွင့်ပြုရမည်။

(ဂ) ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲအဆောက်အအုံ ပြင်ဆင်နေကြောင်းသို့မဟုတ် ခွင့်ပြုချက်ရရှိသော်လည်း ကော်မတီ၏ညွှန်ကြားချက်ကို လိုက်နာခြင်း မရှိဘဲ အဆောက်အအုံပြင်ဆင်နေကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာအဆောက်အအုံကို ဆက်လက်ဆောင်ရွက်ခြင်းမှရပ်ဆိုင်းစေပြီး ဥပဒေများနှင့်အညီ ဆောင်ရွက်စေရန်ညွှန်ကြား နိုင်သည်။

## အခန်း(၄)
## မြေထိန်းနံရံ၊ ခြံစည်းရိုး၊ ဝင်းထရံများပြုလုပ်ခြင်းနှင့်ပြုပြင်ခြင်း

၁၄။ (က) ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြေများကိုပြည်သူများအဆင်ပြေစွာ အသုံးချနိုင်စေရန်အောက်ပါအတိုင်းခွင့်ပြုနိုင်သည်-

(၁) မြေမျက်နှာပြင်သန့်ရှင်းသပ်ရပ်မှုရှိစေရန် ပြုပြင်ရာတွင်မြေဖို့ရန် သို့မဟုတ် မြေတူးထုတ်ရန်လျှောက်ထားလာပါက ပတ်ဝန်းကျင်ကိုမထိခိုက်စေရန်စည်းကမ်းချက်များထားရှိပြီး ခွင့်ပြုနိုင်သည်။

(၂) မြေထိန်းနံရံ၊ ခြံစည်းရိုး သို့မဟုတ် ဝင်းထရံပြုလုပ်ခွင့်ပြုရန်ဖြစ်စေ၊ ပြုပြင်ရန်ဖြစ်စေ လျှောက်ထားလာပါက သင့်လျော်သောစည်းကမ်းချက်ဖြင့် ခွင့်ပြုနိုင်သည်။

(၃) ကော်မတီသည် အဆောက်အအုံတစ်ခုတွင်ဖြစ်စေ၊ ခြံဝင်းတစ်ခုတွင်ဖြစ်စေ၊ ချုံနွယ်ပိတ်ပေါင်းများပေါက်ရောက်နေခြင်း၊ ကျန်းမာရေးကိုထိခိုက်စေသည့် အနံ့ဆိုးများထွက်နေခြင်း သို့မဟုတ် ခြံစည်းရိုးပေါက်ပြဲပျက်စီးနေခြင်းကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများအား အနှောင့် အယှက်ဖြစ်နိုင်သည်ဟု ယူဆပါက ယင်းအဆောက်အအုံ သို့မဟုတ် ခြံဝင်းကိုရှင်းလင်းစေရန် ၊ ခြံစည်းရိုးပြင်ဆင်ကာရံစေရန်နှင့် သန့်ရှင်းရေးပြုလုပ်စေရန် သက်ဆိုင်ရာအဆောက်အအုံပိုင်ရှင် သို့မဟုတ် ထိုအဆောက်အအုံတွင်နေထိုင်အသုံးပြုသူအား ညွှန်ကြားနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုချက်တွင်ပါရှိသော စည်းကမ်းချက်များကို ဖောက်ဖျက်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ စုံစမ်းစစ်ဆေးမှုပြုပြီး သင့်လျော်သော ဒဏ်ငွေတပ်ရိုက်နိုင်သည်။

## အခန်း(၅)
## အဆောက်အအုံဆောက်လုပ်သူအဖြစ်လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၁၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်း အတွက် ကန်ထရိုက်တာဖြစ်စေ၊ ဗိသုကာအင်ဂျင်နီယာဖြစ်စေ၊ အဆောက်အအုံအင်ဂျင်နီယာဖြစ်စေ၊ အခြားအထူးပြုဘာသာရပ် အင်ဂျင်နီယာဖြစ်စေ၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားလာပါက စိစစ်လျှက် အခွန်ပေးဆောင်စေပြီးတစ်နှစ်သက်တမ်းဖြင့် ခွင့်ပြုချက် လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၆။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပါစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန်တာဝန်ရှိသည်။

D/ correct Law (9)

(ခ) နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကြောင်းသိရှိရပါက ကော်မတီသည် စုံစမ်းစစ်ဆေးပြီး အောက်ပါအတိုင်းစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) ဒဏ်ငွေတပ်ရိုက်ခြင်း၊

(၃) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းထားခြင်း၊

(၄) လိုင်စင်ကိုပယ်ဖျက်ခြင်း၊

(၅) အမည်ပျက်စာရင်းသွင်းကြေညာခြင်း။

၁၇။ ကော်မတီသည်လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့်ဒဏ်ငွေတို့ကိုသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

## အခန်း(၆)

## ကော်မတီပိုင်အဆောက်အအုံများဆောက်လုပ်ထိန်းသိမ်းခြင်း

၁၈။ ကော်မတီသည် မိမိပိုင်အဆောက်အအုံများဆောက်လုပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖြိုဖျက်ခြင်းလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခွင့်ရှိသည် စီမံချက်များ ရေးဆွဲရာတွင် အောက်ပါနည်းစနစ်များဖြင့် ရေးဆွဲဆောင်ရွက်နိုင်သည်-

(၁) ဌာနဆိုင်ရာလုပ်ငန်းစနစ်အနေဖြင့် ဆောင်ရွက်ခြင်း၊

(၂) တင်ဒါ သို့မဟုတ် ကန်ထရိုက်လုပ်ငန်းစနစ်ဖြင့်ဆောင်ရွက်ခြင်း၊

(၃) BOT(Build Operate Transfer)၊ BOO(Build Operate Own)၊ BTO (Build Transfer Operate) စနစ်များဖြင့်ဆောင်ရွက်ခြင်း။

## အခန်း(၇)

## ကော်မတီပိုင် ထရန်စဖော်မာ ( Transformer ) များ၊ လမ်းမီးများနှင့် မီးပွိုင့်များတပ်ဆင်ဆောက်လုပ်ခြင်း

၁၉။ (က) ကော်မတီသည် အောက်ပါလုပ်ငန်းများကိုဆောင်ရွက်နိုင်သည်-

(၁) အများပြည်သူအသုံးပြုနိုင်ရန်အတွက် လမ်းမကြီးများတွင် လမ်းမီးများ တပ်ဆင်ခြင်း၊

(၂) လမ်းမီးများအသုံးပြုရန်အတွက် ထရန်စဖော်မာ ( Transformer )များတည် ဆောက်ခြင်း၊

(၃) ကော်မတီပိုင် အဆောက်အအုံများတွင်လျှပ်စစ်ဓာတ်အားများ ရရှိရန်အတွက် ထရန်စဖော်မာ ( Transformer )များတည်ဆောက်ခြင်း၊

(၄) လမ်းဆုံများတွင် မီးပွိုင့်တပ်ဆင်ခြင်းများဆောင်ရွက်ခြင်း။

(ခ) နည်းဥပဒေခွဲ(က)ပါလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါနည်းစနစ်အတိုင်း ဆောင်ရွက်နိုင်သည်-

(၁) ဌာနဆိုင်ရာလုပ်ငန်းအနေဖြင့် ဆောင်ရွက်ခြင်း၊

(၂) တင်ဒါ သို့မဟုတ် ကန်ထရိုက်လုပ်ငန်းစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခြင်း၊

(၃) BOT(Build Operate Transfer)၊ BOO(Build Operate Own)၊ BTO (Build Transfer Operate) စနစ်များဖြင့်ဆောင်ရွက်ခြင်း။

## အခန်း(၈)

## ကော်မတီပိုင်အဆောက်အအုံများငှားရမ်းခြင်းနှင့်ဖယ်ရှားခြင်း

၂၀။ (က) ကော်မတီသည် ဈေးများဆိုင်ရာ နည်းဥပဒေနှင့် အကျုံးဝင်သော အဆောက်အအုံမှအပ မိမိပိုင်အဆောက်အအုံတစ်ခုကို စည်းကမ်းချက်များသတ်မှတ်၍ အငှားချထားခွင့်ရှိသည်။

(ခ) နည်းဥပဒေခွဲ(က)အရ စည်းကမ်းချက်များထားရှိလျက် အငှားချထားသည့် စာချုပ်ချုပ်ဆိုရာတွင် ဖယ်ရှား ထွက်ခွာသည့်ကိစ္စနှင့်ပတ်သက်၍ ဤနည်းဥပဒေ ၂၁ ကို လိုက်နာသဘောတူလက်ခံသူကိုသာ စာချုပ်ချုပ်ဆို၍ အငှားချထားဆောင်ရွက်နိုင်သည်။

၂၁။ (က) ကော်မတီသည် အောက်ပါပုဂ္ဂိုလ်များအပေါ် စုံစမ်းစစ်ဆေးမှုပြုလျက် မိမိပိုင်အဆောက်အအုံမှ ရက်ပေါင်း(၃၀)အတွင်း ဖယ်ရှားထွက်ခွာသွားစေရန် ဆုံးဖြတ်ပြီး အကြောင်းကြားနိုင်သည်-

(၁) ခွင့်ပြုချက်မရှိဘဲ နေထိုင်သူ၊

(၂) စည်းကမ်းချိုးဖောက်သူ၊

(၃) ငှားရမ်းခ(၃)လတစ်ဆက်တည်းပေးရန် ပျက်ကွက်သူ၊

(၄) ခွင့်ပြုချက်မရှိဘဲ ထပ်ဆင့်အငှားချထားခြင်းဖြစ်ပါက ထပ်ဆင့်အငှားချထားခြင်းခံရသူ။

(ခ) နည်းဥပဒေခွဲ(က)အရ ဆုံးဖြတ်ချက်အပေါ် မကျေနပ်သူသည် လုံလောက်သော အကြောင်းပြချက်ဖြင့် ဥပဒေအခန်း(၂၆)ပါပြဋ္ဌာန်းချက်နှင့်အညီ ဝန်ကြီးထံ ရက်ပေါင်း(၃၀)အတွင်း အယူခံဝင်နိုင်သည်။

(ဂ) ကော်မတီသည် နည်းဥပဒေခွဲ(က) အရ အကြောင်းကြားစာပေးပို့သော်လည်း အယူမခံပဲ ရက်ပေါင်း (၃၀)အတွင်း ဖယ်ရှားထွက်ခွာပေးခြင်းမပြုလျှင်ဖြစ်စေ၊ မိမိပိုင်အဆောက်အအုံမှ လုံလောက်သော အင်အားသုံး၍ဖယ်ရှားနှင်ထုတ်နိုင်သည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ဖယ်ရှားဆောင်ရွက်ပြီးနောက် ကော်မတီပိုင်အဆောက်အအုံတွင် ပျက်စီးဆုံးရှုံးမှုနှင့် ငှားရမ်းခငွေကျန်များနှင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှုအတွက် ဖယ်ရှားခံရသူထံမှ အခွန်မပြေငွေကျန်ကဲ့သို့ကောက်ခံရမည်။

D/ correct Law (11)

## အခန်း(၉)

## လူနေထိုင်ရန်မသင့်သည့်ဘေးအန္တရာယ်ရှိသောအဆောက်အအုံများ

၂၂။ (က) ကော်မတီသည် အဆောက်အအုံနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ စစ်ဆေးတင်ပြချက်အရ အဆောက်အအုံတစ်ခုလုံးဖြစ်စေ ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဘေးအန္တရာယ်ရှိကြောင်းတွေ့ရှိရလျှင် လူနေထိုင်ရန်မသင့်ကြောင်း တင်ပြလာပါက ဘေးအန္တရာယ်အဆောက်အအုံအဖြစ် သတ်မှတ်နိုင်သည်။ ထိုဘေးအန္တရာယ်ရှိသော အဆောက်အအုံအား နေထိုင်အသုံးပြုသူများအား (၁၅)ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အကြောင်းမကြားမီ ယင်းအဆောက်အအုံနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများအဖွဲ့၏သဘောထားအရ လူနေထိုင်ရန်မသင့်တော်ကြောင်း တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(ခ)အရ အကြောင်းကြားချက် အပေါ်ကန့်ကွက်ဖြေရှင်း တင်ပြခြင်းမရှိလျှင် ဖြစ်စေ၊ မခိုင်လုံလျှင်ဖြစ်စေ၊ နေထိုင်အသုံးပြုသူများအား ရက်ပေါင်း(၃၀)အတွင်းဖယ်ရှား ထွက်ခွာစေရန် ဆုံးဖြတ်ညွှန်ကြားရမည့်အပြင် အဆောက်အအုံတွင် လူမနေထိုင်ရန် တားမြစ်ချက် အမှတ်အသားကိုလည်း ထင်ရှားစွာ ရေးမှတ်စေရမည်။

၂၃။ (က) ကော်မတီသည် လူနေထိုင်ရန်မသင့်သည့် ဘေးအန္တရာယ်ရှိသော အဆောက်အအုံပိုင်ရှင် သို့မဟုတ် နေထိုင်သူ၏ဖြေရှင်းကန့်ကွက်ချက်ကို သုံးသပ်ရာတွင် နေထိုင်သုံးစွဲရန် သင့်လျော်သည်အထိပြုပြင်လျှင် အသုံးပြုနိုင်မည်ဟုယူဆပါက အဆောက်အအုံပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုနေထိုင်သူအား စည်းကမ်းချက်နှင့်အချိန်ကာလသတ်မှတ်ထားရှိလျက် အကြီးစားပြုပြင်စေပြီး ဆက်လက်နေထိုင်ခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆုံးဖြတ်ညွှန်ကြားချက်ကို အဆောက်အအုံပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်ကာလကုန်ဆုံးသော်လည်း လိုက်နာခြင်းမပြုပါက ထိုအဆောက်အအုံကို ရက်ပေါင်း(၃၀)အတွင်း ပြီးပြတ်အောင်ဖြိုဖျက်ရန်ညွှန်ကြားနိုင်သည်။

(ဂ) ကော်မတီသည် ဘေးအန္တရာယ်ရှိသောအဆောက်အအုံကို ဖြိုဖျက်ပြီးအသစ်ပြန်လည် ဆောက်လုပ်ရန် အချိန်ကာလသတ်မှတ်ချက်ဖြင့် ဆုံးဖြတ်ညွှန်ကြားနိုင်သည်။

၂၄။ ကော်မတီသည် လူနေထိုင်ရန်မသင့်သည့်ဘေးအန္တရာယ်ရှိသော အဆောက်အအုံကို ဖြိုဖျက်ရန် ညွှန်ကြားသော်လည်း မလိုက်နာပါက နေထိုင်အသုံးပြုသူများကို ဖယ်ရှားလျက် မိမိအစီအစဉ်ဖြင့် ဖြိုဖျက်နိုင်သည့်အပြင် ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူထံမှ ကောက်ခံရမည်။

D/ correct Law (12)

အဆောက်အအုံပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်ကာလအတွင်း ကန့်ကွက်ဖြေရှင်းလျှောက်ထားရန်ပျက်ကွက်ဖြေရှင်းလျှင် ကော်မတီသည် ကန့်ကွက်ချက်ကိုလက်မခံရန် ဆုံးဖြတ်သော်လည်း အဆိုပါသတ်မှတ်ကာလအတွင်း မပေးသွင်းပါက အခွန်မပြေကျန်ငွေကဲ့သို့ကောက်ခံခွင့်ရှိသည်။

## အခန်း(၁၀)
## မီးဘေးအန္တရာယ်စိုးရိမ်ရသော အဆောက်အအုံများ

၂၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း မီးဘေးအန္တရာယ်စိုးရိမ်ရသော အဆောက်အအုံကို စည်းကမ်းချက်များထားရှိလျက် ပြုပြင်စေရန်သို့မဟုတ် ဖြိုဖျက်စေရန် အချိန်ကာလ သတ်မှတ်ချက်ဖြင့် အဆောက်အအုံပိုင်ရှင်သို့ဖြစ်စေ၊ နေထိုင်အသုံးပြုသူသို့ဖြစ်စေ ညွှန်ကြားနိုင်သည့်အပြင် လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက မိမိအစီအစဉ်ဖြင့် ရှင်းလင်းဖယ်ရှား ဖျက်သိမ်းပြီး ကုန်ကျစရိတ်ကို ယင်းကိစ္စအတွက် ဆင့်ဆိုခံရသူထံမှကောက်ခံနိုင်သည်။

## အခန်း(၁၁)
## ကျူးကျော်ခွန်ကောက်ခံခြင်း

၂၆။ (က) မည်သူမျှမြို့တော်နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ ဥပဒေနှင့်ဆန့်ကျင်လျက် ကော်မတီပိုင်လမ်းပေါ်တွင်ဖြစ်စေ၊ အခြားမြေဧရိယာ တစ်ခုခုပေါ်တွင်ဖြစ်စေ၊အုပ်မိုးလျက် သို့မဟုတ် စွဲကပ်လျက် ယာယီအနေဖြင့်သော်လည်းကောင်း၊ အမြဲတည်ရှိမှုအနေဖြင့် သော်လည်းကောင်း မည်သူမျှ တည်ဆောက်ခြင်းမပြုရ။

(ခ) နည်းဥပဒေခွဲ(က)ကို ဆန့်ကျင်လျက် တည်ဆောက်ပါကဖျက်သိမ်းစေခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ယာယီဆက်လက် တည်ရှိခွင့်ပေးပြီး သင့်လျော်သောနှုန်းဖြင့် ကျူးကျော်ခွန်သတ်မှတ်ကောက်ခံခြင်းပြုရမည်။

ဥပမာ။ လမ်းပေါ်ကျူးကျော်ဆောက်လုပ်ထားသည့် စမုတ်ဆောင်၊ လသာဆောင်၊ ဆင်ဝင်၊ နေကာ၊ တံစက်မြိတ်၊ လှေကားထစ်၊ အုတ်ခုံ၊ အုတ်မြစ်၊ ဆင်ခြေလျှော၊ ဓာတ်ဆီဆိုင် ဓာတ်ဆီပန့်၊ မိလ္လာကန်၊ လူကူးခုံးကျော်တံတား၊ ယာယီမဏ္ဍပ်နှင့် အခြားအဆောက်အအုံများ၊ အလံတိုင်၊ အုတ်ခုံ၊ မီးစက်။

D/ correct Law (13)

(ဂ) နည်းဥပဒေခွဲ(ခ)အရ ကျူးကျော်ခွန်ပေးဆောင်စေကာမူ လိုအပ်ပါက ကော်မတီသည် အချိန်သတ်မှတ်၍ ဖျက်သိမ်းထွက်ခွာစေရန် ညွှန်ကြားစေရမည့်အပြင်မလိုက်နာပါက ကော်မတီက မိမိအစီအစဉ်ဖြင့်ဖျက်သိမ်း၍ ကုန်ကျစရိတ်ကို ကျူးကျော်သူကပေးဆောင်စေရမည့်အပြင် သတ်မှတ်ကာလအတွင်းမပေးဆောင်ပါက အခွန်မပြေကျန်ငွေကဲ့သို့ ကောက်ခံခွင့်ရှိသည်။

၂၇။ ကော်မတီသည် အများပြည်သူတို့၏ သွားလာမှုကိုထိခိုက်မှုမရှိစေရေးအတွက် စဉ်းစားရမည့် အပြင်သင့်လျော်သော စည်းကမ်းများ ထားရှိပြီး ကော်မတီပိုင်မြေကိုအသုံးပြုပါက ကော်မတီ၏ သတ်မှတ်နေရာတွင် အခွန်ပေးဆောင်စေ၍ စုပုံထားခွင့်ရှိပြီး ကျူးကျော်ခွန် ကောက်ခံနိုင်သည်။

## အခန်း(၁၂)
## ဆိုင်းဘုတ်နှင့်ကြော်ငြာများ

၂၈။ (က) ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများ၊ ဓာတ်အားပေးတိုင်များ၊ တယ်လီဖုန်းတိုင်များ၊ တံတားများပေါ်တွင်ဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းဆိုင်ရာ မြေကွက်များ၊ ပုဂ္ဂလိကပိုင်မြေကွက်များ သို့မဟုတ် တိုက်နံရံများပေါ်တွင်ဖြစ်စေ၊ မြို့တော်နယ်နိမိတ် အတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်များပေါ်တွင်ဖြစ်စေ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာချိတ်ဆွဲခြင်း၊ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း သို့မဟုတ် ကြော်ငြာရေးဆွဲခြင်း ပြုလုပ်လိုသူမှလျှောက်ထားလာခြင်းအား စိစစ်ပြီးနောက် စည်းကမ်းချက်များထားရှိလျက် ကြော်ငြာခပေးဆောင်စေပြီးခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)ကို ဆန့်ကျင်လျက် ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ စည်းကမ်းချက်များကို ဖောက်ဖျက်၍ဖြစ်စေ ကြော်ငြာစိုက်ထူပါကသတ်မှတ်ကြော်ငြာခငွေ၏ (၃)ဆကို ဒဏ်ကြေးငွေ အဖြစ်ပေးဆောင်စေပြီး ဆိုင်းဘုတ်အားဖြုတ်သိမ်းရန် ညွှန်ကြားခြင်း၊ မဖြုတ်သိမ်းပါက ကော်မတီအစီအစဉ်ဖြင့်ဖြုတ်သိမ်းခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) ကော်မတီသည် ကြော်ငြာလိုသူမှ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေး သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆိုင်ရာကိစ္စအတွက် ပြုလုပ်လိုခြင်းဖြစ်ပါက ကြော်ငြာခကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဃ) ကော်မတီသည်-

(၁) ကြော်ငြာဆိုင်းဘုတ်များ ခိုင်ခံ့မှုရှိမရှိနှင့် မြို့တော်၏သာယာလှပမှုကိုထိခိုက် စေခြင်းရှိမရှိကို အခါအားလျော်စွာစစ်ဆေးရမည်။

D/ correct Law (14)

(၂) လိုအပ်ပါက ပြင်ဆင်မွမ်းမံရန် သို့မဟုတ် အသစ်ပြုလုပ်ရန် သက်ဆိုင်သူအား ညွှန်ကြားနိုင်သည်။

(၃) လိုအပ်ပါက ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကြော်ငြာကပ်ခြင်း၊ ချိတ်ဆွဲခြင်းသို့မဟုတ် ရေးဆွဲခြင်းမပြုရသည့်နယ်မြေ၊ အဆောက်အအုံ၊ သစ်ပင်၊ နံရံ၊ တိုင်စသည်တို့ကို သတ်မှတ်နိုင်သည်။

(၄) ကော်မတီမှလိုအပ်ချက်အရ ဖြုတ်သိမ်းရန်ညွှန်ကြားထားသော ဆိုင်းဘုတ်အား သတ်မှတ်ရက်အတွင်း ဖြုတ်သိမ်းရန်ပျက်ကွက်ပါက ဌာန၏အစီအစဉ်ဖြင့် ဖြုတ်သိမ်းနိုင်ပြီး ကုန်ကျစရိတ်ကို ကြော်ငြာရှင်မှ ပေးဆောင်စေရေး ညွှန်ကြားဆောင်ရွက်နိုင်သည့်အပြင် မပေးဆောင်ပါက အခွန်မပြေကျန်ငွေကဲ့သို့ တောင်းခံခြင်း၊ တရားစွဲဆိုခြင်းပြုနိုင်သည်။

(၅) နှစ်စဉ်ပုံမှန်ဆက်လက်ကြော်ငြာနေသော ကြော်ငြာများမှသတ်မှတ်အခွန်ငွေ ပေးဆောင်ရန်ပျက်ကွက်သော ကြော်ငြာများအား ဖြုတ်သိမ်း၍ ဥပဒေအရ တရားစွဲဆိုနိုင်သည်။ ပေးဆောင်ရမည့်ကြော်ငြာခွန်ကိုလည်း အခွန်မပြေကျန်ငွေကဲ့သို့ တောင်းခံခွင့်ရှိသည်။

## အခန်း(၁၃)
## ယာယီတည်ဆောက်သော ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ကပွဲရုံနှင့်မဏ္ဍပ်များ

၂၉။ မြို့တော်နယ်နိမိတ်အတွင်း ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ကပွဲရုံ၊ ဟောပြောစင်မြင့်နှင့် မဏ္ဍပ်တစ်ခုခုကို ယာယီအနေဖြင့် တည်ဆောက်ရန် လျှောက်ထားလာပါက ကော်မတီသည်စိစစ်ပြီး စည်းကမ်းချက်များထားရှိလျက် အခွန်ပေးဆောင်စေပြီး ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

## အခန်း(၁၄)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၀။ ကော်မတီသည် လိုင်စင်ခွင့်ပြုချက်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ပါက စုံစမ်းစစ်ဆေး၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

D/ correct Law (15)

## အခန်း(၁၅)

## တားမြစ်ချက်နှင့်အရေးယူခြင်း

၃၁။ မည်သူမျှမြို့တော်နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ လူအများစုဝေးရန်ယာယီမဏ္ဍပ်၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ကပွဲရုံ၊ ဟောပြောစင်မြင့်များ တည်ဆောက်ခြင်းမပြုရ။

၃၂။ မည်သူမဆို အဆောက်အအုံဆိုင်ရာ နည်းဥပဒေများတွင် အတိအလင်း မပါရှိသော်လည်း မြို့တော်နယ်နိမိတ်အတွင်း တည်ဆောက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းဖြင့် အများပြည်သူဆိုင်ရာကို အနှောင့်အယှက်ဖြစ်စေလျှင်၊ စိတ်ငြိုငြင်မှုဖြစ်စေလျှင် စီမံခန့်ခွဲရေးအရ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်။

၃၃။ ထရန်စဖော်မာ (Transformer)များ၊ လမ်းမီးများနှင့်မီးပွိုင့်များ ထိခိုက်ပျက်စီးစေပါက ကော်မတီမှ သတ်မှတ်ဒဏ်ကြေးအတိုင်း ပေးဆောင်ရမည်။

## အခန်း(၁၆)

## အထွေထွေ

၃၄။ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အဆောက်အအုံဆောက်လုပ်ခွင့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန်၊ မြေတိုင်းတာရန် သို့မဟုတ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကိုကြီးကြပ်ရန် ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသည့် စည်ပင်သာယာဝန်ထမ်းသည် သက်ဆိုင်ရာရပ်ကွက်သက်သေနှစ်ဦးနှင့်အတူ ပုဂ္ဂလိကအဆောက်အအုံ သို့မဟုတ် မြေနေရာအတွင်းသို့ ဝင်ရောက်ခွင့်ရှိသည်။

၃၅။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၆။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၇။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**

**ဝန်ကြီး**

**စည်ပင်သာယာရေးဝန်ကြီးဌာန**

D/ correct Law (16)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးမြို့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဆိုင်ရာနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ  လမ်းနှင့်တံတားဆိုင်ရာနည်းဥပဒေများ**

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁) ၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) ၊ လမ်းဖောက်လုပ်ခြင်းနှင့်တံတားတည်ဆောက်ခြင်း | ၂ |
| ၃။ | အခန်း(၃) ၊ လမ်းများ | ၄ |
| ၄။ | အခန်း(၄) ၊ လူသွားစင်္ကြံများ | ၆ |
| ၅။ | အခန်း(၅) ၊ ရေမြောင်းများ | ၆ |
| ၆။ | အခန်း(၆) ၊ ယာဉ်များ | ၇ |
| ၇။ | အခန်း(၇) ၊ စီမံခန့်ခွဲရေးနည်းလမ်းအရ  အရေးယူခြင်း | ၉ |
| ၈။ | အခန်း(၈) ၊ တားမြစ်ချက်များနှင့်  အရေးယူခြင်း | ၁၀ |
| ၉။ | အခန်း(၉) ၊ အထွေထွေ | ၁၀ |

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဆိုင်ရာနည်းဥပဒေများ**

အမိန့်ကြော်ငြာစာအမှတ် ၁၈ /၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါဝင်သော စကားရပ်များသည် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လမ်း**ဆိုရာတွင် လမ်းမကြီးများဥပဒေအရ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောလမ်းမကြီးများမှအပ မြို့တော်နယ်နိမိတ်အတွင်းရှိ အခြားလမ်းမကြီး၊ မြေဖို့လမ်း၊ လမ်းငယ်၊ လမ်းသွယ်၊ လမ်းမြှောင်၊ လမ်းကြား၊ လူသွားစင်္ကြံလမ်း၊ နောက်ဖေးလမ်း၊လမ်းနှင့်ဆက်စပ်လျက်ရှိသော နယ်နိမိတ်နှင့် လမ်းဘေးရေမြောင်းတို့ပါဝင်သည်။

(ခ) **လမ်းနယ်သတ်မျဉ်းကြောင်း**ဆိုသည်မှာ လမ်းနှင့်ဆက်စပ်နေသည့် လမ်းနယ်နိမိတ်ပြမျဉ်းကြောင်းကိုဆိုသည်။

(ဂ) **တံတား**ဆိုရာတွင် လူကူးတံတား၊ မီးရထားခုံးကျော်တံတား၊ လူကူးခုံးကျော်တံတား၊ပိုက်ကျော်တံတား၊ မြောင်းကူးတံတား၊ ချောင်းကူးတံတားနှင့် မြစ်ကူးတံတားတို့ပါဝင်သည်။

(ဃ) **အများပြည်သူဆိုင်ရာလမ်း**ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူအသုံးပြုရန် ကော်မတီက ဖောက်လုပ်ပြီး ပြုပြင်ထိန်းသိမ်းထားသော လမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်ပိုင်လမ်းအဖြစ်မှ အများပြည်သူဆိုင်ရာလမ်းအဖြစ်သို့ ပြောင်းလဲသတ်မှတ်သည့်လမ်းလည်းပါဝင်သည်။

(င) **ကိုယ်ပိုင်လမ်း** ဆိုသည်မှာ အများပြည်သူသွားလာအသုံးပြုရန်ဖြစ်စေ၊ ကိုယ်ပိုင်သွားလာအသုံးပြုရန်ဖြစ်စေ ပုဂ္ဂလိကကိုယ်ပိုင်လမ်းအဖြစ် ကော်မတီ၏ခွင့်ပြုချက်ဖြင့်ဖောက်လုပ်ထားသောလမ်းကိုဆိုသည်။

(စ) **လူသွားစင်္ကြံ** ဆိုသည်မှာ အများပြည်သူတို့ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် လမ်းနယ်နိမိတ်အတွင်း ဆောက်လုပ်ထားသော လူသွားလမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီ၏ခွင့်ပြုချက်ဖြင့် လမ်းနယ်နိမိတ်အတွင်း လူသွားစင်္ကြံ၌ပြုလုပ်ထားသော ကားရပ်နားရန်နေရာနှင့် ကားတက်ခုံများလည်းပါဝင်သည်။

(ဆ) **ယာဉ်ကြော** ဆိုသည်မှာ လမ်းတစ်လျှောက် ယာဉ်တစ်စီးချင်း ရှေ့နောက်ဦးတည်မောင်းနှင်သွားရန် သတ်မှတ်ထားသည့်လမ်းကြောင်းကိုဆိုသည်။

(ဇ) **ရေမြောင်း** ဆိုရာတွင် မြေအောက်ရေမြောင်း၊ ဥမင်လိုဏ်ခေါင်း၊ တူးမြောင်း၊ ရေစီးကြောင်း၊ ရေစီးရေလာမြောင်း၊ ရေပုပ်ကန်၊ အနည်ထုတ်ရေပိုက်ကိုဆိုသည်၊ ယင်းစကားရပ်တွင် လေပိုက်ကြီးနှင့်အညစ်အကြေးများ သုတ်သင်ရှင်းလင်းရန် စီမံပြုလုပ်ထားသည့် ပစ္စည်းကိရိယာတို့လည်းပါဝင်စေရမည်။

(ဈ) **ဌာန** ဆိုသည်မှာ ဤနည်းဥပဒေများပါ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် ကော်မတီကသတ်မှတ်တာဝန်ပေးအပ်သည့်ဌာနကိုဆိုသည်။

**အခန်း(၂)**

**လမ်းဖောက်လုပ်ခြင်းနှင့် တံတားတည်ဆောက်ခြင်း**

၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အောက်ပါတို့ကိုဆောင်ရွက်နိုင်သည် -

(က) လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ ရေမြောင်းများတည်ဆောက်ခြင်းနှင့် လမ်းတံတားပြုပြင်ထိန်းသိမ်းခြင်း၊

(ခ) လမ်းဆုံလမ်းခွနှင့် ယာဉ်အန္တရာယ်ထူပြောသည့်နေရာများတွင် လူကူးတံတား၊ လူသွားစင်္ကြံနှင့် မိုးပျံတံတားများဆောက်လုပ်ခြင်း၊ မြေအောက်လူသွားလမ်းနှင့် မြေအောက်ယာဉ်သွားလမ်းများဖောက်လုပ်ခြင်း၊

(ဂ) လမ်းနယ်သတ်မျဉ်းကြောင်းဖြင့် လမ်းနယ်နိမိတ်သတ်မှတ်ခြင်း၊

(ဃ) လမ်း၊ တံတားများကို စနစ်တကျထိန်းသိမ်းခြင်းရှိမရှိ၊ လမ်း၊ တံတားများကြံ့ခိုင်မှုရှိမရှိနှင့် လမ်း၊ တံတားများအပေါ် ကျူးကျော်မှုရှိမရှိတို့ကို အခါအားလျော်စွာ စစ်ဆေးခြင်း၊

(င) ယာဉ်သွားလာမှုနှင့် လမ်းများအခြေအနေ၊ ယာဉ်ကြောပိတ်ဆို့မှု အခြေအနေ၊ ယာဉ်အန္တရာယ်ရှိမရှိ၊ ယာဉ်အမျိုးအစား၊ ယာဉ်သွားလာမှုနှုန်းတို့ကို သုတေသနပြုခြင်း။

၄။ ကော်မတီသည် -

(က) နည်းဥပဒေ ၃ ပါလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာလုပ်ငန်းအဖြစ်လည်းကောင်း၊ လေလံစနစ်ဖြင့်လည်းကောင်း၊ တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အခြားသင့်လျော်သည့်နည်းဖြင့်လည်းကောင်း အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်အားခွင့်ပြုသည့် ကန်ထရိုက်လုပ်ငန်းအဖြစ်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ခ) ကန်ထရိုက်လုပ်ငန်းဖြင့်ဆောင်ရွက်သော လမ်းဖောက်လုပ်ရေး၊ တံတားတည်ဆောက်ရေးနှင့်လမ်း၊ တံတားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အတွက်စာချုပ်ချုပ်ဆိုဆောင်ရွက်ရမည့်အပြင် ယင်းသို့ချုပ်ဆိုသည့်စာချုပ်တွင် ပန္နက်ပုံစံ၊ ဆောက်လုပ်မှုပုံစံ၊ အသုံးပြုရမည့်ပစ္စည်းအမျိုးအမည်၊ အမျိုးအစားနှင့် အရေအတွက်စာရင်းများပူးတွဲပါရှိစေရမည်။

၅။ ကော်မတီသည် အများပြည်သူအကျိုးငှာ လိုအပ်ပါက -

(က) လမ်းတစ်လမ်းလုံးကိုလည်းကောင်း၊ လမ်း၏အစိတ်အပိုင်းကိုလည်းကောင်း ခေတ္တယာယီပိတ်နိုင်သည်။

(ခ) ခေတ္တယာယီပိတ်ပြီးဖြစ်သောလမ်းမြေနေရာကို လိုအပ်သလိုစီမံခန့်ခွဲခွင့်ရှိသည်။

(ဂ) ခေတ္တယာယီပိတ်ပြီးဖြစ်သော လမ်းတစ်လမ်းလုံးကိုသော်လည်းကောင်း၊ လမ်း၏အစိတ်အပိုင်းကိုသော်လည်းကောင်း ပြန်လည်ဖွင့်လှစ်ခွင့်ရှိသည်။

၆။ ကော်မတီသည် အများပြည်သူအကျိုးငှာ မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာလမ်းများနှင့်စပ်လျဉ်း၍ ကျဉ်းမြောင်းသောလမ်းများကိုတိုးချဲ့ရန်နှင့် ကွေ့ကောက်သောလမ်းများကိုဖြောင့်ရန် စီမံဆောင်ရွက်ခွင့်ရှိသည်။

၇။ ကော်မတီသည် နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(က)၊ (ခ)နှင့် နည်းဥပဒေ ၆ တို့အရဆောင်ရွက်ရာတွင် -

(က) လိုအပ်သည့်မြေကိုတိုင်းတာ၍ တည်ဆဲဥပဒေနှင့်အညီ မြေသိမ်းယူပြီး လွှဲပြောင်းရယူရန် သက်ဆိုင်ရာအစိုးရဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) လိုအပ်သည့်မြေကို သက်ဆိုင်ရာပုဂ္ဂိုလ်နှင့်ညှိနှိုင်း၍ သဘောတူညီချက်ရယူပြီး လွှဲပြောင်းရယူနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် (ခ)အရ လွှဲပြောင်းရယူထားသည့်မြေပေါ်ရှိ လုပ်ငန်းနှင့်မလွတ်ကင်းသော အဆောက်အအုံများကို တည်ဆဲဥပဒေနှင့်အညီ ဖယ်ရှားနိုင်သည်။

(ဃ) လွှဲပြောင်းရယူသည့်မြေနှင့် ဖယ်ရှားပေးရသောအဆောက်အအုံတို့အတွက် ထိုက်သင့်သည့်လျော်ကြေးကို ကော်မတီ၏ရန်ပုံငွေမှကျခံခွင့်ပြုနိုင်သည်။

## အခန်း(၃)
## လမ်းများ

၈။ ကော်မတီသည် လမ်းနှင့်တံတားဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန်နှင့် အရေးကြီးကိစ္စရပ်များဆောင်ရွက်ရန်ရှိသည့်အခါ လမ်းတစ်လမ်းလုံးကိုဖြစ်စေ၊ လမ်း၏အစိတ်အပိုင်းကိုဖြစ်စေ ယာယီပိတ်၍ဆောင်ရွက်ရန်လိုအပ်ပါက ယင်းကဲ့သို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းနိုင်သည်။

၉။ ဌာနမှူးသည် -

(က) ယာဉ်အသွားအလာနှင့် အများပြည်သူတို့၏ သွားလာမှုကိုထိခိုက်ခြင်းမရှိစေဘဲ အများပြည်သူဆိုင်ရာလမ်းကို အကြောင်းကိစ္စတစ်ရပ်ရပ်အတွက် အသုံးပြုလိုသူအား ကော်မတီ၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ ခေတ္တအသုံးပြုရန်ခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုထားသည့်ကိစ္စရပ်တွင် အကြောင်းတစ်ရပ်ရပ်ကြောင့် လမ်းပျက်စီးဆုံးရှုံးပါက ကော်မတီမှသတ်မှတ်သည့်အတိုင်း လျော်ကြေးငွေပေးဆောင်စေရမည်။

၁၀။ ကော်မတီသည် အများပြည်သူဆိုင်ရာလမ်းကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက လုပ်ငန်းလိုအပ်ချက်အရ အသုံးပြုရန်ညှိနှိုင်းလာသည့်အခါစိစစ်ပြီး အများပြည်သူအကျိုးကို မထိခိုက်စေဘဲခွင့်ပြုနိုင်သည်။

၁၁။ (က) ပုဂ္ဂိုလ်တစ်ဦးသည် မိမိပိုင်မြေအတွင်း ကိုယ်ပိုင်လမ်းဖောက်လုပ်လိုလျှင် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

(ခ) ကော်မတီသည် ကိုယ်ပိုင်လမ်းဖောက်လုပ်ခွင့်ပြုရန်လျှောက်ထားချက်ကိုစိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

၁၂။ (က) ကော်မတီကထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကိုယ်ပိုင်လမ်း ဖောက်လုပ်ပြီးစီးသည့်အခါ ထိုလမ်းကို အများပြည်သူဆိုင်ရာလမ်းအဖြစ် သတ်မှတ်ပေးစေလိုလျှင် ထိုသို့သတ်မှတ်ပေးရန် ထိုလမ်းပိုင်ရှင်ကဖြစ်စေ၊ ထိုလမ်းရှိ အဆောက်အအုံပိုင်ရှင်များကဖြစ်စေ ဌာနသို့လျှောက်ထားနိုင်သည်။

(ခ) ဌာနမှူးသည် ထိုလျှောက်ထားချက်ကို သက်ဆိုင်ရာလမ်းနေ အများပြည်သူတို့ သိရှိနိုင်ရန်ကြေညာရမည်။

၁၃။ ဌာနမှူးသည် နည်းဥပဒေ ၁၂ ၊ နည်းဥပဒေခွဲ(ခ)အရ ထုတ်ပြန်သည့် ကြေညာချက်နှင့် စပ်လျဉ်း၍ -

(က) ကန့်ကွက်သူမရှိပါက ထိုကိုယ်ပိုင်လမ်းကို ကော်မတီ၏သဘောတူညီချက်ဖြင့် အများပြည်သူဆိုင်ရာလမ်းအဖြစ် သတ်မှတ်နိုင်သည်။

(ခ) ကန့်ကွက်သူရှိပါက ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သောစုံစမ်းစစ်ဆေးမှုပြု လုပ်ပြီး ထိုလမ်းကိုအများပြည်သူဆိုင်ရာလမ်းအဖြစ် သတ်မှတ်ရန်သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ကော်မတီသို့တင်ပြပြီး ကော်မတီ၏ဆုံးဖြတ်ချက်နှင့် အညီ အများပြည်သူဆိုင်ရာလမ်းအဖြစ် သတ်မှတ်ခြင်း သို့မဟုတ် သတ်မှတ်ရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ ကော်မတီသည် -

(က) မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာလမ်းနှင့် ကိုယ်ပိုင်လမ်းများကို လမ်းအမည်၊ လမ်းအမှတ်များပေးရမည်။

(ခ) ပေးထားပြီးဖြစ်သော လမ်းအမည်များနှင့်လမ်းအမှတ်များကို ပြင်ဆင်ခြင်းပြုနိုင် သည်။

(ဂ) နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ လမ်းအမည်၊ လမ်းအမှတ်ပေးခြင်းနှင့် ပြင်ဆင် ခြင်းများကို အများပြည်သူသိရှိနိုင်ရန်ကြေညာရမည်။

၁၅။ ဌာနမှူးသည် -

(က) လမ်းအမည်နှင့် လမ်းအမှတ်ကို လမ်းထောင့်နှင့် လမ်းအဝင်တစ်ဖက်တစ်ချက် မြင်သာသည့်နေရာ၌ လမ်းညွှန်အမှတ်အသားများဖြင့် စနစ်တကျတပ်ဆင်ထား ရမည်။

(ခ) ကိုယ်ပိုင်လမ်းတွင် လျှပ်စစ်မီးထွန်းညှိစေရန် သက်ဆိုင်ရာလမ်းပိုင်ရှင်ကိုဖြစ်စေ၊ ယင်းလမ်းတွင်နေထိုင်သူများကိုဖြစ်စေညွှန်ကြားနိုင်သည်။

## အခန်း(၄)
## လူသွားစင်္ကြံများ

၁၆။ လမ်းနယ်နိမိတ်အတွင်း လူသွားစင်္ကြံဆောက်လုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဌာနသို့လျှောက်ထားရမည်။

၁၇။ ဌာနမှူးသည် လူသွားစင်္ကြံဆောက်လုပ်ခွင့်ပြုရန် နည်းဥပဒေ ၁၆ အရလျှောက်ထားချက်ကို စိစစ်ပြီး ကော်မတီ၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ခွင့်ပြုနိုင်သည်။

၁၈။ လူသွားစင်္ကြံဆောက်လုပ်ရန်ခွင့်ပြုချက်ရရှိသူသည် သတ်မှတ်သည့်စည်းကမ်းချက်များနှင့် အညီလိုက်နာဆောင်ရွက်ရမည်။

## အခန်း(၅)
## ရေမြောင်းများ

၁၉။ ကော်မတီသည် မိမိပိုင်ရေမြောင်းအချို့ သို့မဟုတ် အားလုံးမှရေကို မြို့တော်နယ်နိမိတ်အတွင်း၌ ဖြစ်စေ၊ အပြင်၌ဖြစ်စေ၊ သင့်လျော်သောနေရာ၌ဖြစ်စေ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စွန့်ထုတ်နိုင်သည်။

၂၀။ ကော်မတီသည် -

(က) မိမိပိုင် ရေမြောင်းများကို တိုးချဲ့ခြင်း၊ ရေမြောင်းပေါ်တွင် တံတားဆောက်လုပ် ခြင်း၊ မြောင်းဖောက်ခြင်းနှင့် ရေမြောင်းကို ရေစီးရေလာကောင်းမွန်စေရန် စီမံခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရာတွင် လမ်းပေါ်တွင်ရေလျှံမှုများ မဖြစ်ပေါ် စေရန် လိုအပ်သောအစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။

၂၁။ ကော်မတီသည် အများပြည်သူအကျိုးငှာ အသုံးပြုရန်မလိုအပ်သည့်ရေမြောင်းများကို ဖြတ်တောက်ခြင်း၊ ပိတ်ဆို့ခြင်း သို့မဟုတ် မြေဖို့ခြင်းပြုနိုင်သည်။

၂၂။ ကော်မတီသည် -

(က) ပုဂ္ဂိုလ်တစ်ဦးဦးက ၎င်းပိုင်နက် နယ်မြေအတွင်းရှိရေမြောင်းကို လွှဲပြောင်းပေးရန် လျှောက်ထားလာပါက အများပြည်သူအကျိုးနှင့် ရေစီးရေလာကို မထိခိုက် လျှင်ယင်းရေမြောင်းကို သင့်လျော်သလိုလွှဲပြောင်းစီးဆင်းစေနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရာတွင် လွှဲပြောင်းစီးဆင်းစေခြင်းအတွက် ကုန်ကျစရိတ်ကိုလျှောက်ထားသူကကျခံစေရမည်။

၂၃။ ကော်မတီသည် -

(က) အဆောက်အအုံတစ်ခုခုမှ မိုးရေ၊ အိမ်သုံးရေတို့ကို ရေမြောင်းများအတွင်းသို့စီးဝင် စေရန်အတွက် သီးခြားရေမြောင်းဖောက်လုပ်ထားရှိရန်လိုအပ်ပါက အဆောက် အအုံပိုင်ရှင်ကိုဖြစ်စေ၊ နေထိုင်အသုံးပြုသူကိုဖြစ်စေ ညွှန်ကြားနိုင်သည်။

(ခ) အဆောက်အအုံပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် ကော်မတီကထုတ်ပြန် သော ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၄။ ကော်မတီသည် ရေစီးရေလာကောင်းမွန်စေရေးအတွက် ပုဂ္ဂိုလ်တစ်ဦးဦးပိုင် ခြံဝင်းအတွင်း ရေမြောင်းဖောက်လုပ်ရန်လိုအပ်ပါက ခြံဝင်းပိုင်ရှင်နှင့်ညှိနှိုင်း၍ သင့်လျော်သော လျော်ကြေးပေးပြီး ယင်းခြံဝင်းအတွင်း၌ ရေမြောင်းဖောက်လုပ်နိုင်သည်။

၂၅။ ကော်မတီသည် အများပြည်သူက စုပေါင်းရေမြောင်းဖောက်လုပ်ရန် လျှောက်ထားလာပါက စိစစ်ပြီးအမျိုးအစားသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ ရေမြောင်းများ၏ အကျယ်အဝန်းနှင့်အနက်ကို အဆိုပါ ရေမြောင်းတည်ရှိရာနေရာရှိ အဆောက်အအုံ၏အနေအထား၊ လမ်းအကျယ်နှင့် ရေစီး ရေလာအခြေအနေတို့အပေါ်မူတည်၍ သင့်လျော်သလိုသတ်မှတ်နိုင်သည်။

## အခန်း(၆)

## ယာဉ်များ

၂၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း လမ်းများတွင် မောင်းနှင်ခွင့်ပြုသော အနှေးယာဉ်၊ မော်တော်ယာဉ် အမျိုးအစားနှင့် တန်ချိန်များကို သတ်မှတ်နိုင်သည်။

၂၈။ ကော်မတီသည် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အလို့ငှာ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) ယာဉ်မဝင်ရသောနေရာ၊ ယာဉ်မရပ်ရသောနေရာနှင့် တစ်လမ်းမောင်းလမ်းများ သတ်မှတ်ခြင်း၊

(ခ) ယာဉ်မရပ်ရကန့်သတ်နယ်မြေသတ်မှတ်ခြင်း၊

(ဂ) ခရီးသည်တင်ယာဉ်များအတွက် ရပ်နားရန်နေရာများသတ်မှတ်ခြင်း၊

(ဃ) ကော်မတီက သတ်မှတ်သည့်အလေးကုန်ချိန်ထက် ပိုသောယာဉ်မဝင်ရသည့် လမ်းများသတ်မှတ်ခြင်း၊

(င) အနှေးယာဉ်များမဝင်ရသည့်နယ်မြေနှင့် လမ်းများသတ်မှတ်ခြင်း၊

(စ) ယာဉ်အရှိန်နှုန်းသတ်မှတ်ခြင်း။

၂၉။ ဌာနမှူးသည် မြို့တော်နယ်နိမိတ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အလို့ငှာ ကော်မတီ၏သဘောတူညီချက်ဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကိုဆောင်ရွက်နိုင်သည် -

(က) အချက်ပြမီးပွိုင့်များ လိုအပ်သလိုတပ်ဆင်ခြင်း၊ ဖြုတ်သိမ်းခြင်း၊

(ခ) လိုအပ်သည့်နေရာများတွင် သတိပေးအချက်ပြမီးဝါများတပ်ဆင်ခြင်း၊

(ဂ) လမ်းညွှန်ဆိုင်းဘုတ် သင်္ကေတများစိုက်ထူခြင်း၊

(ဃ) လမ်းပေါ်တွင် လမ်းကြောင်းပြဆေးရေးအမှတ်အသားများနှင့် ယာဉ်ကြောပြဆေးရေးအမှတ်အသားများရေးဆွဲသတ်မှတ်ခြင်း။

၃၀။ ကော်မတီသည် -

(က) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများထိန်းသိမ်းဆောင်ရွက်နိုင်ရန်အလို့ငှာ မြို့တော်နယ်နိမိတ်တစ်ခုလုံးအတွက်ဖြစ်စေ၊ မြို့နယ်အလိုက်ဖြစ်စေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များကို အခါအားလျော်စွာဖွဲ့စည်း၍ ဆောင်ရွက်နိုင်သည်။

(ခ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များကို လိုအပ်သလို ပြုပြင်ပြောင်းလဲ ဖွဲ့စည်းကူညီနိုင်သည်။

(ဂ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စများမှ ရရှိသောဒဏ်ငွေများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

(ဃ) ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများနှင့်မဆန့်ကျင်စေဘဲ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သတ်မှတ်နိုင်သည်။

၃၁။ ဌာနမှူးသည် မြို့တော်နယ်နိမိတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန် ပညာပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်နိုင်သည်။

၃၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း မော်တော်ယာဉ်လိုင်းများနှင့် ပြင်ပမှ မြို့တော်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာသော မော်တော်ယာဉ်လိုင်းများနှင့် စပ်လျဉ်း၍ ယာဉ်လမ်းကြောင်းများသတ်မှတ်ခြင်း၊ ကန့်သတ်ခြင်း၊ ကြီးကြပ်ခြင်း၊ ယာဉ်ရပ်နားရန်နေရာများ သတ်မှတ်ခြင်းနှင့် ခရီးသည်များယာဉ်စောင့်ဆိုင်းရန် သင့်လျော်သည့် အစီအမံများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း(၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၃၃။ မည်သူမျှကော်မတီက သတ်မှတ်သည့် လမ်းပေါ်တွင် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) လမ်း၊ တံတား၊ ရေမြောင်း၊ ပလက်ဖောင်း၊ လမ်းကာတုံး၊ အရည်အသွေးကို ထိခိုက်ပျက်စီးစေမည့် အပြုအမူတစ်ရပ်ရပ်ကိုပြုလုပ်ခြင်း၊

(ခ) လမ်းညစ်ညမ်းစေမည့်အပြုအမူတစ်ရပ်ရပ်ကိုပြုလုပ်ခြင်း၊

(ဂ) လမ်းညွှန်ဆိုင်းဘုတ်၊ ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးအမှတ်အသားများ၊ ဆိုင်းဘုတ်များကိုပျက်စီးစေခြင်း၊

(ဃ) ခရီးသည်တင်ယာဉ်လိုင်းများ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်မှုမပြုခြင်း၊

(င) ခွင့်ပြုချက်မရှိဘဲ လမ်း၊ ရေမြောင်း၊ ပလက်ဖောင်း၊ လူသွားစင်္ကြံ၊ ဇရိယာပေါ်တွင် ကွန်ကရစ်ခင်း ကားတက်ခုံ (Ramp)များပြုလုပ်ခြင်း၊

(စ) ဤနည်းဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းမပါရှိသော်လည်း လမ်း၊ တံတား၊ ရေမြောင်း၊ ပလက်ဖောင်း၊ လူသွားစင်္ကြံတို့နှင့်စပ်လျဉ်း၍ အများပြည်သူဆိုင်ရာ အနှောင့်အယှက်ဖြစ်စေသော ပြုမူမှုတစ်ရပ်ရပ်ကိုဆောင်ရွက်ခြင်း။

၃၄။ ကော်မတီနှင့် ဌာန၏ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဖောက်ဖျက်ကျူးလွန်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

၃၅။ ကော်မတီသည် ဤနည်းဥပဒေများအရ ချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းပြုနိုင်သည်။

## **အခန်း(၈)**
## **တားမြစ်ချက်များနှင့်အရေးယူခြင်း**

၃၆။ မည်သူမျှမြို့တော်နယ်နိမိတ်အတွင်း-

(က) လမ်းနယ်နိမိတ်အတွင်း လမ်းမျက်နှာပြင်ထက် မြင့်၍မြေဖို့ခြင်း၊ ကွန်ကရီခင်းခြင်း မပြုရ၊

(ခ) ယာဉ်များသတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်းမပြုရ၊

(ဂ) လမ်းမပေါ်တွင် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်း ၊အမှိုက်ပစ်ခြင်း မပြုရ၊

(ဃ) လမ်းပေါ်တွင် ဘိလပ်မြေဖျော်ခြင်းမပြုရ၊

(င) ကတ္တရာလမ်းမပေါ်ရေဖျန်းခြင်းမပြုရ၊

(စ) ခွင့်ပြုချက်မရှိဘဲ လူသွားစင်္ကြံဆောက်လုပ်ခြင်းမပြုရ၊

(ဆ) ခွင့်ပြုချက်မရှိဘဲ လမ်းကိုဖောက်၍ ရေပိုက်မြှုပ်နှံခြင်းမပြုရ။

၃၇။ မည်သူမဆို နည်းဥပဒေ ၃၆ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဤနည်းဥပဒေတွင် ဖော်ပြထားသောစီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်။

## **အခန်း(၉)**
## **အထွေထွေ**

၃၈။ ကော်မတီသည် ဤနည်းဥပဒေများအရဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကိုမိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၉။ ဌာနမှူးသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိသင့်လျော်သည့်ဝန်ထမ်းများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၀။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အမိန့်အရ**

**(ပုံ) အောင်မောင်း**
**ဝန်ကြီး**
**စည်ပင်သာယာရေးဝန်ကြီးဌာန**

## မန္တလေးတိုင်းဒေသကြီးအစိုးရ

## စည်ပင်သာယာရေးဝန်ကြီးဌာန

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများ

## ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

## (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေအရ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကိုဆိုသည်။

(ခ) **ရွေးကောက်တင်မြှောက်သည့် ကော်မတီဝင်** ဆိုသည်မှာ ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေအရ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ရွေးကောက်တင်မြှောက်သည့် ကော်မတီဝင်ကို ဆိုသည်။

(ဂ) **ခန့်အပ်ကော်မတီဝင်** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)၏ ထောက်ခံအကြံပြုချက်အရ အစိုးရအဖွဲ့က မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီဝင်အဖြစ် အတည်ပြု၍တိုက်ရိုက်ရွေးချယ်ခန့်အပ်သည့် ကော်မတီဝင် ကိုဆိုသည်။

(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ခန့်အပ်ကော်မတီဝင်မဟုတ်သော မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီဝင်များအား ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲကိုဆိုသည်။

02/D/Law/MCDC election 23-1-15(1)

(င) **ကော်မရှင်** ဆိုသည်မှာ ခန့်အပ်ကော်မတီဝင်မဟုတ်သော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များအား ရွေးကောက်တင်မြှောက်နိုင်ရန် အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ရေးကော်မရှင်ကို ဆိုသည်။

(စ) **ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ရေး မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့ကိုဆိုသည်။

(ဆ) **မြို့နယ်ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ရေးအတွက် မြို့နယ်အလိုက် ဖွဲ့စည်းတာဝန်ပေးအပ်မည့် ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဇ) **ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ရေးအတွက် ရပ်ကွက်ကျေးရွာအုပ်စုအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်မည့် ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဈ) **ကော်မတီဝင်လောင်း** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံယူရေးအတွက် ကော်မရှင်သို့ သတ်မှတ်ထားသောနည်းများနှင့်အညီ အမည်စာရင်းတင်သွင်းပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီ၍ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုသူကို ဆိုသည်။

(ည) **ရွေးကောက်တင်မြှောက်ခံရသူကော်မတီဝင်လောင်း** ဆိုသည်မှာ ကော်မရှင်က ရွေးကောက်ပွဲတွင် အနိုင်ရရှိကြောင်း အတည်ပြုသတ်မှတ်ခြင်းခံရသူကို ဆိုသည်။

(ဋ) **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ တရားဝင်ထုတ်ပေးထားသော အိမ်ထောင်စုလူဦးရေစာရင်း(၆၆/၆)ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သည့် သက်ဆိုင်ရာအိမ်ထောင်စုစာရင်းတစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုကိုကိုယ်စားပြုသည့် အသက်(၁၈)နှစ်ပြည့်ပြီးသော နိုင်ငံသားတစ်ဦးဦးကိုဆိုသည်။

(ဌ) **မဲစာရင်း** ဆိုသည်မှာ ရွေးကောက်ပွဲဆိုင်ရာ အလို့ငှာသတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် အိမ်ထောင်စုစာရင်းတစ်ခုလျှင်တစ်ဦးနှုန်းဖြင့် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကိုဆိုသည်။

(ဍ) **မဲရုံမှူး** ဆိုသည်မှာ မဲရုံအဖွဲ့အား ကြီးကြပ်သောပုဂ္ဂိုလ်ကို ဆိုသည်။

(ဃ) **မဲရုံအဖွဲ့** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ် မဲဆန္ဒနယ်တစ်နယ်၏ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်းတာဝန်ယူဆောင် ရွက်ရန် ကော်မရှင်ကအတည်ပြုတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(ဏ) **ရွေးကောက်မှုဆိုင်ရာအခွင့်အရေး** ဆိုသည်မှာ ရွေးကောက်ပွဲတွင် ကော်မတီဝင်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်သောအခွင့်အရေး၊ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ နေနိုင်သောအခွင့် အရေး၊ ကော်မတီဝင်လောင်းစာရင်းမှ နုတ်ထွက်နိုင်သောအခွင့်အရေးကို ဆိုသည်။

## အခန်း(၂)
## ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ရေးကော်မရှင်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ရေး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ။** သက်ဆိုင်ရာမြို့နယ်အတွင်းနေထိုင်သော သင့်လျော်သည့် နိုင်ငံသား(၅)ဦးကို ရွေးချယ်ပြီးတစ်ဦးကို ဥက္ကဋ္ဌအဖြစ်ခန့်အပ်၍ တစ်ဦးကို အတွင်းရေးမှူး အဖြစ် ခန့်အပ်ဖွဲ့စည်းရမည်။

(ခ) **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ရေး ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ။** သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်လျက်ရှိသော သင့်လျော်သည့်နိုင်ငံသား(၅)ဦးကို ရွေးချယ်ပြီး တစ်ဦးကို ဥက္ကဋ္ဌအဖြစ်ခန့်အပ်၍ တစ်ဦးကို အတွင်းရေးမှူးအဖြစ်ခန့်အပ်ဖွဲ့စည်းရမည်။

## အခန်း(၃)
## ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်များ

၄။ ကော်မရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် လျှောက်လွှာပုံစံ၊ မဲလက်မှတ်ပုံစံများသတ်မှတ်ခြင်း၊

(ခ) မဲစာရင်းများပြုစုစေခြင်း

(ဂ) ရွေးကောက်ပွဲများကျင်းပခြင်း၊

(ဃ) ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(င) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းနိုင်ရန် ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဆ) မဲရုံအဖွဲ့အား အတည်ပြုပေးခြင်း၊

(ဇ) အတည်ပြုမဲစာရင်းများကို ထုတ်ပြန်ကြေညာခြင်း၊

(ဈ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းများကိုကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ည) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များအားစိစစ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဋ) ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီကြေညာခြင်း၊

(ဌ) ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အမည်စာရင်းတင်သွင်းသူများအား သတ်မှတ်အရည်အချင်းနှင့်ပြည့်မီခြင်းရှိ/မရှိ စိစစ်ခြင်းနှင့် အတည်ပြုမှတ်ပုံတင်ခြင်း၊

(ဍ) သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် ကော်မတီဝင်လောင်းများ၏ အမည်စာရင်းကို ကြေညာခြင်း၊ အသိအမှတ်ပြုလွှာထုတ်ပေးခြင်း၊

(ဎ) ရွေးကောက်တင်မြှောက်ခံရသူ ကော်မတီဝင်လောင်းများ၏ အမည်စာရင်းကို အတည်ပြုကြေညာခြင်း၊

(ဏ) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရန်ပုံငွေခွဲဝေချထားခြင်း၊ အသုံးစရိတ်များကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(တ) တရားမဲ့ပြုကျင့်မှုများအပေါ် စိစစ်ဆုံးဖြတ်ခြင်း၊

(ထ) ရွေးကောက်ပွဲဆိုင်ရာကန့်ကွက်မှုများကို ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ခြင်း၊

(ဒ) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရုံးနေရာများသတ်မှတ်ခြင်း၊

(ဓ) လိုအပ်ပါက ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(န) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဤနည်းဥပဒေများနှင့်အညီဆောင်ရွက်ခြင်း။

၅။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မဲစာရင်းများပြုစုခြင်း၊

(ခ) ရွေးကောက်ပွဲများကျင်းပခြင်း၊

(ဂ) ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်း၊

(ဃ) မဲရုံများစနစ်တကျရှိရေး၊ မဲပေးသူများ အဆင်ပြေစွာမဲပေးနိုင်ရေးအတွက် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(င) မဲရုံများရွေးချယ်သတ်မှတ်ခြင်း၊ မဲရုံအရေအတွက်ပြုစု၍ ကော်မရှင်သို့တင်ပြခြင်း၊

(စ) မဲရုံမှူး၊ မဲရုံအကူကိုယ်စားလှယ်များအား စိစစ်ရွေးချယ်ခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ကော်မရှင်က ပေးအပ်သောလုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း။

၆။ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မဲစာရင်းများပြုစုခြင်း၊

(ခ) အတည်ပြုပြီးသော မဲစာရင်းများကိုထုတ်ပြန်ကြေညာခြင်း၊ ကွဲလွဲချက်များရှိပါက ပြင်ဆင်ပေးနိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊

(ဂ) အရေးပေါ်ကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊

၇။ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၄၃ ပါတာဝန်များအပြင် ကော်မရှင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲတို့မှပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက် ရမည်။

## အခန်း(၄)
## မဲစာရင်းများပြုစုခြင်း

၈။ ကော်မရှင်သည် နည်းဥပဒေ ၄(ခ)အရ မဲစာရင်းပြုစုရာတွင် အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့လာသည့် မဲစာရင်းတွင် အခြားမြို့နယ်မဲစာရင်းမှ အမည်စာရင်းများပါဝင်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ခ) စိစစ်ပြီးမဲစာရင်းအား အတည်ပြုခြင်း၊ မှတ်ပုံတင်ထားရှိခြင်း၊

(ဂ) မြို့နယ်မဲစာရင်းအရေအတွက်များကို အတည်ပြုကြေညာပြီး မြို့နယ်သို့ပြန်လည်ပေးပို့ ခြင်း၊

(ဃ) မဲစာရင်းပြုစုရာတွင် မလိုလားအပ်သော ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ခြင်း၊

(င) ဤနည်းဥပဒေများ နည်းဥပဒေ ၄၃ ပါ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီ ခြင်း၊

(စ) လိုအပ်ပါက ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဤနည်းဥပဒေများ နည်းဥပဒေ ၅(က)အရ မဲစာရင်းပြုစုရာတွင် အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) စည်ပင်သာယာမြို့နယ် တစ်မြို့နယ်တွင်ပါဝင်သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအား တည်ဆဲဥပဒေများနှင့်အညီ စာရင်းပြုစုခြင်း၊

(ခ) ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲများက စိစစ်ရွေးချယ်ထားသည့် စာရင်းအား သက်ဆိုင်ရာ စည်ပင်သာယာမြို့နယ် မဲစာရင်းအဖြစ်စုစည်း၍ ကော်မရှင်သို့တင်ပြခြင်း၊

(ဂ) ကော်မရှင်က စိစစ်အတည်ပြုပြီးနောက် ယင်းမဲစာရင်းကို သက်ဆိုင်ရာမြို့နယ်မဲစာရင်း အဖြစ် ထုတ်ပြန်ကြေညာခြင်း၊

(ဃ) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကို လိုအပ်သောအကူ အညီများတောင်းခံရယူခြင်း၊

(င) ဤနည်းဥပဒေများ နည်းဥပဒေ ၄၃ ပါဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီခြင်း၊

၁၀။ ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ဤနည်းဥပဒေများ နည်းဥပဒေ ၆(က)အရ မဲစာရင်း ပြုစုရာတွင် အောက်ပါတို့ဆောင်ရွက်ရမည်-

(က) ဆန္ဒမဲပေးနိုင်ရေးအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၏ တရားဝင်အိမ်ထောင်စုလူဦးရေစာရင်းကိုအခြေခံ၍ ရပ်ကွက်ကျေးရွာအုပ်စု အတွင်း အိမ်ထောင်စုစာရင်းဖြင့်နေထိုင်သော သက်ဆိုင်ရာအိမ်ထောင်စုစာရင်းတစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုကိုကိုယ်စားပြုသည့် အသက်(၁၈)နှစ်ပြည့်ပြီးသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အိမ်ထောင်စုဝင် တစ်ဦးဦး၏အမည်ကို မဲစာရင်းအဖြစ်စိစစ်ပြုစုခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ စိစစ်ရွေးချယ်ရာတွင် အိမ်ထောင်စုစာရင်းတစ်ခုအတွင်း တစ်ဦး ထက်ပိုမိုပါဝင်ခြင်းမရှိစေရေး စိစစ်ဆောင်ရွက်ခြင်း၊

(ဂ) မဲစာရင်းတစ်ခုခုတွင် ဆန္ဒမဲပေးမည့်သူ၏အမည်သည် သက်ဆိုင်ရာမဲစာရင်းတစ်ခုမှအပ အခြားမဲစာရင်းတွင်ပါဝင်ခြင်းမရှိစေရ၊

(ဃ) စိစစ်ရွေးချယ်ပြုစုထားသော မဲစာရင်းများအား မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ခြင်း၊

(င) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကို လိုအပ်သောအကူ အညီများတောင်းခံရယူခြင်း၊

(စ) ဤနည်းဥပဒေများ နည်းဥပဒေ ၄၃ ပါ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီ ခြင်း။

၁၁။ သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် မဲစာရင်းပြုစုရာ၌ မဲစာရင်းတွင်ပါဝင်ခွင့်ရှိသူများ၏အမည်များကို မြန်မာအက္ခရာဖြင့်ရေးသွင်းရမည်။ ယင်းသို့ရေးသွင်းရာ၌ တိကျမှုမရှိလျှင်အင်္ဂလိပ်အက္ခရာဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ရေးသွင်းဖော်ပြနိုင်သည်။

၁၂။ သက်ဆိုင်ရာမဲစာရင်းတွင် ပါဝင်သူမဲဆန္ဒရှင်တစ်ဦးသည် မဲစာရင်းတစ်ခုခုတွင် ပါဝင်သူတစ်ဦး ဦးကို ကန့်ကွက်လိုပါက သတ်မှတ်ပုံစံဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

02/D/Law/MCDC election 23-1-15(6)

၁၃။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကန့်ကွက်ခံရသူ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပေးခြင်းမရှိခဲ့လျှင် ကော်မရှင်သို့ ဆက်လက်တင်သွင်းနိုင်သည်။ ကော်မရှင်၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

၁၄။ ဆန္ဒမဲပေးချိန်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကန့်ကွက်လွှာအပေါ် အပြီးအပြတ်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် မဲစာရင်းတွင်အမည်ပါရှိပြီးဖြစ်သောသူအား မဲမပေးရဟု တားမြစ်ခွင့်မရှိစေရ။ ထိုသူပေးပြီးသောဆန္ဒမဲသည် တရားဝင်ဖြစ်စေရမည်။

## အခန်း(၅)
## မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ကြေညာခြင်း

၁၅။ ကော်မရှင်သည် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မြို့တော်နယ်နိမိတ်အတွင်းရှိ စည်ပင်သာယာမြို့နယ်တစ်မြို့နယ်လျှင် မြို့နယ်မဲဆန္ဒနယ်တစ်နယ်အဖြစ် ကော်မတီနှင့်ညှိနှိုင်းသတ်မှတ်ရမည်။

၁၆။ ဤနည်းဥပဒေများ နည်းဥပဒေ ၁၅ အရ သတ်မှတ်သော မဲဆန္ဒနယ်သည် ကော်မတီသက်တမ်းတစ်ခုအတွက်သာဖြစ်သည်။

## အခန်း(၆)
## ကော်မတီဝင်လောင်းအမည်စာရင်းတင်သွင်းလွှာနှင့်အတူပေးသွင်းသော ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

၁၇။ ကော်မတီဝင်လောင်းအမည်စာရင်းတင်သွင်းလိုသူသည်-

(က) မှတ်ပုံတင်ကြေးကျပ် သုံးသိန်း ကို သတ်မှတ်ထားသည့် ငွေစာရင်းခေါင်းစဉ်ဖြင့် ဘဏ်သို့ ငွေပေးသွင်း၍ ငွေပေးသွင်းပြီးကြောင်း ချလံမူရင်းကို အမည်စာရင်းတင်သွင်းလွှာနှင့် အတူတင်သွင်းရမည်။

(ခ) အမည်စာရင်းတင်သွင်းရန်သတ်မှတ်ထားသော နောက်ဆုံးနေ့ရက်နှင့်အချိန်မတိုင်မီ သတ်မှတ်ထားသောရုံးချိန်အတွင်း မိမိကိုယ်တိုင်ဖြစ်စေ၊ အမည်စာရင်းတင်သွင်းလွှာပါ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ အမည်စာရင်းတင်သွင်းလွှာကိုတင်သွင်းရမည်။

(ဂ) ကော်မတီဝင်လောင်းအသီးသီးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်အတွင်းရှိ မဲရုံအသီးသီး၌ မိမိကိုယ်စားဆောင်ရွက်နိုင်ရန် မဲရုံအရေအတွက်အလိုက် မဲရုံကိုယ်စားလှယ်တစ်ဦးစီကို သတ်မှတ်ထားသည့်အတိုင်း ခန့်ထားနိုင်သည်။ ယင်းမဲရုံကိုယ်စားလှယ်သည် မဲစာရင်းတစ်ခုခုတွင်ပါရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဖြစ်စေရမည်။

(ဃ) ဥပဒေနှင့် ဤနည်းဥပဒေများအရ ကော်မတီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့်ပြည့်စုံသူကိုသာလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားရမည်။

(င) အကြောင်းတစ်စုံတစ်ရာကြောင့် ကိုယ်စားလှယ်ပြောင်းလဲပါက ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏အမည်ကို သတ်မှတ်ထားသည့်ပုံစံဖြင့် ထပ်မံတင်သွင်းနိုင်သည်။

02/D/Law/MCDC election 23-1-15(7)

၁၈။ ကော်မတီဝင်လောင်းတစ်ဦးသည် မိမိအမည်စာရင်းတင်သွင်းလွှာတွင် အပြည့်အစုံဖြည့်သွင်းထားခြင်းမရှိလျှင်လည်းကောင်း၊ ပူးတွဲပါရှိမည့် စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲထားခြင်းမရှိလျှင်လည်းကောင်း ယင်းအမည်စာရင်းတင်သွင်းလွှာကို ကော်မရှင်ကငြင်းပယ်နိုင်သည်။

၁၉။ ကော်မတီဝင်လောင်း အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကို အပယ်ခံရလျှင်ဖြစ်စေ၊ ရွေးကောက်ပွဲစတင်မကျင်းပမီကွယ်လွန်လျှင်ဖြစ်စေ အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပေးသွင်းခဲ့သောမှတ်ပုံတင်ကြေးကို ယင်းအား သို့မဟုတ် ယင်း၏ကိုယ်စားလှယ်အား ကော်မရှင်မှပြန်လည်ထုတ်ပေးရမည်။ ထိုအခါ ကော်မရှင်က ယင်းအား မှတ်ပုံတင်ကြေးထုတ်ယူရန် အကြောင်းကြားပြီး (၃)လအတွင်း၌ လာရောက်ထုတ်ယူရမည်။ ထုတ်ယူခြင်းမရှိပါက ကော်မတီပိုင်ရန်ပုံငွေအဖြစ်သိမ်းယူရမည်။

၂၀။ ဤနည်းဥပဒေများ နည်းဥပဒေ ၁၉ တွင် ပြဋ္ဌာန်းထားချက်မှအပ ကော်မတီဝင်လောင်း အမည်စာရင်းတင်သွင်းထားသူတစ်ဦးဦးပေးသွင်းခဲ့သော ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေးကို ယင်းအား သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အား ကော်မရှင်ကမည်သည့်အကြောင်းကြောင့်မှ ပြန်လည်ထုတ်ပေးမည်မဟုတ်။

၂၁။ ကော်မတီဝင်လောင်းတစ်ဦးသည် မိမိ၏အမည်စာရင်းတင်သွင်းလွှာကို မိမိဆန္ဒအလျောက်ရုပ်သိမ်းလိုလျှင် ရုပ်သိမ်းလွှာကို ကော်မရှင်သို့ ကိုယ်တိုင်တင်ပြရမည်။

၂၂။ အဆိုပါရုပ်သိမ်းလွှာကို ကော်မရှင်ကလက်ခံပြီး အများပြည်သူသိရှိနိုင်စေရန် ကြေညာချက်ထုတ်ပြန်ရမည်။

## အခန်း(၇)

## ကော်မတီဝင်လောင်းများ၏ အမည်စာရင်းကို စိစစ်ခြင်းနှင့် အတည်ပြုခြင်း

၂၃။ ကော်မတီဝင်လောင်းအမည်စာရင်းတင်သွင်းထားသူ ကော်မတီဝင်လောင်းအား ဥပဒေပါ ကော်မတီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသူအဖြစ် ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသူမဟုတ်ဟု ကော်မရှင်သို့ ကန့်ကွက်တင်ပြလာလျှင် အဆိုပါကန့်ကွက်သူက ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ သက်သေအထောက်အထားထင်ရှားအောင်တင်ပြရမည်။ သက်သေတင်ပြနိုင်ခြင်းမရှိပါက ကန့်ကွက်လွှာကိုပယ်ရမည်။

၂၄။ ကော်မရှင်သည် အမည်စာရင်းတင်သွင်းလွှာနှင့် ကန့်ကွက်လွှာကိုလက်ခံလျှင် လက်ခံကြောင်း၊ ပယ်လျှင်ပယ်ကြောင်း အကျိုးအကြောင်းအကျဉ်းချုပ်ဖော်ပြ၍ မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကလက်မှတ်ထိုးရမည်။

၂၅။ ကော်မရှင်သည် သတ်မှတ်ထားသောနေ့တွင် ကော်မတီဝင်လောင်းများ၏အမည်စာရင်းတင်သွင်းလွှာနှင့် ယင်းတို့ကိုကန့်ကွက်လွှာများ စိစစ်ဆောင်ရွက်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းအားလုံးပြီးပြတ်အောင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ကော်မရှင်သည်-

(က) ရွေးချယ်ခံမည့် ကော်မတီဝင်လောင်း အမည်စာရင်းတင်သွင်းသူများအား သတ်မှတ်အရည်အချင်းနှင့် ညီညွတ်မှုရှိ မရှိကို ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား စစ်ဆေးစေနိုင်သည်၊

02/D/Law/MCDC election 23-1-15(8)

(ခ) နည်းဥပဒေခွဲ(က) စစ်ဆေးတွေ့ရှိချက်အရ ကော်မတီဝင်လောင်းအရည်အချင်းနှင့် ပြည့်စုံသူအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည့် ကော်မတီဝင်လောင်းများအဖြစ် စာရင်းပြုစု၍ မှတ်ပုံတင်ထားရှိရမည်၊

(ဂ) နည်းဥပဒေခွဲ(က)နှင့်လက်ခံရရှိထားသောကန့်ကွက်လွှာတို့အပေါ် စစ်ဆေးတွေ့ရှိချက်အရ ကော်မတီဝင်လောင်းအရည်အချင်းနှင့် မပြည့်စုံသူများ၏ အမည်စာရင်းကို ပြုစုရမည်၊

(ဃ) နည်းဥပဒေခွဲ(ဂ)ပါ အရည်အချင်းမပြည့်စုံသည့် ကော်မတီဝင်လောင်းများသည် မည်သည့်အကြောင်းအချက်ကြောင့် ကော်မတီဝင်လောင်းအရည်အချင်းပျက်ယွင်းသည်ကို မှတ်တမ်း တင်ထားရမည်၊

(င) စာရင်းများကိုသိရှိနိုင်စေရန် ကြေညာရမည်။

၂၆။ ကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အပေါ် ကော်မတီဝင်လောင်းအမည်စာရင်း တင်သွင်းထားသူက ကျေနပ်မှုမရှိလျှင်-

(က) ကော်မတီဝင်လောင်း အမည်စာရင်းထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၁၀ ရက်အတွင်းကော်မရှင်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ခ) အဆိုပါတင်ပြသည့်ကိစ္စများတွင် ကော်မရှင်ကသတ်မှတ်ကာလအတွင်း စိစစ်ပေးရမည်၊

(ဂ) ကော်မရှင်သည် စစ်ဆေးမည့်အကြောင်းအရာများအား အထောက်အကူဖြစ်စေမည့် အချက်အလက်များကို တိကျစွာစုံစမ်းဖော်ထုတ်ပေးရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ ညွှန်ကြားနိုင်သည်၊

(ဃ) ကော်မတီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြနိုင်ခွင့်ရှိသည်၊

(င) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် မိမိတို့၏ ဆုံးဖြတ်ချက်ပါရှိသော အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ဆောလျင်စွာ တင်သွင်းရမည်၊

(စ) ကော်မရှင်သည် အစီရင်ခံစာကိုစိစစ်၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

## အခန်း (၈)
## ဆန္ဒမဲပေးခြင်းနှင့် ဆန္ဒမဲရေတွက်ခြင်း

၂၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေးအတွက် သတ်မှတ်မဲပေးချိန်အတွင်း မဲဆန္ဒရှင်များအားလုံးမဲပေးနိုင်ရေးနှင့် လျှို့ဝှက်ဆန္ဒပြုနိုင်ရေးတို့ကိုရှေးရှု၍ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရမည့်ဦးရေနှင့် မဲရုံအရေအတွက်ကို လိုအပ်သလိုသတ်မှတ်နိုင်သည်။

၁၈။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲရုံများကိုကြီးကြပ်ကွပ်ကဲရန် သင့်လျော်သူများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ကော်မရှင်၏ အတည်ပြုချက်ရယူ၍ ခန့်အပ်နိုင်သည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ယင်းမဲရုံမဲစာရင်းတွင်ပါဝင်သည့် အများယုံကြည်လေးစားခြင်းခံရသောဒေသခံများဖြင့် ကော်မရှင်က သတ်မှတ်သည့် ဦးရေအတွင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၉။ မကျန်းမာသောကြောင့်လည်းကောင်း၊ မလွှဲမရှောင်သာသည့် အကြောင်းကြောင့်သော်လည်းကောင်း မဲရုံမှူးသည် ဆန္ဒမဲပေးသည့်နေ့တွင် တာဝန်မထမ်းဆောင်နိုင်ပါက ဒုတိယမဲရုံမှူးက မဲရုံမှူးတာဝန်ထမ်းဆောင်ရမည်။ ဒုတိယမဲရုံမှူးကပါ ပျက်ကွက်မှုရှိခဲ့သော် မဲရုံအဖွဲ့ကိုဖွဲ့စည်းစဉ်ကသတ်မှတ်ထားသည့် ဦးစားပေးအစဉ်အတိုင်း ဆင့်ကဲဆင့်ကဲ တာဝန်ထမ်းဆောင်ရမည်။ ထို့အတူလိုအပ်နေသည့် မဲရုံအဖွဲ့ဝင်နေရာ အစားထိုးခန့်ထားခြင်းကိုလည်း ဤနည်းဥပဒေများ နည်းဥပဒေ ၁၈ ပါ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ချက်အကျဉ်းချုပ်ကို ကော်မရှင်အဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၂၀။ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ ဆန္ဒမဲပေးနိုင်ရန် နံနက်(၇)နာရီမှ ညနေ(၄)နာရီထိ မဲရုံကို ဖွင့်လှစ်ထားရှိရမည်။ သို့ရာတွင် ညနေ(၄)နာရီမတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံကိုပိတ်ရမည်။

၂၁။ မဲရုံမှူးသည် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောအချိန်စေ့ရောက်သောအခါ သာမန်အားဖြင့် မဲရုံကို ပိတ်ရမည်ဖြစ်သော်လည်း မဲရုံမပိတ်မီ မဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန်ရောက်ရှိနေသော ဆန္ဒမဲမပေးရသေးသူများရှိပါက စာရင်းကောက်ယူပြီး ထိုသူများအား ဆန္ဒမဲပေးချိန်ကျော်လွန်ပြီးဖြစ်စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်။

၂၂။ မဲစာရင်းတွင်ပါရှိသူများကိုယ်တိုင် ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရ။

၂၃။ မဲရုံမှူးသည် ဆန္ဒမဲပေးခြင်းမစတင်မီ ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့ဝင်များနှင့် သက်သေများ၏ ရှေ့မှောက်တွင်ရေတွက်၍ သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားရမည်။ ထို့နောက် မဲပုံးအလွတ်များကို မဲရုံ၌ရှိသော မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် သက်သေများအပါအဝင် မဲရုံ၌ရှိသူများအားပြသပြီး မဲရုံအတွင်း မဲရုံမှူးမြင်နိုင်သောနေရာ၌ ထားရှိရမည်။

၂၄။ ဆန္ဒမဲစတင်ပေးသည့်အချိန်မှစ၍ ဆန္ဒမဲပေးခြင်းပြီးဆုံးသည့်အချိန်အတွင်း မဲရုံထဲသို့ အောက်ပါ ပုဂ္ဂိုလ်များမှအပ အခြားမည်သူမျှမဝင်ရ-

(က) မဲရုံအဖွဲ့ဝင်များ

(ခ) ဆန္ဒမဲပေးမည့်သူများ

(ဂ) တာဝန်ကျရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန်ပေးအပ်ခံရသူများ

02/D/Law/MCDC election 23-1-15(10)

(ဃ) နည်းဥပဒေ ၃၆ အရခွင့်ပြုထားသူများ

(င) ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲဝင်များ

၃၅။ မဲရုံမှူး သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်သည်-

(က) ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးသူအားထုတ်မပေးမီ မဲစာရင်းပါဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ အမည်နှင့်မဲစာရင်းအမှတ်တို့မှန်ကန်ပါက ထိုသူအားလက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မလက်ဗွေနှိပ်ခြင်းပြုစေပြီးနောက် ဆန္ဒမဲလက်မှတ်ကို ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ဆန္ဒမဲလက်မှတ်ရရှိသည့် ဆန္ဒမဲပေးသူသည် လျှို့ဝှက်ဆန္ဒပြုအခန်း တွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိဆန္ဒမဲပေးလိုသော ကော်မတီဝင်လောင်း၏ အမည်နှင့် တည့်တည့်တွင်ယှဉ်တွဲလျက်ရှိသော လေးထောင့်ကွက်အတွင်း၌ အမှန်(✔) အမှတ်အသားပြုရမည်၊ ထို့နောက် မိမိဆန္ဒပြုထားသည်ကို သူတစ်ပါးမမြင်နိုင်စေရန် ဆန္ဒမဲလက်မှတ် ကိုခေါက်၍ သတ်မှတ်ထားသည့် မဲပုံးအတွင်းသို့ထည့်ရမည်။ မဲပုံးထဲသို့ ထည့်ရမည့် ဆန္ဒမဲလက်မှတ်တွင် မဲရုံမှူး၏ လက်မှတ်နှင့်ဆန္ဒမဲလက်မှတ်ပါ လေးထောင့် အကွက်အတွင်း၌ မဲဆန္ဒရှင် ဆန္ဒပြုထားသော အမှတ်အသားတို့မှတစ်ပါး အခြားမည်သည့် အမှတ်အသားမျှ မပါဝင်စေရ။

၃၆။ ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ညွှန်ကြားထား သည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း၊ မျက်မမြင်ဖြစ်လျှင်လည်းကောင်း၊ သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမအရင်း တစ်ဦးဦးသည် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း သတ်မှတ်ထားသည့်နေရာတွင် ဆန္ဒမဲလက်မှတ်၌ လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်များကိုယ်စား ဆောင်ရွက် ပေးရမည်။ ထို့နောက် ဆန္ဒမဲပေးသူအား ထိုဆန္ဒမဲလက်မှတ်ကိုခေါက်၍ မဲပုံးထဲသို့ ကိုယ်တိုင်ထည့်စေ ရမည်။

၃၇။ မဲရုံသို့လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်နိုင်ခြင်းမရှိလျှင် မဲရုံအဖွဲ့ဝင်များသည် ထိုသူအား ဆန္ဒမဲထည့်နိုင် စေရန် ကူညီရမည်။

၃၈။ ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ သတ်မှတ်ထားသောနေရာတွင် သဘာဝဘေး အန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းမပြု နိုင်ပါက မဲရုံမှူးသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှတဆင့် ကော်မရှင်သို့ ချက်ချင်းအကြောင်းကြား ရမည်။

၃၉။ မဲရုံမှူးသည် မဲပေးချိန်အတွင်း ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရမည့်အခြေအနေဖြစ်ပါက-

(က) မဲပုံးကို မိမိချိပ်တံဆိပ်ခတ်နှိပ်၍ ပိတ်ရမည်။

(ခ) ယင်းမဲပုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအနက် လိုက်ပါနိုင်သူတို့နှင့်အတူ သယ်ဆောင်ရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကော်မတီဝင် ကိုယ်စားလှယ်လောင်းများ၊ မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များ ရှေ့မှောက်တွင် မဲပုံးကိုဖွင့်၍ ဆန္ဒမဲများကိုရေတွက်ရမည်။

၄၀။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဤနည်းဥပဒေများ နည်းဥပဒေ ၃၉ (ဂ)အရ ဆန္ဒမဲရေတွက်ပြီးနောက် သတ်မှတ်ပုံစံများတွင်ရေးသွင်းပြီး သက်ဆိုင်ရာ ကော်မတီဝင်လောင်း သို့မဟုတ် ၎င်းတို့၏သက်သေများ၊ မဲရုံကိုယ်စားလှယ်များအား မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေပြီး ချိပ်ပိတ်ကာ ကော်မရှင်သို့ ပေးပို့ရမည်။

၄၁။ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဤနည်းဥပဒေများ နည်းဥပဒေ ၃၈ အရ သတ်မှတ်သောနေ့ရက်နှင့် နေရာ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဤနည်းဥပဒေများ နည်းဥပဒေ ၃၉ အရ ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရသည့်အခါတွင်ဖြစ်စေ ယင်းသို့ဖြစ်ပေါ်ရသည့် အကြောင်းအရင်းကိုဖော်ပြပြီး မည်သည့်နေ့ရက်တွင် ဆန္ဒမဲပေးခြင်းကိုကျင်းပသင့်ကြောင်း သို့မဟုတ် ဆက်လက်ဆန္ဒမဲပေးစေရန် သို့မဟုတ် အသစ်တစ်ဖန်ဆန္ဒမဲပေးစေရန်သင့်ကြောင်းကို ကော်မရှင်သို့ အစီရင်ခံရမည်။

၄၂။ ကော်မရှင်သည် အစီရင်ခံစာရရှိသည့်အခါ ဆက်လက်ဆန္ဒမဲပေးစေရန် သို့မဟုတ် အသစ်တစ်ဖန် ဆန္ဒမဲပေးစေရန် သို့မဟုတ် ဆန္ဒမဲပေးခြင်းကို ထပ်မံမပြုလုပ်ရန် ညွှန်ကြားနိုင်သည်။

၄၃။ မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆန္ဒမဲရေတွက်ရာနေရာတွင် မဲရုံကိုယ်စားလှယ်များအပါအဝင် သက်သေအနည်းဆုံး ၅ ဦး၏ရှေ့မှောက်တွင် ဆောင်ရွက်ရမည်၊

(ခ) ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ် အရေအတွက်ကိုက်ညီမှု ရှိမရှိကို စစ်ဆေးရမည်။ ကိုက်ညီမှုမရှိပါက မှတ်တမ်းတင်၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ သို့ရာတွင် ဆန္ဒမဲရေတွက်ခြင်းကိုမူ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) အောက်ပါဆန္ဒမဲလက်မှတ်များကို ပယ်မဲအဖြစ်သတ်မှတ်ရမည်-

(၁) ကော်မရှင်ကအတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) ကော်မတီဝင်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ၊ မထင်ရှားသောဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးကဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

(ဃ) မဲရုံမှူးကပယ်သည့် ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဥ်း၍ ပယ်ရသည့်အကြောင်းကို သတ်မှတ်သည့်ပုံစံတွင် မှတ်တမ်းတင်ပြီး လက်မှတ်ရေးထိုးရမည်၊

(င) ဆန္ဒမဲလက်မှတ်တစ်ခု ခိုင်လုံသည်၊ မခိုင်လုံသည်ကို သက်ဆိုင်ရာမဲရုံမှူးက ဆုံးဖြတ်ရမည်။

## အခန်း(၉)
## ကတိသစ္စာပြုခြင်း

၄၄။ ကော်မတီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ကော်မတီဝင်လောင်းများသည် အောက်ပါအတိုင်းကတိသစ္စာပြုရမည်-

"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် (ကော်မတီဝင်အဖြစ်) ရွေးကောက်ခံရပြီး ဖြစ်သဖြင့်

ကျွန်ုပ် -------------- သည် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကော်မတီဝင်တာဝန်ဝတ္တရားများကို ရိုးသားဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဖြစ်ပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သောတာဝန်များကို မန္တလေးမြို့တော်နှင့် မြို့တော်နေပြည်သူလူထု အတွက်ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ပါကြောင်း၊ လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

## အခန်း(၁၀)
## အထွေထွေ

၄၅။ ကော်မတီသည် ကော်မတီဝင်များ၏ ထမ်းဆောင်ရသည့်အဆင့်တာဝန်အလိုက် ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်တို့အတွက် ကုန်ကျငွေများကို ကော်မတီရန်ပုံငွေမှကျခံ သုံးစွဲရမည်။

၄၆။ ကော်မတီသည် ဤနည်းဥပဒေများ နည်းဥပဒေ ၄၅ ပါ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များကို အစိုးရအဖွဲ့သို့ အဆိုပြုတင်ပြပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ ကော်မရှင်သည် ရွေးကောက်ပွဲအတွက်အထွေထွေကုန်ကျစရိတ်ကို ခန့်မှန်းတွက်ချက်၍ ကော်မတီသို့ တင်ပြတောင်းခံရမည်။ ကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်များကို သတ်မှတ်ထုတ်ပေးရမည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ကော်မရှင်ကသတ်မှတ်ပေးသည့် ခွင့်ပြုငွေအပေါ်သုံးစွဲမှုအား စနစ်တကျစာရင်းပြုစု၍ ကော်မရှင်သို့ပြန်လည်တင်ပြရမည်။ ကော်မရှင်သည်ငွေစာရင်းရှင်းတမ်းကိုပြုစု၍ ကော်မတီသို့ပြန်လည်တင်ပြရမည်။

၄၈။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပပြီးမြောက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများထံမှ လိုအပ်သည့်အကူအညီများကိုရယူနိုင်သည်။

02/D/Law/MCDC election 23-1-15(13)

၄၉။ ကော်မရှင်သည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် လိုအပ်သောရုံးတံဆိပ်များကို သတ်မှတ်နိုင်သည်။

၅၀။ ဤနည်းဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ပါက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအား ဆီလျော်သလိုလိုက်နာကျင့်သုံးရမည်။

၅၁။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သူများသည် မည်သည့်နိုင်ငံရေး ပါတီဝင်မျှမဖြစ်စေရ။

၅၂။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ရုံးလုပ်ငန်းကိစ္စအဝဝအဆင်ပြေစွာဆောင်ရွက်နိုင်ရန် အတွက် ကော်မတီက ကူညီဆောင်ရွက်ပေးရမည်။

၅၃။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကော်မတီဝင်လောင်းအမည်စာရင်းအား စိစစ်ပြီး နောက် ဝင်ရောက်ရွေးကောက်ယှဉ်ပြိုင်ရန် သတ်မှတ်အရည်အချင်းပြည့်မီ၍ မှတ်ပုံတင်ခွင့်ပြုခံရသူ ကော်မတီဝင်လောင်းသည် သတ်မှတ်တစ်နေရာအတွက် တစ်ဦးတည်းသာ ကော်မတီဝင်လောင်းအမည် စာရင်းပေါ်ပေါက်ပါက ယင်းသတ်မှတ်နေရာအတွက် ရွေးကောက်ပွဲကျင်းပခြင်းမပြုဘဲ အဆိုပါ ကော်မတီဝင်လောင်းကို ရွေးကောက်တင်မြှောက်ခံရသူ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ရမည်။

၅၄။ ကော်မတီသည် ခန့်အပ်ကော်မတီဝင်များနှင့်ပတ်သက်သည့်ကိစ္စရပ်များကို သီးခြားညွှန်ကြားချက် များထုတ်ပြန်နိုင်သည်။

၅၅။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မတီသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ပုံ) အောင်မောင်း

ဝန်ကြီး

စည်ပင်သာယာရေးဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

02/D/Law/MCDC election 23-1-15(14)

# မန္တလေးတိုင်းဒေသကြီးအစိုးရ

# မန္တလေးမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

02/D/Law/MCDC election 23-1-15(15)

**မန္တလေးတိုင်းဒေသကြီးအစိုးရ**

**စည်ပင်သာယာရေးဝန်ကြီးဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ**

**မာတိကာ**


| စဉ် | | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|---|
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၂။ | အခန်း(၂) | ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း | ၃ | - |
| ၃။ | အခန်း(၃) | ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများ၏တာဝန်များ | ၃ | ၅ |
| ၄။ | အခန်း(၄) | မဲစာရင်းများပြုစုခြင်း | ၅ | ၇ |
| ၅။ | အခန်း(၅) | မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ကြေညာခြင်း | ၇ | - |
| ၆။ | အခန်း(၆) | ကော်မတီဝင်လောင်းအမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပေးသွင်းသောရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေးနှင့် စပ်လျဉ်း၍ဆောင်ရွက်ခြင်း | ၇ | ၈ |
| ၇။ | အခန်း(၇) | ကော်မတီဝင်လောင်းများ၏ အမည်စာရင်းကိုစိစစ်ခြင်းနှင့် အတည်ပြုခြင်း | ၈ | ၉ |
| ၈။ | အခန်း(၈) | ဆန္ဒမဲပေးခြင်းနှင့် ဆန္ဒမဲရေတွက်ခြင်း | ၉ | ၁၃ |
| ၉။ | အခန်း(၉) | ကတိသစ္စာပြုခြင်း | ၁၃ | - |
| ၁၀။ | အခန်း(၁၀) | အထွေထွေ | ၁၃ | ၁၄ |


02/D/Law/MCDC election 23-1-15(16)